
www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ပဥ္စ ဂုဏံ အာဏံ ဂန္ဓာမိ

တြိစက္က

# နှင်းတာလိုက်နှင့် တိမ်တိုက်ကမှောင်


| | | |
|---|---|---|
| အဖုံးခွင့်ပြုချက် | * | ၅၃၂/၂၀၀၃ (၅) |
| စာမူခွင့်ပြုချက်အမှတ် | * | ၄၉၇/၂၀၀၃ (၄) |
| ပထမအကြိမ် | * | ၂၀၀၃၊ ဩဂုတ်လ |
| အုပ်ရေ | * | ၅၀၀ |
| တန်ဖိုး | * | ၅၅၀ ကျပ် |
| အဖုံးနှင့်အတွင်းပုံနှိပ် | * | ဒေါ်မြင့်မြင့်တင် (မြင့်သီရိပုံနှိပ်<br>အမှတ် ၂၀၈၊ လမ်း ၃၀၊ ရန် |
| ထုတ်ဝေသူ | * | ဦးတင့်လွင် (သော်ကစာပေ)<br>အမှတ် ၆၀၅၊ သုဓမ္မာလမ်း<br>မြောက်ဥက္ကလာပ ရန်ကုန်။ |
| ဖြန့်ချိရေး | * | **မြိုတ်** (စာပေ)<br>အမှတ် (၁၉၀) ၃၁ လမ်း<br>ပန်းဘဲတန်း ရန်ကုန်မြို့။ |
| စီစဉ်သူ | * | ကိုလှနိုင် (မြိုတ်) |

အထက်မြန်မာပြည်ဖြန့်ချိရေး - နဂါးစာပေ၊ မန္တလေး
ထွန်းဦးစာပေ၊ မန္တလေး


BURMESE CLASSIC .com



# နှင်းတာလိုက်နှင့် တိမ်တိုက်ကမှောင်

မြိုတ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

ခါကာဘိုရာဇီတောင်ပေါ်တွင် နှင်းများက ခါတိုင်းထက် ကျနေသည်။

ပဏ်ဝန်းကျင်တဝိုက် မှုန်မှိုင်းအုံ့ဆိုင်းလျက်ရှိသည်။ နှင်းများက အဆုပ်လိုက် အခဲလိုက် ကျနေရာ အချို့နေရာများတွင် နှင်းခဲကြီးများ ပုံလျက်ရှိသည်။

အချို့နေရာများတွင် သစ်ပင်ကြီးများ၏ ပင်ခြေမြုပ်အောင် နှင်းဖုံးလွှမ်းလျက်ရှိသည်။

အဝေးမှလှမ်းမျှော်ကြည့်လိုက်ရင်တော့ ခါကာဘိုရာဇီတောင်တပြင်လုံး နှင်းသင်တိုင်း လွှမ်းခြုံထားလျက် ဖွေးဖွေးဖြူလျက်ရှိနေတော့သည်။



BURMESE CLASSIC .com



ထိုမျှ ရာသီဥတု ဆိုးဝါးနေသော ခါကာဘိုရာဇီတောင်၏ တစ်နေရာတွင် တစ်စုံတစ်ယောက် ရှိနေသည်။ သူကတော့ မုဆိုးကျော်ဘာ။

သူသည် ဒူးလေးကို အသင့်ကိုင်ကာ တစ်စုံတစ်ခုကို သဲကြီးမဲကြီး စောင့်နေခြင်းဖြစ်သည်။

သူ့စိတ်ထဲမှာ " ငါအခုနေ ကတိုးနီတစ်ကောင်လောက်များ ရလိုက်ရင် ဆင်းရဲတွင်းကလွတ်ပြီ . . . ၊ ဒီနေရာမှာ ကတိုးနီရှိနေတာကတော့ အသေအချာပဲ၊ မနေ့က နှင်းတောထဲမှာဖြတ်သွားတဲ့ ကတိုးနီတွေကို ငါ အသေအချာကို တွေ့လိုက်ရတာပဲ . . . ၊

ဒီကောင်တွေ ဝါးမျှစ်နုတွေ ထွက်နေတဲ့ ဒီနေရာကို လာကြမှာပဲ . . . ၊

ဘာဖြစ်လို့လဲဆိုတော့ ကတိုးဆိုတဲ့ သတ္တဝါမျိုးက ဝါးမျှစ်နုလေးတွေဆို သိပ်ကြိုက်ကြတာ . . . ၊

အဲဟင်းဟင်း - အခုနေများတွေ့လို့ကတော့ ငါ့လက်



www.burmeseclassic.com

www.burmeseclassic.com



ချက်နဲ့ တွေ့ပြီပေါ့ကွာ . . .၊

အခုနေများ ကတိုးနီတစ်ကောင်များ ရလိုက်လို့ ကတော့ ကျော်ဘတို့တော့ ချမ်းသာပြီ . . . ."

ကိုယ့်အတွေးနှင့်ကိုယ် ပီတိဖြစ်နေစဉ် သူနှင့်မလှမ်းမကမ်း နှင်းတောထဲမှာ ရိပ်ကနဲဖြတ်သွားသော အနီရောင်သန်းနေသည့် သတ္တဝါနှစ်ကောင်ကို လှမ်းမြင်လိုက်သည်။

" ဟော . . . . ကတိုးနီတွေရောက်လာပြီ . . . "

ကျော်ဘ ဒူးလေးကို အသာမ,ယူပြီး ထိုနေရာနှင့် နီးနိုင်သမျှ **နီးအောင်** ရွေ့သွားသည်။

**သူနှင့်မလှမ်း**မကမ်း နှင်းတောထဲမှာ အနီရောင်သန်းနေသော **သတ္တဝါနှစ်**ကောင် လှုပ်ရှားသွားနေသည်ကို မသဲမကွဲ လှမ်းမြင်နေရသည်။

" ကတိုးအထီးကောင်ကို ရအောင်ပစ်မှဖြစ်မယ် "

ကိုယ့်ဇောနှင့်ကိုယ် ရှိနေသောကျော်ဘမှာ နောက်ဖက်မှ မသဲမကွဲပေါ်လာသော အသံ**တစ်သံ**ကို သတိပြုမိလိုက်သည်"





နားစွင့်ကြည့်လိုက်တော့ **နှင်းကျ**သံ တဖျောက်ဖျောက်မှ တစ်ပါး အခြား**အသံကို မကြားရပေ။**

ကျော်ဘ**ရှေ့ကိုကြည့်လိုက်တော့** သူ့ရှေ့မှ စောစောက လှုပ်ရှားသွားနေသော **အနီရောင်သတ္တဝါ**နှစ်ကောင်ကို မတွေ့တော့။

" ဘယ်ရောက်သွားပါလိမ့် "

ကျော်ဘ ကိုယ်ဇောနှင့်ကိုယ် လိုက်လံရှာဖွေနေစဉ် သူ့နောက်ကျော်ဘက်မှ နှင်းတောထဲနင်းလျှောက်လာသော ခြေသံ**တစ်သံ**ကို သူ သတိမပြုမိတော့ပေ။

ထိုအခိုက် . . . .၊

သူနှင့်မလှမ်းမကမ်း ဝါးရုံတောနံဘေးမှ အနီရောင် သတ္တဝါနှစ်ကောင်ကို လှမ်းမြင်လိုက်သည်။

" ဟုတ်ပြီ - ဒါ **ကတိုးနီတွေ**ပဲ . . . နှင်းတောထဲမှာဆိုတော့ ဘယ်ဟာအထီး၊ ဘယ်ဟာအမ ခွဲခြားဖို့**မလွယ်ဘူး။** နှစ်ကောင်စလုံး ရအောင်ပစ်မှဖြစ်မယ် . . . "



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



**ထိုသို့စိတ်ကူးပြီး** ဒူးလေးနှင့် အဆိပ်လူးမြားနှစ်ချောင်းကို အသင့်ပြင်ကာ သတ္တဝါများနှင့် နီးနိုင်သမျှ နီးအောင်တိုးကပ်သွားစဉ် . . . . .

သူ့နောက်မှခြေသံကလည်း နီးသထက်နီးလာပြီ။ ဒါပေမယ့် လောဘဇောကြောင့် နှင်းကျသံနှင့် ရောနေသော ခြေသံကို ကျော်ဘမကြားမိပေ . . .။ သတိမထားမိပေ . . .။

ရှေ့မှသတ္တဝါနှစ်ကောင်နှင့် နီးနိုင်သမျှ နီးအောင်တိုးကပ်သွားကာ ဒူးလေးကို မောင်းဆွဲတင်ပြီး အဆိပ်လူးမြားတင်လိုက်သည်။

ထို့နောက် ရှေ့မှ အစာစားနေသော သတ္တဝါဆိသို့ မြားတံကို ကည့်မတ်စွာချိန်လိုက်စဉ် သူ့နောက်ဘက်မှ အရိပ်မည်းကြီး ထိုးကျလာသည်။

ကျော်ဘ အလန့်တကြား လှည့်ကြည့်လိုက်သည် ကြောက်မတ်ဖွယ်ကောင်းသော မျက်နှာကြီးတစ်ခုကို တွေ့လိုက်ရပြီးနောက်တွင် သူ့အတွက်အချိန်များစွာ နောက်ကျသွားခဲ့ပြီ



BURMESE CLASSIC .com



" အား "

ကျယ်လောင်စွာ အော်ဟစ်လိုက်သံနှင့်အတူ အနီရောင်သတ္တဝါလေးနှစ်ကောင် နှင်းတောထဲမှာ ပျောက်သွားပြီး ဝါးရုံတောအေးမှဝတ်ဖြူစင်ကြယ်နှင့်အဖိုးအိုတစ်ဦးထွက်လာသည်။

နှင်းပြင်ပေါ်တွင် ရှုပ်ပျက်ဆင်းပျက်အသက်ပျောက်နေသော မုဆိုးကျော်ဘ အလောင်းကို ကြည့်ပြီး . . .၊

"အင်း လောဘသားတွေ. . လောဘသားတွေ. .၊ သူတို့ရဲ့ လောဘစိတ်တွေက သူတို့ရဲ့ အသက်ကို ဥပါဒ်ပေးတာဘဲ. . .

အော်. . . သံသရာတလျှောက်မှာ သူ့အသက်ငါသတ် ငါ့အသက်သူသတ်နဲ့ မမြဲနိုင်တဲ့ တရားတွေပါလား၊ သနာရတွေ၊ သနာရတွေ . . ."

ထိုသို့ရေရွတ်ပြီး နှင်းတောထဲ ဝင်ရောက်ပျောက်ကွယ်သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

**မယ်လန်းတစ်ယောက်** တောင်ပေါ်**ရောက်နေတာ သုံးရက်ရှိပြီ၊** ပါလာသော ရိက္ခာခြောက်များပင် ကုန်သလောက်ရှိသဖြင့် ချွေတာစားနေရသည်။

လမ်း၌တွေ့သော အခြားသားကောင်များကို **ပစ်ခတ်**ဖမ်းဆီးခြင်းမပြုဘဲ ကတိုးနီများနောက်ကိုသာ သဲကြီးမဲကြီး လိုက်နေခဲ့သည်။

**သူတွေ့ရပုံကလည်း** အဆန်းသား ၊

**အခြားသူများလို** ထင်ထင်ရှားရှားတွေ့ရသည် မဟုတ်၊ **နှင်းတောထဲမှာ** ရိပ်ကနဲ ရိပ်ကနဲဖြင့် ဟိုနေရာတွေ့လိုက်၊ ဒီနေရာတွေ့လိုက်နှင့် ပိုးတဝါးတွေ့နေရခြင်း ဖြစ်သည်။





ဒီနေရာမှာ တွေ့လိုက်ရရင် **ရိပ်ကနဲ**ပျောက်သွားပြီး နောက်တစ်နေရာမှာ **ရောက်သွားသည်။**

နောက်တစ်**နေရာမှာ** **[illegible]** ပျောက်သွားပြီး အခြားနေ**ရာမှာ** **[illegible]**

ဒီနေရာလိုက်၊ **ဟိုနေရာမှာပေါ်၊ ဟိုနေရာလိုက်** ဒီနေရာမှာပေါ် နှင့် ခါ**ကာဘိုရာဇီ [illegible] သုံးရက်**လုံး မယ်လန်းတစ်ယောက် **ချာလည်လည် နေခဲ့သည်။**

ထိုသို့လိုက်ရင်း တစ်နေ့တွင် နှင်းတောထဲမှာ ဂူဖာစ်ဂူ အနီးသို့ ရောက်သွားသည်။

မယ်လန်း ဂူအတွင်းဝင်ကြည့်တော့ အဲထဲမှာ ဝတ်ဖြူစင်ကြယ်နှင့် တရားထိုင်နေသော အဖိုးအိုတစ်ဦးကို တွေ့ရသည်။

" ဘာလာရှာတာလဲ ငါ့မြေး . . . "

" ကတိုးနီလာရှာတာပါ - ဒီအထဲဝင်လာတာ တွေ့မိသလား အဘ "

" **မတွေ့မိပါဘူးကွယ်. .** "



www.burmeseclassic.com

www.burmeseclassic.com



" ဒီအနားမှာတင် ပျောက်ပျောက်နေတယ် - လိုက်ရှာလိုက်ဦးမယ်အဘ "

လှည့်ထွက်မယ်လုပ်တော့ အဖိုးအိုက လှမ်းပြောသည်။

" ကတိုးနီဆက်မရှာဘဲ တောင်အောက်ပြန်ဆင်းသွားရင် ငါ့မြေးအတွက် ပိုကောင်းပါတယ် "

" ဟာ မဖြစ်ဘူး၊ ကတိုးနီမရဘဲ တောင်အောက်ပြန်ဆင်းသွားလို့ရှိရင် ကြိုးစားထားတာတွေ အလကားဖြစ်ကုန်မှာပေါ့ "

" ဘာဖြစ်လို့ တားတာလဲအဘ "

" အဘကတော့ ငါ့မြေးအခုနေ တောင်အောက်ပြန်ဆင်းသွားရင် အကောင်းဆုံးပဲလို့ သိတာကလွဲပြီး အခြားဘာမှ မသိပါဘူးကွယ် "

မယ်လန်းက မထေမဲ့မြင် တစ်ချက်ပြုံးလိုက်ပြီး ဒူးလေးကို ထမ်းကာ **ဂူအတွင်းမှ** ပြန်ထွက်လာသည်။ အပြင်ဘက်တွင် နှင်းတွေက **ဝေ့ဆိုင်းနေဆဲ** . . . ၊ -

မြိတ်စာပေ



သူထွက်လာတော့ မလှမ်းမကမ်းမှ ရိပ်ကနဲဖြတ်ပြေးသွားသော အနီရောင် ပုံရိပ်နှစ်ခုမှာ လျှင်မြန်လှသည်။ ဒီနေရာတွေ့လိုက် ပျောက်သွားလိုက်၊ အခြားနေရာမှာပေါ်လိုက်၊ ဖျက်ကနဲမြင်လိုက် ပျောက်သွားလိုက်ဖြစ်နေရာ ယ်လန်းမှာ ဒူးလေးထမ်း၍ အရှုးတစ်ယောက်လို ဟိုပြေးလိုက် ပြေးလိုက် ဖြစ်နေတော့သည်။

ခဏအကြာ တောင်စောင်းတစ်နေရာမှ ဂူပေါက်တစ်ခု ဝင်သွားသည်ဟု ထင်သဖြင့် ဝင်လိုက်သွားရာ အတွင်းရောက် တော့မှ သူ့အတွက် အန္တရာယ်ဆိုကြီးတစ်ခု ကြုံနေမှန်း သိလိုက် တော့သည်။

ကြောက်မတ်ဖွယ် ကောင်းသော မျက်နှာကြီးတစ်ခုကို င်လိုက်ရသဖြင့် နောက်ကြောင်းပြန်လှည့်ပြေးရန် ပြင်လိုက် သော်လည်း နောက်ကျသွားပေပြီ။

လက်မည်းကြီးတစ်ခုက သူ့ကို ဖမ်းဆွဲလိုက်ပြီးနောက်၊ ာက်ပါသွားသော မယ်လန်းကိုယ်ကို ဂူနံရံဖြင့် ရိုက်ချလိုက်သို

မြိတ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



**"အား"** ကနဲ အော်သံကြီးက **ဂူအတွင်း**အပြင်တဖိုက် ပဲ့တင်ထပ်သွားတော့သည်။

ထိုအချိန်တွင် မလှမ်းမကမ်း နှင်းတောထဲဆီမှ ကြေးစည်သံလေး တနောင်နောင် ထွက်ပေါ်လာတော့သည်။





*

**အခန်း (၃)**

ထိုသို့ . . . တောင်ပေါ်တက်၍ ကတိုးနီနောက်လိုက်ကြသော မုဆိုးတော်တော်များများ ပြန်လမ်းမရှိ ဖြစ်နေသောအခါ ရွာလူကြီး ဦးခွန်ဘရင်ကိုယ်တိုင် ခေါင်းခဲရတော့သည်။

မိမိရွာတွင်သာမက တောင်ပေါ်တက်မည့် မုဆိုးတို့အား ခေါ်ယူသတိပေးရတော့သည်။

" မင်းတို့ တောင်ပေါ်တက်ကြမည့်သူတွေကို သတိပေးချင်လို့ ခေါ်ရတာပဲ . . . ၊

သစ်ခွရှာတာပဲဖြစ်ဖြစ် ၊ ဆေးမြစ်ဆေးဥ ရှာတာပဲဖြစ်ဖြစ်၊ တောပစ်ထွက်မယ့်သူတွေအားလုံး သိထားဖို့က ဝိုရွာ



www.burmeseclassic.com

www.burmeseclassic.com

အပ်အခင့် အနီးဝန်းကျင်က မုဆိုးတွေ တောင်ပေါ်တက်တိုင်း အသေဆိုးနဲ့ သေကြတယ်၊

ဒီအကြောင်းတွေ မင်းတို့တတွေလဲ ကြားပြီးရောပေါ့"

" ကြားပါတယ် ဆလိုင်း "

" ဒီကိစ္စတွေကို ကြည့်ရင် တောင်ပေါ်တက်တဲ့ သူတိုင်းတော့ ဒီလိုဖြစ်တာမဟုတ်ဘူး၊ ပန်းရှာတဲ့သူတွေ ဆေးမြစ် ဆေးဥရှာတဲ့သူတွေ အခြား သားငါးရှာတဲ့လူတွေတော့ ဘာမှဖြစ်တယ်လို့ မကြားမိဘူး၊

ထူးခြားတာက အခုသေတဲ့သူတွေအားလုံး တိုက်တိုက် ဆိုင်ဆိုင် ကတိုးနီရှာတဲ့ သူတွေချည်း ဖြစ်နေတယ်၊ ကတိုးနီ ရှာဖို့တက်သွားတဲ့သူတိုင်း ပြန်လမ်းမရှိတဲ့ဘဝကို ရောက်နေ ကြတယ် -

ဒါဟာ တိုက်ဆိုင်မှုတစ်ခုဆိုရင်လဲ အတော်ထူးဆန်းတဲ့ တိုက်ဆိုင်မှုဘဲ ... "

ဦးခွန်ဘရင်က စကားစရပ်ပြီး ဖခါးတစ်ခွက်

မြိုတ်စာပေ



မော့သောက်လိုက်သည်။

လာရောက်နားထောင်ကြသူများကတော့ အမျိုးမျိုး တီးတိုးတီးတိုး ပြောဆိုနေကြသည်။

" ငါကြားဖူးသမျှ ပြောရရင်တော့ ကတိုးနီဆိုတာ မကောင်းဆိုးဝါးတွေရဲ့ အတိတ်နိမိတ်တဲ့ ... ၊

ကတိုးနီတွေနဲ့အတူ မကောင်းဆိုးဝါးတွေ အမြဲရှိနေ တတ်သတဲ့ ၊

တို့ ပင်လယ်သမုဒ္ဒရာတွေမှာ၊ ပင်လယ်ဖျံနီကို တွေ့ရင် နိမိတ်မကောင်းဘူးလို့ ယူဆကြတယ်၊ ပင်လယ်ထွက်မယ့် လူတွေဟာ ပင်လယ်ဖျံနီကိုတွေ့ရင် ခရီးစဉ်ကို ဖျက်ပစ်လိုက် လိုက်ကြတယ်၊ တို့တောင်ပေါ်မှာလဲ ကတိုးနီဆိုတာ အဲဒီလို မျိုးဖြစ်လိမ့်မယ်၊

ကတိုးနီကို တွေ့တဲ့လူ၊ လိုက်ရှာတဲ့သူတွေဟာ ကံကြမ္မာ ဆိုးနဲ့ ကြုံကြရတယ် ... ၊

တောလိုက်မုဆိုးများက ဦးခွန်ဘရင်စကားကို မိတ်ဝင်

မြိုတ်စာပေ
www.burmeseclassic.com

www.burmeseclassic.com



စားကြသည်။

အဘယ်ကြောင့်ဆိုသော် သူတို့ရှေ့မှ ကတိုးနီထမ်းရန် တက်သွားကြသူတိုင်း ပြန်လမ်းမရှိခဲ့တာ သူတို့အားလုံး အသိပင် ဖြစ်သည်။

" ဒါကြောင့် ငါပြောချင်တာက ဒို့ရွာသူရွာသားတွေ တောင်ပေါ်သွားတဲ့အခါ ကတိုးနီရှာတဲ့ အလုပ်ကို မလုပ်ကြဖို့ပဲ၊ နောက်ထပ် တစ်ခုခုဖြစ်တယ်ဆိုရင် ဒို့ရွာအတွက် လည်း မကောင်းဘူး၊ အားလုံးအတွက်လည်း မကောင်းဘူး"

" ဟုတ်ကဲ့ ဆလိုင်း "

" ကဲ - ပြန်ကြပြန်ကြ - နောက်ထပ် ဒီသတင်းနဲ့ ဖတ်သက်ပြီး ငါဘာမှ ထပ်မကြားချင်ဘူး "

ရွာသူရွာသားအချို့နှင့် မုဆိုးများအသီးသီး ထပြန်သွား ကြသည်။

အိမ်အောက်တွင် လူရှင်းသွားသောအခါ အပေါ်ထပ်မှ နန်းကေဇာ ဆင်းသည်။





သူမသည် အသက်နှစ်ဆယ်ဝန်းကျင်ရှိသော ဦးခွန် ဘရင်၏ တစ်ဦးတည်းသော မိတဆိုးသမီးလေးဖြစ်သည်။ ရှမ်းသွေးရှမ်းနွယ်ဖပ်သူလေးမို့ အသားဖြူဖြူနှင့် ချောမောလှပ သူကလေးဖြစ်သည်။

" အဖေ . . . "

ဦးခွန်ဘရင်က ဆေးတံအိုးထဲဆေးဖြည့်ရင်း သမီး ဖြစ်သူကို လှည့်ကြည့်သည်။

နန်းကေဇာသည် ဖခင်ဖြစ်သူနားတွင် ဝင်ထိုင်သည်။

" ဘာလဲသမီး "

" အဖေတို့ စောစောက ကတိုးနီဆိုလား၊ ပြောသံကြား လိုက်လို့ပါ . . .၊ အဲဒါကို စိတ်ဝင်စားလို့ပါ . . .၊ "

ဦးခွန်ဘရင်က ဆေးတံကို မီးညှိပြီး တစ်ဖွာနှစ်ဖွာ မီးခိုး ငွေ့များ မှုတ်ထုတ်လိုက်သည်။

" ဟုတ်တယ်သမီးရဲ့ . . . အခု ခါကာဘိုရာဇီ တောင်ပေါ်မှာ ဟိမဝန္တာဘက်က ကတိုးနီတွေ ရောက်လာတယ်



www.burmeseclassic.com

www.burmeseclassic.com



လို့ သတင်းကြားနေရတယ်၊ နောက် ခါကာဘိုရာဇီတောင်ပေါ်မှာ ခန်းတောက်မြစ်တွေ အများကြီးစုပေါက်နေတဲ့ ခန်းတောက်မြစ်သိုက်ကြီးတစ်ခုလဲ ရှိနေတယ်၊

တွေ့တဲ့လူကတော့ အခြားမဟုတ်ဘူး၊ နီမောင့်အဖေ ဦးလဘုန်ပဲသမီး "

" ဟင် - နီမောင့်အဖေ ဦးလဘုန်က ခန်းတောက်မြစ်သိုက်ကြီးကို တွေ့ခဲ့တယ်၊ ဟုတ်လားအဖေ "

ဦးခွန်ဘရင်က ခေါင်းညိတ်ပြသည်။

" ဦးလဘုန်က ခန်းတောက်မြစ်သိုက်ကြီး ရှိတဲ့နေရာကို တွေ့ခဲ့ရုံတင်မကဘူး၊ ကတိုးနီနှစ်ကောင်ကိုပါ သူပဲ တွေ့ခဲ့တာတဲ့၊

ကတိုးနီတွေနောက်လိုက်ရင်း တောင်ပေါ်မှာ အသေဆိုးနဲ့သေခဲ့တာလို့ မုဆိုးတွေပြောနေကြတာ သမီးကြားတယ် မဟုတ်လား ၊ "

" ကြားပါတယ်အဖေ . . . ၊ သမီးတောင် နီမောင့်





အတွက် စိတ်မကောင်းဖြစ်နေမိတာ "

" အခုအဖေခေါ်ပြောတဲ့ ကိစ္စကလဲ အဲဒါပဲ . . . ၊ တောင်ပေါ်မှာ ကတိုးနီသွားရှာတဲ့ မုဆိုးတိုင်း သေကုန်ကြတယ်၊ အဲဒါနောက်ထပ် ကတိုးနီနောက် မလိုက်ကြဖို့ ခေါ်ပြောရတာဘဲ . . . . "

" ကတိုးနီဆိုတာ၊ ကတိုးရိုးရိုးနဲ့ ဘယ်လိုကွာသလဲ အဖေ . . . "

" အကောင်အရွယ်အစားကတော့ မကွာလှပါဘူး ၊ ဒါပေမယ့် အသွေးအရောင်နဲ့ တန်ဖိုးရှိတာချင်းကတော့ အတော့်ကို ကွာတယ်၊

အခုနေ သားမွေးအိတ်ပါတဲ့ ကတိုးနီတစ်ကောင် ရလို့ကတော့ ချမ်းသာပြီပေါ့ ၊

အဖေကြားဖူးတာကတော့ သာမန်ရိုးရိုးကတိုးဆီကရတဲ့ ံ့သာခဲနဲ့ ကတိုးနီရဲ့ နံ့သာခဲ မွေးတာချင်း မတူဘူးတဲ့၊ ဆေးဖက်ဝင်တာချင်းလဲ အတော်ကွာတယ်၊ အခုနေ ကတိုးနီ



www.burmeseclassic.com

www.burmeseclassic.com



နဲ့သာခဲ့အိတ်ရလို့ကတော့ ပတ္တမြားခဲ့ရလိုကို တန်ဖိုးရှိမှာသမီး"

နန်းကေဇာ မျက်စိထဲမှာ လှပသော ကတိုးနီကလေးများ လှုပ်ရှားသွားလာနေမှုကို အတွေးနဲ့ မြင်ယောင်နေမိသည်။





## အခန်း (၄)

နှင်းလွှမ်းသည့် တောင်စခန်းတစိုက် ရှမျှော်လေတိုင်းနှင်းမှုန်ဝေ့ဆိုင်းနေသော ပတ်ဝန်းကျင်မှာ မပီပိုးဝါးရှိနေသည်။

အရှိန်ရစပြုနေသော အအေးလှိုင်းဒဏ်များကခါကာဘိုရာဇီတောင် တစ်ခုလုံးနှင့် တောင်ခြေတဝိုက်တွင်ဖုံးအုပ်လွှမ်းခြုံထားသည်။

မှုန်ပျပျမြင်နေရသော တောင်ထိပ်ဘက်တွင် ဖုံးလွှမ်းနေသော ရေခဲများကြောင့် ရေခဲတောင်တန်းကြီးသဖွယ်ဖြစ်နေတော့သည်။

နှင်းမှုန်နှင်းစက်များကြားမှ အားယူထိုးဖောက်ဆင်းလာသော နေရောင်ခြည်သည် ခါကာဘိုရာဇီ တောင်ထိပ်ပွန်းသို့



www.burmeseclassic.com

www.burmeseclassic.com



မေးတင်စပြုနေပြီ။

မကြာမီ နေဝင်တော့မည်။

နေဝင်သွားသည်နှင့် အလင်းရောင် ပျောက်သွားပြီး အအေးဓာတ်က ပိုမိုလွှမ်းခြုံလာတော့မည်။

ရွာစုများဘက်စီမှ တလူလူတက်လာသော မီးခိုးငွေ့များမှာ အအေးဒဏ်ကို အံတုနိုင်ရန် အိမ်အသီးသီးမှ မီးဖိုများမှ ဖြစ်ပြီး၊ တောင်ပေါ်သားတို့မှာ တစ်နေ့တာ ပင်ပန်းနွမ်းနယ်သမျှ ဖခါး (လက်ဖက်ရည်) သောက်ရင်း၊ မီးလှုံရင်း အနားယူကြတော့မည်။

တစ်စတစ်စနှင့် တောင်ပေါ်တဝိုက်တွင် နေရဲ့အလင်းရောင် ပျောက်သွားပြီ နှင်းမှုန်နှင်းစက်များ ပိုမိုကျဆင်းလာသည်။

သစ်ပင်သစ်ရွက်များပေါ်တွင် နှင်းစက်များ တင်နေရာ မုတ်ဆိတ်ဖြူဖြူ၊ ခေါင်းတစ်ခုလုံး ဖွေးဖွေးဖြူနေသူနှင့် တူလာတော့သည်။

ယခုတော့ ပတ်ဝန်းကျင်တဝိုက်နှင့် နှင်းတိုင်းတို့ လွှမ်း





ခြုံထားခဲ့လေပြီ ...။

အအေးဓာတ်ပိုလာသည်နှင့် တောင်ခြေရှိ သစ်တောတွင်းမှ တိရစ္ဆာန်များတို့၏ အော်မြည်သံများ တိတ်ဆိတ်ငြိမ်သက်စ ပြုလာပြီ။

တောင်ပေါ်တဝိုက်မှာမူ ညဥ့်အခါ အစာရှာထွက်လေ့ရှိသော တောရိုင်းတိရစ္ဆာန်ကြီးများ၏ ဟိန်းဟောက်အော်မြည်သံများ တစ်ခါတစ်ရံ ပေါ်လာတတ်သည်။

တောင်ခြေတစ်နေရာတွင် လူတစ်ယောက် ထိုင်နေသည်။

မလှုပ်မယှက် ထိုင်နေသောကြောင့် အဝေးမှကြည့်လျှင် အသက်မှရှိသေးရဲ့လားဟု ထင်မှတ်ရလောက်အောင် ငြိမ်သက်လွန်းစွာ ထိုင်နေခြင်းဖြစ်သည်။

သူ့ကိုယ်ပေါ်တွင် နှင်းမှုန်နှင်းစက်များ တင်နေသော်လည်း ဥပက္ခာပြုထားသည်။

သူသည် လူရွယ်တစ်ယောက်ဖြစ်ပြီး သူ၏အမည်မှာ



www.burmeseclassic.com

www.burmeseclassic.com



"နီမောင်" ဖြစ်သည်။

နီမောင်သည် အသက်နှစ်ဆယ်ဝန်းကျင် လူရွယ်တစ်ယောက်ဖြစ်ပြီး ကြံ့ခိုင်သန်စွမ်းသူတစ်ယောက် ဖြစ်သည်။ သူ၏ခန္ဓာကိုယ်မှာ ကျစ်လစ်သန်မာလှပြီး အချိုးအဆစ် ပြေပြစ်သည်။

အဖြူရောင်အသားမှာ ပင်ပန်းမှုဒဏ်များ၊ လောက၏ ကြမ်းတမ်းမှုဒဏ်များကြောင့် အနီရောင်သန်းနေသည်။

လည်ဂုတ်အထိ ဝဲကျနေသော နီကျင့်ကျင် ဆံပင်တို့ကို နဖူးမှ ကျားသစ်ရေကြိုးဖြင့် သိုင်းချည်ထားသည်။ ဝတ်ဆင်ထားသော ဘောင်းဘီနှင့် အင်္ကျီတို့မှာ တစ်စတစ်စ ပိုလာသောကြောင့် အအေးဒဏ်ကာကွယ်ရန် မလုံလောက်သော်လည်း နီမောင်ကတော့ အအေးဒဏ်ကို သတိပြုမိဟန်မတူချေ။

သူသည် ထိုနေရာတွင် ကျောက်ရုပ်တစ်ရုပ်လို ငြိမ်သက်စွာ ထိုင်နေသည်မှာ ကြာပြီဖြစ်သည်။

လူကသာ ငြိမ်သက်စွာ ထိုင်နေသော်လည်း စိတ်အစဉ်





က အဝေးသို့တိုင် လွင့်ပျံ့လျက်ရှိသည်။

နီမောင့်စိတ်ထဲမှာ ခါကာဘိုရာဇီတောင်ပေါ်တွင် သေဆုံးသွားသော အဖေ့မျက်နှာနှင့် ပုံရိပ်များကို သတိရနေသည်။

နီမောင့်ဖခင် ဦးလဘုန်မှာ ခါကာဘိုရာဇီတောင်ပေါ်တွင် လောကတာဝန်၊ မိသားစုတာဝန်များ ထမ်းဆောင်ရင်း အသက်ဆုံးပါးခဲ့ရသည်။

တောင်ပေါ်တွင် အဖေဘယ်လိုဆုံးခဲ့သည်ကို တိတိကျကျ အသိနိုင်သော်လည်း၊ ကတိုးနီနောက်လိုက်ရင်း အန္တရာယ်ဆိုးနှင့်တိုးပြီး အသက်သေခဲ့ရသည်ဟု ထင်ကြသည်။ ဘယ်လိုပဲဖြစ်ဖြစ် အဖေသေဆုံးခဲ့ရသည့်အတွက်တော့ နီမောင်တို့မိသားစုလေးအတွက် ဘဝပျက်ခဲ့ရသည်။

ရွာမှဘဝတူမုဆိုးများ သယ်ဆောင်လာသော အဖေ့အလောင်းကို ရွာထဲယူခွင့်မရသဖြင့် ရွာပြင်မှာထားစဉ်က တစ်ညလုံး နှင်းစက်များအောက်မှာ အဖေ့အလောင်းနားမှာ နေရင်း ငိုကြွေးခဲ့ရှာသော အမေ့မျက်နှာ ထိုအချိန်မှစပြီး လောကမှ



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ ဒဏ်များကို ရင်စီးခံခဲ့ရသည်။

အဖေရှိစဉ်က ပျိုးထောင်ခဲ့သော မြေကွက်ကလေး၌ ရာသီအလိုက်၊ နှမ်းပြောင်း၊ လက်ဖက်၊ ဆေးရွက်ကြီး၊ အာလူး၊ ကြက်သွန်၊ ခရမ်းများကို စိုက်ပျိုးရောင်းချရင်း ဘဝကိုရုန်းကန်ခဲ့ရသည်။

ထိုအခါ အဖေရှိစဉ်က သင်ပေးခဲ့သော ပညာများနှင့် တောင်ပေါ်တက်ရင်း၊ အမဲလိုက်၊ ဆေးမြစ်ဆေးဥ ရှာသော အလုပ်များကို တစ်ဖက်တစ်လမ်းမှ နီမောင်လုပ်ခဲ့ရသည်။

အဖေရှိစဉ်က -

ဒီရာသီမှာ ဒီလိုသွား၊ အန္တရာယ်နဲ့တွေ့ရင် ဒီလိုရင်ဆိုင်၊ သားကောင်တွေရဲ့ခြေရာကဘယ်လိုဘယ်ပုံ၊ လေးမြားပြုလုပ်ပုံ၊ ပစ်ခတ်ပုံ တောင်ပေါ်မှာနှင်းမုန်တိုင်းနဲ့ကြုံရင် ဘယ်လိုကျော်ဖြတ်ရမည်၊ ရိက္ခာဘယ်လိုရှာရမည်၊ နယ်မြေကျွမ်းကျင်အောင် လေ့လာမှတ်သားရမည်။ လမ်းပျောက်နေရင် ပြန်လမ်းဘယ်လိုရှာရမည် စသော မုဆိုးတစ်ဦးသိသင့်သိထိုက်၊ တတ်သင့် တတ်





ထိုက်သည်များကို သူနှင့်အတူ ခေါ်ရင်းသင်ကြားပြသပေးခဲ့သည်။

ထို့ကြောင့်လည်း နီမောင်တစ်ယောက် အသက်ငယ်ငယ်နှင့် တောင်ပေါ်မုဆိုးစာရင်းဝင်တစ်ယောက် ဖြစ်ခဲ့ရသည်။ ဆောင်းဦးပေါက်စက ကိုးတောင်ကျားတစ်ကောင်နှင့် ဝံတစ်ကောင်ကို တစ်ယောက်တည်း ပစ်ခတ်ဖမ်းဆီးပြခဲ့သော နီမောင်ကို ရာခံမုဆိုးက အထင်မသေးဝံ့ကြတော့ပေ။

တန်းဝင်မုဆိုးတစ်ယောက်အဖြစ် အသိအမှတ်ပြုကြရသည်။ ထိုသို့ သားအမိနှစ်ယောက်ဘဝကို ကြံ့ကြံ့ခံရင်ဆိုင်နေဆဲမှာပင် မမျှော်လင့်သော ကံကြမ္မာအလှည့်အပြောင်းတစ်ခုပေါ်ပေါက်လာသည်။ အခြားမဟုတ်ပေ . . . . ။

အမေ့ကို ဝန်ဆန်ရွာမှ မုဆိုးတစ်ဦးနှင့် လက်ထပ်ပေးရန် ဆွေမျိုးများက ဝိုင်းဝန်းစီစဉ်ကြသည်။ အမေက အတန်တန်ငြင်းသော်လည်းမရပေ။ ဆွေမျိုးအုပ်စုတွင် ဩဇာရှိသူများက ဇွတ်အတင်းစီစဉ်ပေးကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသူ၏အမည်မှာ " ဇာမုန်းထန် "ဖြစ်သည်။ အသက် လေးဆယ်ကျော်အရွယ်ခန့်ရှိပြီး အသားမည်းမည်းနှင့်ကိုယ်လုံး ကိုယ်ထည် ကြံ့ခိုင်သန်စွမ်းသော လူထွားကြီး တစ်ယောက် ဖြစ်သည်။

တောလိုက်မုဆိုးအလုပ်ဖြင့် အသက်မွေးသဖြင့် စိန်ကြမ်း လူကြမ်းဖြစ်သည်။

ဇာမုန်းထန်သည် ရုပ်ကြမ်းသူတစ်ဦးဖြစ်သည့် အပြင် မျက်နှာပေါ်မှ ကန့်လန့်ဖြတ် ဒဏ်ရာကြီးတစ်ခုနှင့် မျက်စိ တစ်ဖက်ကို သားရေပြားနှင့် အုပ်ဆိုင်းထားသဖြင့် ပို၍ကြည့်ရ ဆိုးလှပေသည်။

ဇာမုန်းထန်၏ တစ်ဖက်တည်းသော မျက်လုံးအကြည့် ဒဏ်က စူးစူးရဲရဲနှင့် ကောက်ကျစ်မှုများ ရှိနေသည်ဟု နီမောင် ထင်မိသည်။

ဇာမုန်းထန်ကိုတွေ့တိုင်း အဖေ့ကိုသတိရနေမိသည်။ ညဘက်များတွင် အတွေး၏နှိပ်စက်မှုကြောင့် အိပ်မပျော်၊ အိပ်





ပျော်သည့် အခါများတွင် အဖေ့ကို အမြဲတွေ့နေရသည်။

တစ်ည နီမောင်အိပ်မောကျနေတုန်း အဖေရောက် လာသည်။ အဖေ့ကို ရေခဲတောင်တစ်နေရာမှာ နီမောင် တွေ့ရသည်။

အဖေ့ကို မြင်လိုက်ရတော့ နီမောင် ဝမ်းသာသွားသည်။

" အဖေ အဖေမသေဘူးနော် . . . အဖေဘယ်သွား နေတာလဲဟင် "

အဖေကပြုံး၍ . . . .

" အဖေတောင်ပေါ်မှာ သားတို့အတွက် ပစ္စည်းသွားရှာ နေတာပေါ့ကွယ် . . . ၊ နောက်ပြီး သားကိုအဖေပြောစရာရှိလို့ [illegible]လာတာ . . . "

" ဘာပြောမှာလဲ အဖေ "

" အဖေ တောင်ပေါ်မှာ ခန်းတောက်မြစ်သိုက်ကြီးကို [illegible]တွေ့ထားတယ်၊ အဲဒီနေရာမှာ ခန်းတောက်မြစ်တွေ အများကြီး [illegible]တယ် "



www.burmeseclassic.com

www.burmeseclassic.com



“ ဟင် ”

“ နောက်ပြီး တောင်ပေါ်မှာ ကတိုးနီနှစ်ကောင်ကိုလဲ အဖေတွေ့ခဲ့ရတယ် ....၊ ”

ဖြူ “ ဟင် - ဟုတ်လား ”

နီမောင့်စိတ်ထဲမှာ ရှာကမုဆိုးတွေပြောကြတာ အမှန် စိန် ပါပဲလားဟု တွေးနေမိသည်။

“ တစ်နေ့ အဖေ ခန်းတောက်မြစ်တူးနေတုန်း တောင်ဇောင်းရဲ့ ဂူပေါက်နားမှာ ကတိုးနီ နှစ်ကောင်ကို တွေ့လိုက်ရတယ် ... နေရောင်အောက်မှာ တွေ့ရတာ သူတို့ရဲ့ အမွေးလေးတွေက ကတ္တီပါသားလေးတွေလို နီရဲပြီး အိနေတာပဲ ... လှလိုက်တာသားရယ် ...၊

မင်း ကတိုးနီနှစ်ကောင်ကို တွေ့အောင်ရှာရမယ် သူတို့ ရှိတဲ့နေရာကို အဖေသိတယ်၊ ”

နီမောင် နားထောင်ရင်း စိတ်ထဲမှာ တက်ကြွလှုပ်ရှားမှုတွေ ဖြစ်လာသည်။



ဗြိ•ရွှေ



“ ဒါပေမဲ့ ... အဲဒီကတိုးနီတွေရဲ့နောက်မှာ အန္တရာယ်ကြီးတစ်ခုရှိတယ်၊ အဲဒါကို ဘယ်သူမှ မသိနိုင်ဘူး၊ မင်းကို အဲဒီ ကတိုးနီတွေရှိတဲ့ နေရာကို အဖေပြပေးမယ်၊ ဒါပေမဲ့ မင်း အဖေ့ကို ကတိတစ်ခုတော့ပေးရမယ် .... ”

“ ဘယ်လိုကတိမျိုးလဲအဖေ ”

“ မင်း ကတိုးနီတွေကို တွေ့ရင်မဖမ်းရဘူး၊ မသတ်ရဘူး ဆိုတဲ့ ကတိပဲ ... မင်း ပေးနိုင်ပါ့မလား ”

နီမောင် အံ့ဩသွားသည်။

အတန်ကြာအောင် စဉ်းစားပြီးမှ

“ ပေးနိုင်ပါတယ်အဖေ .. ကျွန်တော့်မှာ ရက်စက်တဲ့ တ်မျိုး မရှိပါဘူး ..... ”

ထိုသို့ ကတိပေးလိုက်သောအခါ အဖေသည် နှင်းမှုန် ကြားထဲသို့ ပြန်လည်ပျောက်ကွယ်သွားတော့သည်။

နီမောင်နောက်မှ တကြော်ကြော်အော်ခေါ်သော်လည်း ည့်မကြည့်တော့ပေ ...။



www.burmeseclassic.com

www.burmeseclassic.com



နီမောင် အိပ်ရာမှ နိုးလာတော့ အနားမှာ အဖေရှိ မနေတော့။

အဖေဆုံးပြီးနောက်တွင် ဤသို့သော အိပ်မက်မျိုး မကြာခဏ မက်သည်။ အိပ်မက်ထဲတွင် အဖေ့ကို မကြာခဏ တွေ့ရသည်။

ထို့ကြောင့် အမေ့အား လက်ထပ်ပေးမည် ဆိုသော အခါ အဖေ့အတွက် နီမောင် စိတ်မကောင်းဖြစ်မိသည်။

သူ့ဘဝတွင် နောက်ထပ်အဖေ့နေရာကို အစားမထိုး လိုပေ။ ထို့အတူ အမေ့ကိုလဲ နောက်ထပ်အချစ်သစ် မရှာစေ လိုပေ။ သို့သော် ပတ်ဝန်းကျင်၏ တုတ်နှောင်စီစဉ်မှုများ အောက်တွင် အမေခမျာ မလူးသာမလှုပ်သာသော ဘဝမျိုး ရောက်နေရရှာသည်။

ထိုအကြောင်းကို နားလည်သော နီမောင်သည် အမေ့ အတွက် စိတ်မကောင်းဖြစ်ကာ စိတ်ညစ်တိုင်း ခါကာဘိုရာ တောင်ပေါ်သို့ သွားနေတော့သည်။





အဖေ့အတွက် လွမ်းဆွတ်သတိရတိုင်း အမေ့အတွက် စိတ်မကောင်းဖြစ်မိတိုင်း နီမောင် တောင်ပေါ် သွားနေခဲ့သည်။

ခါကာဘိုရာဇီသည် သူ့အတွက် သစ္စာရှိသော အေးချမ်းသော ထာဝရရင်ခွင်ဖြစ်ပေသည်။ နီမောင် အိမ်သို့ ပြန်လာခဲ့သည်။

အိမ်ပြန်ရောက်တော့ အမေကိုယ်တိုင် လှေခါးချ ပေးသည်။ နီမောင်က ဝါးလှေခါးမှ ဖြေးလေးစွာ တက်လာ သည်။

သူအပေါ်ရောက်မှ အမေက လှေခါးကို ပြန်ဆွဲတင် လိုက်ပြီး နီမောင့်အနားသို့ လျှောက်လာသည်။

" ဘယ်တွေများ လျှောက်သွားနေတာလဲ သားရယ်၊ အမေက ထမင်းစားဖို့ သားကို စောင့်နေတာ "

သားအမိနှစ်ယောက် မီးဖိုရှိရာဘက်သို့ လျှောက် လာရင်း မီးဖိုအနီးတွင် ထိုင်လိုက်ကြသည်။ အမေက နီမောင့် ခေါင်းပေါ်မှ နှင်းစက်များကို ကြင်နာစွာ သပ်ချပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



" သားရယ် - မင်း ဘယ်လောက်စိတ်ဆင်းရဲနေမယ် ဆိုတာ အမေနားလည်ပါတယ်၊ အခုကိစ္စကလဲ အမေရင်ထဲက ဆန္ဒမပါဘူးဆိုတာကို သား နားလည်ပေးပါ "

အမေ့မျက်နှာပြင်ပေါ်တွင် ညှိုးငယ်သော တောင်းပန်တိုးလျှိုးသော အရိပ်များကို မြင်ရပြန်တော့ နီမောင် အမေ့အတွက် သနားမိသည်။

အမေ့ကို ကြေကွဲစွာ တစ်ချက်ကြည့်လိုက်သည်။ မီးဖိုမှ တလူလူတက်လာသော မီးခိုးငွေ့များကြောင့်လား၊ ရင်ထဲမှ အပူလှိုင်းများ ရိုက်ခတ်မှုကြောင့်ပေလား၊ အမေ့မျက်ဝန်းတွင် မျက်ရည်ကြည်များ ရစ်ဝဲလျှက်ရှိသည်။

နီမောင် အမေ့လက်ကို ကြင်နာနွေးထွေးစွာ ဆုတ်ကိုင်လိုက်ပြီး . . . . ၊

" အမေရယ် - သားရဲ့ဘဝမှာ အဖေဆိုတာ အစားထိုးလို့ မရပါဘူး၊ သားရင်ထဲက အဖေ့နေရာကိုလဲ ဘယ်သူမှ ဝင်လို့ မရပါဘူး၊





ဒါပေမဲ့ သား အမေ့ကို နားလည်ပါတယ်၊ အမေ့ကို ချစ်တဲ့စိတ်နဲ့ သားတို့ဘဝထဲကို ရောက်လာတဲ့သူကို လက်ခံနိုင်အောင် သား ကြိုးစားပါ့မယ် . . . . ၊ "

" အော် - သားရယ် . . . . "

အမေက နီမောင့်ခေါင်းကို ရင်ခွင်ထဲဆွဲသွင်းပြီး ကြင်နာစွာ ပွတ်သပ်ပေးရင်း မျက်ရည်များ စီးကျလာသည်။ သူ့မရင်ထဲမှအပူကို လျှော့နိုင်မယ်သူဆိုလို့ သားတစ်ယောက်သာ ကျန်သောဘဝတွင် ဒီသားလေးစိတ်ချမ်းသာအောင်တော့ ထားချင်သည်။

" ညနေတုန်းက သားကို နန်းဂေဇာ လာစောင့်နေသေးတယ် . . . . . "

" နန်းဂေဇာလာတယ် . ဟုတ်လားအမေ - သူ ဘာလာလုပ်တာလဲအမေ . . . . "

နီမောင်က အမေ့ရင်ခွင်မှထကာ မေးလိုက်သည်။

" သားနဲ့တွေ့ချင်တယ်လို့ပဲ ပြောသွားတယ်၊ အခြား



www.burmeseclassic.com

www.burmeseclassic.com



တော့ ဘာမှပြောမသွားဘူး ၊ ကလေးမလေးက သားကိုတော့ အတော်ခင်ရှာတယ် . . . . "

နီမောင် သက်ပြင်းချရင်း နန်းကေဇာမျက်နှာလေးကို မြင်ယောင်နေမိသည်။

ရင်ထဲမှာ လှိုင်းထနေသော အပူငွေ့များ အတန်ငယ် လျော့သွားသည်ဟု ခံစားရသည်။





**အခန်း (၂)**

မန်စွေခွန်ရွာ . . . . ။

မြန်မာနိုင်ငံ၏ မြောက်ဖက်ဖျားရှိ နာမည်ကျော် လူသိများသည့် ခါကာဘိုရာဇီတောင်ကြီးနှင့် မနီးမဝေးတွင် တည်ရှိသော ရွာကြီးတစ်ရွာဖြစ်သည်။

အိမ်ခြေပေါင်းနှစ်ရာကျော် သုံးရာနီးရှိပြီး မြန်မာ၊ ရဝမ်၊ လီဆူး၊ ကချင်၊ ရှမ်း စသော တိုင်းရင်းသားများ စုပေါင်းနေထိုင်ရာ အရပ်ဖြစ်သည်။

ရွာနေလူများမှာ မိရိုးဖလာ တောင်ယာလုပ်ငန်းများ အပြင် အမဲလိုက်လုပ်ငန်း၊ တောင်ပေါ်တက်၍ ဆေးမြစ် ဆေးဥ



www.burmeseclassic.com

www.burmeseclassic.com



ရှာခြင်း ... ငန်းများဖြင့် အသက်မွေးဝမ်းကြောင်း ပြုကြသည်။

အ... ...းအားဖြင့်တော့ ခါကာဘိုရာဇီတောင်ပေါ်တက်၍ ဆေးမြစ်ဆေးဥရှာခြင်း လုပ်ငန်းများဖြင့် အသက်မွေးဝမ်းကြောင်း ပြုကြသည်။

အများအားဖြင့်တော့ ခါကာဘိုရာဇီတောင်ကြီးကို **အမှီသဟဲပြု၍** နေထိုင်ကြခြင်း ဖြစ်သည်။

အမှန်တော့ ခါကာဘိုရာဇီတောင်ကြီးသည် ၎င်းတို့အတွက် ခူးခပ်စားသောက်၍ မကုန်နိုင်သော ထမင်းအိုးဟင်းအိုးကြီးဆိုတာလည်း မမှားပေ ....။

ခါကာဘိုရာဇီကို ဒေသခံ တိုင်းရင်းသားများက "ခါကာဘို" ဟုပင် အလွယ်တကူ ခေါ်ကြသည်။

မြန်မာနိုင်ငံမြောက်ဖျားဘက်ရှိ အမြင့်ဆုံးတောင်ကြီးများထဲတွင် ခါကာဘိုရာဇီသည် အမြင့်ဆုံး၊ အလှပဆုံးနှင့် နာမည်အကြီးဆုံး ဖြစ်သည်။

အမြင့်ပေပေါင်း ၁၉,၂၉၆ ပေ အမြင့်ရှိသည်။

မြိုတ်စာပေ



ထိုတောင်တန်းကြီးပေါ်တွင် **အဖိုးတန်သစ်ခွများ**၊ ဆေးမြစ်၊ ဆေးဥများအပြင် ခန်းတောက်**မြစ်နှင့် မချစ်ဥ**တို့များစွာ ရရှိနိုင်ပါသည်။

ခန်းတောက်မြစ်သည် **သုံးနှစ်အထက်** သက်တမ်းရှိသော အပင်၏အမြင့်မှာ ရှစ်လက်မခန့်ရှိပြီး နနွင်းတက်**အတွင်းသားနှင့်တူ**ပြီး အလွန်ခါးသောအရသာရှိသည်။

**မချစ်ဥမှာ** ကြက်သွန်ဖြူနှင့်ဆင်ဆင်တူပြီး အပင်ထက်ဥက ပို၍**အသုံးသည်။**

ခန်းတောက်မြစ်ရော မချစ်ဥပါ အလွန်ခါးသောအရသာရှိသောကြောင့် အဖျားရောဂါအပါအဝင် ရောဂါအတော်များများကို ၎င်းတို့ကို **ရေစိမ်သောက်ရုံနှင့်** ပျောက်နိုင်သည်။

ထို့ပြင် ထိခိုက်ဒဏ်ရာများ၊ သွေးထွက်သံယိုဖြစ်သောဒဏ်ရာများအတွက် ဆေးမြစ်ကို ကျိုက်၍အုံပေးရုံဖြင့် အနာရင်းဘဲ ပျောက်ကင်းနိုင်သည်။

မြိုတ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မချစ်ဥမှာ အရသာခါးသည်ဟု ဆိုသော်လည်း အရက်ဖြင့် **စိမ်**သောက်ပါက ပူပြင်းခါးအရသာရှိပြီး နေ့စဉ်သောက်**ပါက** ရောဂါဘယကင်းကာ ခွန်အားအတွက် အထူးကောင်း**လှပေသည်**။

ထို့ကြောင့် ဒေသခံတိုင်းရင်းသားများ **အိမ်တိုင်း**ခန်းတောက်မြစ်နှင့် မချစ်ဥကို အရေးပေါ် **ဆေးဝါးအဖြစ် သုံးရန်**အမြဲဆောင်ထားကြသည်။

နှစ်စဉ် ဆောင်းကာလနှင့် **နွေဦးပေါက်ရာသီများ**တွင် ခါကာဘိုရာဇီတဝိုက်မှ ကျေးရွာများတွင် **ခြေရှုပ်လေ့ရှိ**ကြသည်။

စီးပွားရေးသမားများက ဒေသခံတိုင်းရင်းသားများထံမှ အဖိုးတန် ဆေးမြစ်၊ ဆေးဥ၊ ကတိုးဆီ၊ သစ်ခွပန်း၊ တောင်ဆိတ်ချိုစသည်တို့ကို သူ့ထက်ငါ ဈေးကောင်းပေး၍ အလုအယက် လာရောက်ဝယ်ယူကြသည်။

ထိုသို့ဝယ်ယူပြီး နယ်ခြားဘက်မှ နိုင်ငံခြားသား စီးပွားရေးသမားထံသို့ ကြိုက်ဈေးဖြင့် သွားရောက်ရောင်းချသည်။





မြန်မာနိုင်ငံ မြောက်ဖျားဘက်မှထွက်သော အဖိုးတန်သယံဇာတပစ္စည်းများမှာ ပြည်မဘက်သို့ မြန်မြန်ရောက်ရှိခြင်းထက် ပြည်ပဘက်**သို့ ထွက်သွားသည်**က ပိုမိုများပြားလှသည်။

နှစ်စဉ် ဆောင်း**ရာသီအလွန်** နွေဦးပေါက်ရာသီတွင် တောင်တန်းကြီးများပေါ်တွင် ရေခဲတောင်တန်းကြီးသဖွယ် ရှိနေတက်သည်။

အဝေးမှ မျှော်ကြည့်လျှင် ငွေရောင်ဆမ်းထားသည့်နှယ် လှပစွာ တည်ရှိနေ၏။

နှင်းများပျောက်**ကျသွားချိန်**တွင် တောင်တန်းကြီးများပေါ်တွင် အလှဆုံး**အချိန်ဟု ဆိုရပေမည်**။

ရာသီအလိုက် ဖူးပွင့်ကြသော ရောင်စုံပန်းပွင့်များနှင့်တင့်တယ်နေသည်မှာ ပန်းချီကားတစ်ချပ်ပမာ လှပစွာ တည်ရှိနေတက်၏။

ထိုအချိန်တွင် တောင်ခြေရွာမှလူများ တောင်ပေါ်သို့



www.burmeseclassic.com

www.burmeseclassic.com



**အသီးသီး တက်ကြသည့် နည်းတူ စီးပွားရေးသမားများလည်း ခြေရှုပ်လာတက်သည်။**

ယခုနှစ်တော့ ဆန်ဂေါင်ဝန်းကျင်တဝိုက်တွင် စီးပွားရေး သမားများ ပိုမိုခြေရှုပ်လာသည်။ သတင်းတစ်ခုကြောင့် လာရောက်ကြသူ ပိုမိုများပြားလာသည်။

ထိုသတင်းကတော့ အခြားမဟုတ်ပေ။

ခါကာဘိုရာဇီတောင်ပေါ်တွင် ကတိုးနီရှိနေသည် ဆိုသော သတင်းကြောင့် ဖြစ်သည်။

ကတိုးနီဆိုတာ အလွန်အဖိုးတန်ပြီး အလွန်အဖိုးတန်သော သတ္တဝါမျိုးဖြစ်သည်။

သာမန်ကတိုးတစ်ကောင်၏ နံ့သာခဲပင် ရွှေထက် ဈေးကောင်းသဖြင့် ကတိုးနီတစ်ကောင်၏ နံ့သာခဲကိုရလျှင် ပတ္တမြားခဲပမာ တန်ဖိုးရှိလှတော့သည်။

ကတိုးသည် ဒရယ်မျိုးနွယ်ဝင် ဖြစ်သည်။ ရေခဲတောင်များပေါ်တွင် နေထိုင်ကျက်စားလေ့ရှိသည်။ အရွယ်ရောက်ပြီး





သော ကတိုးတစ်ကောင်မှာ အလျား ၃ ပေခန့်ရှိပြီး လက်မ နှစ်ဆယ်လောက် အမြင့်ရှိသည်။ ခွာမှာ ချေခွာနှင့်တူပြီး များသောအားဖြင့် အောက်ပိုင်းဖြူ၍ အပေါ်ပိုင်းမှာ မီးခိုးရောင်၊ သို့မဟုတ် အညိုရောင်ဖြစ်သည်။

ကတိုးမှာ .......

ရွှေရောင်အဆင်းရှိသောကတိုး ၊

ကြောင်သောအဆင်းရှိသောကတိုး၊

မည်းနက်သောအဆင်းရှိသောကတိုး ဟူ၍ သုံးမျိုးရှိပြီး နီပေါနိုင်ငံဘက်မှဖြစ်သော ကတိုးသည် ရွှေရောင်အဆင်း ရှိသည်။

ကသ္မီရနိုင်ငံဖြစ်သော ကတိုးသည် ကြောင်သော အဆင်းရှိသည်။ အာသံနိုင်ငံဖက်မှကတိုးသည် မည်းနက်သော အဆင်းရှိသည်။ အကောင်းဆုံးကတိုးမှာ အာသံနိုင်ငံဘက်မှ ကတိုးဖြစ်သည်။

ကတိုးနံ့သာအိတ်မှာ ကတိုးအထီးကောင်၏ ချက်အိတ်



www.burmeseclassic.com

www.burmeseclassic.com



၌ရှိပြီး အထီးအမ မိတ်လိုက်ချိန်တွင် ပိုမိုကြီး**ထွားနေတတ်သည်**။

ဇင်းနံ့သာအိတ်မှာ အာလူးပုံသဏ္ဍာန်ရှိပြီး **အတွင်း၌** နှမ်းစေ့လောက်**အရွယ်ရှိသော** ကတိုးမွှေး၊ ကုလားပဲစေ့လောက် အရွယ်ရှိသော **ကတိုးမွှေး ပဲစေ့** **စားတော်ပဲစေ့လောက် အရွယ်** လောက်ရှိသော **ကတိုးမွှေးဟူ၍** **အရွယ်အစားအမျိုးမျိုး** ရှိသည်။

ကတိုးမွှေးရနံ့မှာ ဆေးဟင်သွားဖူးပန်းကဲ့သို့ ရနံ့သင်းပျံ့၏။ အရောင်မှာ ရွှေသော အညိုဆင်းရှိပြီး အရသာမှာ ခါးပြီး စပ်၏။

ကတိုးကောင်များမှာ အများအားဖြင့်တော့ ဟိမဝန္တာ တောင်တန်းတဝိုက်နှင့် မြန်မာနိုင်ငံတောင်တန်းများတွင် တွေ့နိုင်ပြီး အကောင်းဆုံးကတိုးမျိုးမှာ တုန်ကွင်း(**TON QUIN MUSK**) ကတိုးမျိုး ဖြစ်သည်။

**အထီး**တွင် မေးအောက်၌ ထိုးထွက်နေသော **အစွယ်** ကိုလေး**ရှိပြီး** **အမ**တွင် မရှိပေ။

**အထီးရောအမပါ** အမြီးတိုလေးများသာ **ရှိကြသည်**။

မြိတ်စာပေ



" ကတိုး " ဟူသော ဝေါဟာရမှာ ဝါဠိဘာသာမှ တိုက်ရိုက် မြန်မာဘာသာပြန်ထားတာ ဖြစ်ပြီး၊ ရခိုင်ဘာသာစကားဖြင့် ထလား (ခေလား) ၊ ကတိုးဆီကို "ရာဆွမ်း" ဟု ခေါ်သည်။ ၁၈

လီဆူး ဘာသာစကားဖြင့် ကတိုးကို " လား " ကတိုးခေါင်းကို " လားဖူ " ၊ ဂျိမ်းဖောလူမျိုးများက ကတိုးကို " ဟွမ် " ခေါ်ပြီး လာချိတ်နှင့် လော်ဝေါ်လူမျိုးတွေက " လရှမ်း " ဒုံးဝင်ပုံ၊ ဒေသအလိုက် အခေါ်အဝေါ် ပြောင်းသည်။ ခတော့်ကို

ကတိုးအထီးအမ မိတ်လိုက်ပုံကလည်း ဆန်းသည်။

ကတိုးအထီးကောင်၏ အမြီးဖျားမှ နို့သီးခေါင်းကဲ့သို့သည်။ အဖျားချွန်ပြီး ၊ ထိပ်တွင် နို့သီးခေါင်းကဲ့သို့ အပေါက်ကလေးများရှိ ရှိသည်။ ထိုအပေါက်ကလေးများမှ ကတိုးအထီးကောင်၏ သန္ဓေရည်ထွက်သည်။

မိတ်လိုက်ချိန်တွင် ကတိုးအမသည် သန္ဓေရစေရန် အတွက် ကတိုးအထီးနောက် တကောက်ကောက်လိုက်သော

မြိတ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကတိုးအထီး၏ အမြီးဖျားကို ပါးစပ်ဖြင့် စုပ်ယူရသည်။

ကတိုးများသည် လပြည့်လကွယ်ရက်များတွင်သာ မိ

လိုက်ကြပြီး၊ တစ်နှစ်လျှင် နှစ်ကြိမ် သားမွေးသည်။

ဒ။ တစ်ကြိမ်ထွက်လျှင် တစ်ကောင်ပေါက်ပြီး၊ နို့တို

လေ သတ္တဝါမျိုးဖြစ်သည်။

ကတိုးမွှေးအစစ်မှာ ရနံ့ပြင်းလှသောကြောင့် တော

သင်းပျံ့ရင် မုဆိုးကျားများက ကတိုးကို မမိသောအခါ ကိုယ်

ခါးပြီး စားပြီး ကတိုးမွှေးအိတ်ရှိသော ဝမ်းပိုက်ပိုင်းကို ချန်ထား

ဖြင့် အချို့ကံကောင်းသူများမှာ ကတိုးမွှေးအိတ်ကို အလွယ်

တော တကူ ရတတ်ကြသည်။

နိုင် ကတိုးအစစ်မှာ မီးမလောင်ဘဲ လက်အောက်

ဆုတ်ကိုင်ထားလျှင် လက်ပေါ်မှမွှေးပြီး ကတိုးမွှေး

တစ်ယောက်က လက်ဝါးနှင့် ဆုပ်ကိုင်ထားပြီး တစ်ယောက်

တစ်ယောက် လက်ချင်းဆက်သွားပါက ခုနှစ်ယောက်မြော

နောက်ဆုံးလူ၏ လက်၌ပင် ကတိုးမွှေးရနံ့ သင်းနေမှ ကတ





စစ်ပါသည်။

တောင်ပေါ်သားတို့က ကတိုးမွှေးအစစ်ကို အိတ်ဖြင့်

ထည့်ဆောင်ထားပါက လူချစ်လူခင်ပေါမြင်း၊ အမှောင့်ပယောဂ

အနှောက်အယှက်များ အပေးနိုင်ခြင်းဟု ယုံကြည်သဖြင့် ဆောင်

ထားလေ့ရှိကြသည်။

ကတိုးနှင့်ပတ်သက်၍ ဆေးဖက်ဝင်ပုံ၊ အသုံးဝင်ပုံ၊

အဖိုးတန်ပုံများအကြောင်းကို ရေးမည်ဆိုပါက အတော့်ကို

များပြားလှသည်။

သို့ကြောင့်လည်း ကတိုးကို လူတိုင်းလိုချင်ကြသည်။

ကတိုးမွှေးအိတ် အစစ်ရလျှင် တွေ့မရှောင် ဈေးပေး၍ ဝယ်ယူ

သွားကြသည်။

သာမန်ကတိုးမွှေးကိုတောင် ထိုမျှ စိတ်ဝင်စားနေလျှင်

ကတိုးနီဆိုလျှင်တော့ တန်ဖိုးမဖြတ်နိုင်၊ ဈေးမရှောင် ပေးဝယ်

တော့မည်မှာ သေချာ၏။

မုဆိုးများ နားထဲတွင် " ကတိုးနီဟူသော စကားအစား



www.burmeseclassic.com

www.burmeseclassic.com



ရတနာသိုက် - ရတနာသိုက် " ဟူ၍ ပြောင်းလဲကြားယောင် နေကြသည်။

သို့ကြောင့် သူ့ထက်ငါ အလုအယက် တက်ရောက် ရှာဖွေနေကြခြင်း ဖြစ်၏။

သို့သော် ကတိုးနီနောက် လိုက်ကြသူတိုင်း၊ ကတိုးနီကို တွေ့သူတိုင်း အန္တရာယ်ဆိုးနှင့် ကြုံတွေ့ကြရသဖြင့် ရွာလူကြီး ဦးခွန်ဘရင်ကိုယ်တိုင် ရွာသူ ရွာသား မုဆိုးများကိုခေါ်၍ သတိ ပေးထားရခြင်းအထိ ဖြစ်နေတော့သည်။

တစ်ဆင့်စကား တစ်ဆင့်နားဆိုသလို ကြားနေ ပြောနေ ကြဖြင်းပင် ဖြစ်လင့်ကစား ကတိုးနီသည် မန်စေခွန်ရွာမှ သေ ဆုံးသွားသော နီမောင့်ဖခင် ဦးလဘုန်နှင့် တစ်နည်းတစ်ဖုံ ဆက်စပ်နေခြင်းကမူ အခိုင်အမာ ဖြစ်နေတော့သည်။

အချို့ကမူ .....

ဦးလဘုန်သည် တောင်ပေါ်၌ ကတိုးနီနှင့် ဆုံခဲ့ဖူး သည်။ မျက်စိလည်ပြီး တောင်တန်းတစ်နေရာတွင် ရောက်နေ





ခဲ့သော ဦးလဘုန်သည် နေဝင်ခါနီးအချိန် ဖွေးဖွေးဖြူနေသော ရေခဲပြင်ပေါ်တွင် ကတ္တီပါရောင် တောက်ပလျှက်ရှိသော ကတိုးနီအား အမှတ်မထင် တွေ့ခဲ့ရသည်။

တောင်တန်းပေါ်တွင် မေးတင်စပြုနေသော ဆည်းဆာ ရောင် အောက်ကွင် လှပသော ကတိုးနီနှစ်ကောင်ကို အသေ အချာ တွေ့ပြီး သူ့အတွက် ကြမ္မာဆိုးများ ကျရောက်ခဲ့သည်။

၎င်း ကတိုးနီသတင်းကို မန်စေခွန်ရွာတွင်သာမက အနီးဝန်းကျင်ရွာများက မုဆိုးများက စိတ်ဝင်စားကြသည်။

ထိုသူများထဲတွင် နီမောင်၏မိခင် မနန်းမေနှင့် လက်ထပ်ရန် ကမ်းလှမ်းလာသည့် ဝန်ဆန်ရွာမှ မုဆိုးကြီး "ဇာမုန်းထန်" လည်း တစ်ဦးအပါအဝင် ဖြစ်သည်။

အားလုံးကတော့ ဇာမုန်းထန်သည် မနန်းမေအား လက် ထပ်လိုခြင်းမှာ သေရိုးသားရိုးမှ ဟုတ်ပါလေစဟု သံသယ ရှိနေ ကြသည်။

ဇာမုန်းထန်သည် မနန်းမေ၏ ဆွေမျိုးအသိုင်းအဝိုင်း



www.burmeseclassic.com

www.burmeseclassic.com



သို့ ချဉ်းကပ်ကာ လက်ထပ်ရန် ကြိုးစားလာခြင်းမှာ ကတိုးနီ များနှင့် ဆက်နွယ်ပတ်သက်နေသော " ခန်းအောက်မြစ်သိုက်" နှင့် တစ်နည်းတစ်ဖုံ ဆက်စပ်နေလိမ့်မည်ဟု ထင်နေကြသည်။

ထိုအကြောင်းကို နီမောင်ကလည်း ရိပ်မိသည်။

" ဒီလူကြီး အမေ့ကို လက်ထပ်တာ မေတ္တာရှိလို့တော့ ာယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး ၊

ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး၊

ဦး အဖေတွေ့ခဲ့တယ်ဆိုတဲ့ ကတိုးနီနဲ့ ခန်းတောက်မြစ် က် မြေပုံကို လိုချင်လို့ပဲ ဖြစ်ရမယ် "

ဖြစ်နိုင်ရင် အမေ့ကို ထိုလူကြမ်းကြီးနှင့် မယူစေချင်ပါ။ ဒါပေမဲ့ ကြီးကဲတဲ့လူများက အတင်းစီစဉ်ကြပြန်တော့ နီမောင့် ခမျာ ဘာမှ မတက်နိုင်ပေ . . . . . .။

သည်နေ့မနက်စောစောကတည်းက အမေ့အား ဇာမုန်းထန် လာခေါ် သွားသဖြင့် ဝန်ဆန်ရွာသို့ လိုက်သွားလေ သည်။ နီမောင်အတွက် နံနက်စာအဖြစ် ကောက်ညှင်းကျဉ်

မြိတ်စာပေ



ာက်နှင့် အသားခြောက်မီးကင် စီစဉ်ပေးထားသည်။

အမေ ဝန်ဆန်ရွာသို့ ဘာကြောင့် လိုက်သွားသည်ကို မောင် မသိပေ . . . .။

သိလည်း မသိချင်ပါ။

ဆွေပြုမျိုးပြု မဟုတ်မှန်းတော့ သိသည်။

ရင်ထဲမှာ မကျေနပ်သော်လည်း မပြောသာပေ . . .။

အပြင်ဘက်တွင် နှင်းမှုန်နှင်းစက်များ ဝေ့ဆိုင်းလျှက် သည်။

တစ်ချက်တစ်ချက် ဝေ့ဝင်လာသော ဆောင်းလေနှင့် ာ နှင်းစက်များ ပါလာတတ်သည်။

နီမောင်သည် အအေးဒဏ်ကို ကာကွယ်နိုင်ရန် မီးဖိုနား င် ထိုင်ရင်း မီးတောက်များ မပြတ်စေရန် ထင်းရှူးအမြစ်တုံး း ထည့်ပေးသည်။

ထို့နောက် - အမေစီစဉ်ပေးခဲ့သော ကောက်ညှင်း စ်ကိုက်၊ ဖခါးတစ်ကိုက်နှင့် တစ်ယောက်တည်းအငွေ့

မြိတ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကောင်းနေသည်။

ခေါင်းရင်းဘက်တွင် ကျား၊ ကျားသစ်၊ ဝံရေမျှား သစ်ပင်များ၊ ဆတ်ချိုး၊ ပြောင်ချိုး၊ ဝက်စွယ်များကို ဧည့်ခန်း၏ အလှအပအဖြစ် အစီအရီ ချိတ်ဆွဲထားသည်။ အဖေ့ လက်ရာများ ဖြစ်ကြသည်။

နံရံထက်၌မူ အဖေ့လက်စွဲတော် ဒူးလေးနှင့်လှံမတစ်လက် ချိတ်ဆွဲထားသည်။ အဖေသည် ဒူးလေးပစ်လက်ဖြောင့်သလို လှံထိုးလည်းတော်သည်။

တော်ရုံ အနီးကပ်တွေ့သော သားကောင်များကို လှံတစ်လက်ဖြင့်ထိုးဖမ်းလေ့ရှိသည်။

ခါကာဘိုရာဇီပေါ် နောက်ဆုံးတက်သွားသောအခေါက်က အဖေသည် သူ၏လက်စွဲတော်ဒူးလေးနှင့် လှံမကို ယူမသွားခဲ့ပေ . . . ।

သို့ကြောင့်များ ယခုလိုအသက်ဆုံးရသလားဟု နီမောင် တွေးမိသည်။

မြိတ်စာပေ



ဘာပဲဖြစ်ဖြစ် . . . ।

အဖေ့ရဲ့ အမွေကိုတော့ ရအောင်ယူရပေမည်။

အဖေ့လက်နက်များနှင့် အဖေ့ခြေရာနင်းနိုင်အောင် ကြိုးစားရမည်။

အဖေမသေခင်က ပြသွားသော--တောတောင်မာယာ၏ လျှို့ဝှက်ချက်များ၊

သားကောင်၊ တောကောင်များတို့၏ဓလေ့စရိုက်များ၊ ထိသေအာဆိပ်၊ တစ်ဆွေ့ခုန်၊ နှစ်ဆွေ့ခုန် အဆိပ်ဖော်စပ် နည်းများ၊

လှံထိုးပုံ၊ မြားပစ်နည်းများကို အဖေသေအချာ သင်ပေးခဲ့သည်။

တစ်နေ့ကျရင်မန်စေခွန်ရွာတွင်သာမက ခါကာဘိုရာဇီ တောင်ပေါ်မှာ ထိပ်တန်းစာရင်းဝင် မုဆိုးတစ်ယောက် ဖြစ်လာရမည်ဟု ဆုံးဖြတ်ချက်ချထားသည်။

ဒါမှ အဖေဖြစ်စေချင်တာတွေဖြစ်မည်။

မြိတ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အဖေကို ကျေးဇူးဆပ်ရာရောက်မည်။

" နီမောင် - နီမောင်"

**အိမ်အောက်** နှင်းတောထဲမှ ခေါ်သံတစ်သံ ထွက်လာသည်။

**ကိုယ့်**အတွေးနှင့်ကိုယ်မို့ အောက်မှခေါ်သံကို **ရုတ်တရက်** မကြားမိပေ--။

" နီမောင် - နီမောင်- ရေ--"။

" ဝေး--- "

ခေါ်သံကို သဲ့သဲ့ကြားလိုက်တော့မှ အတွေးစကိုရပ်ပြီး ပြတင်းပေါက်နားသွားကာ အောက်သို့ငုံ့ကြည့်သည်။

နှင်းတောထဲမှ လူတစ်ယောက်ရပ်နေသည်။ ဝေ့ဝေ့ဝါးဝါးရှိသော်လည်း မြင်ရုံနှင့် မှတ်မိလွယ်သော ပုံရိပ်ပေမို့ ကဗျာကရာ တခါးပေါက်ရှိရာသို့သွားကာ ဝါးလှေကားကို အောက်သို့ထိုးချပေးလိုက်သည်။

အပေါ်ရောက်ခါနီးတော့ နီမောင်က လက်ကို ဆွဲတင်ပေး လိုက်သည်။

မြိတ်စာပေ



သူ့မခေါင်းတွင်ပတ်ထားသော စောင်တဘက် လေးတွင် နှင်းမှုန်နှင်းစက်များ အဖွေးသားပါ လာသည်။

" ကေဇာ - မနက်အစောကြီး နင်ဘာလာလုပ်တာလဲ

" နင့်ဆီလာတာပေါ့၊ ငါ မနက်က ကျောင်းကို မ်းပို့ဖို့ ထချက်တော့ အရိုးကိုလူတစ်ယောက်နဲ့ ထွက်သွား ာ တွေ့လို့ ဆွမ်းပို့ရင်းလှည့်ဝင်လာတာ---"

" ကဲ အထဲဝင်လေ-- အပြင်မှာသိပ်အေးတယ်--"

းကောဇာ တဲထဲဝင်သွားတော့ နီမောင်က ဝါးလှေခါးကို ်တင်ခဲ့ပြီးမှ တဲထဲဝင်လိုက်သွားသည်။

နှစ်ယောက်သား မီးဖိုအနီးတွင် မျက်နှာချင်းဆိုင် ိုင်လိုက်ကြသည်။

နီမောင်က ဖခါးရည်ပူပူကို ဝါးဆစ်ပိုင်းဖြင့်ထည့်ကာ ်းကေဇာ အားပေးသည်။ ထို့နောက်ဗောစောက ားလက်စ ကောက်ညှင်းကျည်တောက်နှင့် အသားခြောက် ်းကန်ကိုလဲ ကမ်းပေးလိုက်သည်။

မြိတ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



နန်းကေဇာက ဖခါးတစ်ကျိုက် သောက်လိုက်ပြီးမှ ကောက်ညှင်းကျည်ပောက်ပိုင်းကို ပယူစားရင်းမေးသည်။

" ငါ မနေ့က လာသေးတယ်---နင့်ကိုမတွေ့ရဘူး တောင်ပေါ်သွားနေတာဆို--- "

" ဟုတ်တယ်- ငါစိတ်ညစ်ရင်-တောင်ခြေမှာ သွားထိုင်နေတာ---"

"နင် တောင်ပေါ်ကို တစ်ယောက်ထဲ သွားသွား မနေနဲ့နီမောင်---၊ အခုတလော တောင်ပေါ်မှာ အန္တရာယ် တွေများနေတယ်ဆိုတာ နင်လဲအကြားသားနဲ့--"

"ငါ အိမ်မှာ သိပ်မနေချင်ဘူး ကေဇာရယ်"

"ဘာလဲ - အရီး ယောက်ကျားယူမယ့်ကိစ္စလား၊ နင့်ကို ငါနားလည်ပါတယ်၊မနက်ကသွားတာ သူယူမယ့်ယောက်ကျား လား" -

နီမောင်က ခေါင်းညိတ်ပြသည်။

"ငါတွေ့ခဲ့ကတယ်-၊ ရုပ်ကတော့ အတော်ကြမ်းတယ်





ဘာပဲဖြစ်ဖြစ်ပေါ့ဟယ်--၊ အရီးကိုလည်း အပြစ်မတင်ပါနဲ့၊ အရီးလည်း သူ့သဘောပါလို့ လုပ်ရတာမှမဟုတ်တာ--- တို့လည်းကြားပါတယ်--၊ ဒီအတွက်နဲ့တော့ နင် ထင်ရာတွေ လျှောက်လုပ်မနေပါနဲ့၊ တစ်ခုခု ဖြစ်သွားရင် ကိုယ့်အတွက် မကောင်းဘူး . . .။

နီမောင်က နန်းကေဇာ မျက်နှာလေးကို တစ်ချက် ယှမ်း ကြည့်လိုက်သည်။

နန်းကေဇာမျက်ဝန်းတွင် စိုးရိမ်စိတ်ကလေးများ ယှက် သန်းနေသည်။

သူမ၏ အပြစ်ကင်းစင်သော မျက်နှာပြင်ပေါ်မှာ ပန်းနု ရောင် ပါးအို့လေးများက ထွေးထွေးအိအိ . . .။

ကြည်လင်တောက်ပသော မျက်ဝန်းများက ရွှန်းလဲ့ တောက်ပစွာ ရှိသည်။ ပြုံးလိုက်တိုင်း ပါးပြင်ပေါ်မှ ပါးချိုင့်လေး နှစ်ဖက်က ချစ်စရာ ကောင်းလှသည်။

" ဘာပဲဖြစ်ဖြစ်ပေါ့ ကေဇာရယ်၊ ကိုယ်ဖြစ်ချင်သလို



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်ဘဲ၊ သူဖြစ်ချင်သလို ငါ့အတွက် မကောင်းတာတွေချည်
ပေးနေချင်တဲ့ လောကကြီးကို တကယ်ပဲ စိတ်ကုန်တယ် . . .

တစ်ခါတစ်ခါတော့လည်း လက်လျှော့ပေးလိုက်
ချင်စိတ်တောင် ပေါ်လာမိတယ် . . . "

နန်းကေဇာက သောက်လက်စ ဖခါးခွက်ကို အောက်
ကို ပြန်ချပြီး နီမောင့်ကို တစ်ချက် ကြည့်လိုက်သည်။

" ဒီမှာနီမောင် . . .

ဘဝကို လွယ်လွယ်နဲ့ လက်မြှောက်အရှုံးပေးတယ်
ဆိုတာ ယောကျ်ားကောင်းတွေရဲ့အလုပ် မဟုတ်ဘူး၊ ယောကျ်ား
ကောင်းဖြစ်ပြီး ပျော့ညံ့တဲ့ စိတ်ရှိတဲ့လူကိုလဲ ငါမခင်ချင်ဘူး
ဘာဖြစ်လို့ စိတ်ဓာတ်တွေ ဒီလောက်ကျနေတာလဲ . . .၊ နင့်မှာ
ရည်ရွယ်ချက်၊ ရည်မှန်းချက်တွေဆိုတာ ဘာတစ်ခုမှ မရှိဘူးလား
ဟင် . . . "

နန်းကေဇာစကားကြောင့် နီမောင် တစ်ချက်တွေသွား
သည်။ ရင်ထဲမှာလည်း တစ်စုံတစ်ခုအတွက် လှုပ်ခပ်သွားသည်





ရည်ရွယ်ချက်တွေ . . . . .

ရည်မှန်းချက်တွေ . . . . .

ဟုတ်သားပဲ . . .။

နန်းကေဇာပြောသလို ငါ့မှာ လုပ်စရာတွေ အများကြီး
ကျန်နေသေးတာပဲ . . .။

အဖေမသေခင်က မျှော်လင့်ထားခဲ့သလို မုဆိုးကောင်း
တစ်ယောက်ဖြစ်အောင် လုပ်ရမယ် . . .၊

အဖေရှာတွေ့ခဲ့တဲ့ ခန်းတောက်မြစ်သိုက်ကြီးနဲ့ ကတိုးနီ
နှစ်ကောင်ကိုလဲ တွေ့အောင် ရှာရဦးမယ် . . .၊

ဒါတွေကို ရှာတွေ့ရင် အမေ့ကို ဒီဒုက္ခတွေကြားက
ဆွဲထုတ်နိုင်ပြီပေါ့ . . .၊

ဒို့သားမိနှစ်ယောက် . . ဟိုး . . ပြည်မဘက်သွားပြီး
အေးအေးချမ်းချမ်း ပြည့်ပြည့်စုံစုံနဲ့ နေလို့ရပြီတဲ့၊ ဒါဆို ပြည့်စုံ
ပြီပေါ့ . . .၊

အို . . . အရေးကြီးဆုံးကိုမေ့နေလိုက်တာ . . .၊



www.burmeseclassic.com

www.burmeseclassic.com



နန်းကေဇာကို ဘာဖြစ်လို့ မေ့ထားခဲ့ရတာလဲ . . .၊ သူဟာ ငါ့ဘဝအတွက် အလင်းရောင်တစ်ခုပဲ၊ သူ့ကို မေ့ထား ချန်ထားခဲ့လို့ ဘယ်ဖြစ်မှာလဲ . . . . .၊

ငါ့ဘဝထဲမှာ သူရှိမှ ပြည့်စုံမှာ . . . . .၊

အို . . . အတွေးနဲ့တောင် ပျော်စရာပါလား . . .။

တစ်ယောက်ထဲ အတွေးနယ်ချဲ့ရင်း ကြည်နူးစိတ်ဖြစ်သွားသော နီမောင်နှုတ်ခမ်းစွန်းပေါ်တွင် အပြုံးရိပ်ကလေး တစ်ချက် သန်းသွားသည်။

နီမောင့်ကို အကဲခတ်လိုက်မိသော နန်းကေဇာက . .၊

" နီမောင် . . . တစ်ယောက်ထဲ ဘာတွေတွေးပြီး သဘောကျနေတာလဲ . . .၊ တော်ကြာ အတွေးလွန်ပြီး ရူးသွားဦးမယ်၊ သတိလဲထားဦး . . .၊ "

" နင့်ကို ငါ သိပ်ပြီး ကျေးဇူးတင်ပါတယ် နန်းကေဇာ၊ နောက်ကို ငါ ဘယ်တော့မှ စိတ်ဓာတ်မကျတော့ပါဘူး၊ အဖေမျှော်လင့်ခဲ့တဲ့အတိုင်း မှုဆိုးကောင်းတစ်ယောက်ဖြစ်အောင်





လုပ်ရမယ်၊ ပြီးရင် ခန်းတောက်မြစ်သိုက်နဲ့ ကတိုးနီတွေကို တွေ့အောင် ရှာရမယ် . . . "

" ကတိုးနီရှာတဲ့အလုပ်က သိပ်ပြီး အန္တရာယ်များလှတယ်၊ ဒီလောက် အန္တရာယ်များတဲ့ အလုပ်တွေမလုပ်ပဲ ရွာမှာပဲ အေးအေးဆေးဆေး နေပါလားဟင် "

" နေပါတယ် . . တစ်နေ့ကျရင် နင်ဖြစ်စေချင်သလို အေးအေးချမ်းချမ်း နေပါ့မယ်၊ အခုတော့ မဖြစ်သေးဘူး၊ ငါ့ဘဝအတွက်၊ ငါ့အဖေအမေအတွက် လုပ်ပေးစရာတွေ အများကြီး ကျန်သေးတယ်၊ ဒါတွေပြီးရင်တော့ တို့ဘဝလေး အေးချမ်းသွားမှာပါ . . . "

နီမောင်ကပြောရင်း နန်းကေဇာကို တစ်ချက် လှမ်းကြည့်သည်၊ နန်းကေဇာကလည်း ပြန်အကြည့်နှင့် အကြည့်ချင်းဆုံသွားသော အခိုက်အတန့်ဝယ် ရင်ထဲမှာလည်း နားလည်မှုလေးတွေ ရှိနေကြသည်။

အခန်းထဲမှာ အခိုက်အတန့် တိတ်ဆိတ် ငြိမ်သက်သွား



www.burmeseclassic.com

www.burmeseclassic.com



ပြီး၊ မီးဖိုမှ ထင်းစများ မီးစွဲသံတဖျစ်ဖျစ်မြည်သံသာ ပေါ်ထွက်နေ၏။

နှင်းထုကို ထိုးဖောက်ရန် အားယူလာသော နံနက်ခင်း အလင်းရောင်မှာ ပတ်ဝန်းကျင် တစ်ဝိုက်တစ်စတစ်နေရာ ယူလာတော့သည်။





အခန်း (၆)

ယခုတလော မန်စွေရွာထဲတွင် ဆေးမြစ်ဆေးဥဝယ်သူ၊ ခန်းတောက်မြစ်၊ မချစ်ဥ ဝယ်သူ၊ ကတိုးမွှေးဝယ်သူ၊ ကျောက်ဝယ်သူ၊ ရွှေဝယ်သူများစွာတို့ ခြေရှုပ်လျှက်ရှိသည်။

သည်နှစ် မန်စွေခွန်ရွာသားများထံမှ ကတိုးနီ ရနိုင်သည် ဟူသော ကောလဟာလသတင်းကြောင့်လည်း မက်လုံးဖြင့် လာရောက်ကြသူများလည်း ပါသည်။

ထိုအထဲတွင် နယ်စပ်ဘက်မှ လာကြသော လူသုံးဦး လည်း ပါသည်။

သူတို့သည် အထုပ်အပိုးများဖြင့် ဦးခွန်ဘရင်အိမ်သို့ တန်းတန်းမက်မက် သွားကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးခွန်ဘရင်မှာ မန်ဆွေရွာတွင် ရွာလူကြီးတစ်ယောက် ဖြစ်ရုံမက သြဇာလည်းရှိသည်။ ရွာသူရွာသားများက သူ့အား ချစ်ကြောက်ရိုသေကြသည်။

ထိုအချက်ကို သိသော စီးပွားရေးသမားများက ဦးခွန်ဘရင်အား ပေါင်းသင်းထားကြသည်။ လက်ဆောင်အမျိုးမျိုးအပြင် ငွေကြေးနှင့် နိုင်ငံခြားအရက်များကိုပါ ပေး၍ စည်းရုံးထားကြသည်။

မန်ဆွေရွာ အပါအဝင် အနီးဝန်းကျင်ရှိ ရွာသားများထံမှ ပစ္စည်းများ ဝယ်ယူလိုလျှင် ဦးခွန်ဘရင်မှတစ်ဆင့် ဝယ်ပါက အလွယ်တကူ ရနိုင်ကြောင်း သိထားကြသည်။

ကုန်သည်များထံတွင် ဒေသခံများ ကြိုက်နှစ်သက်သော အရက်၊ ဆေးလိပ်၊ အဝတ်အထည်၊ ဆေးဝါးပစ္စည်း၊ အလှကုန်ပစ္စည်းများ ပါလာကြသည်။

သူတို့သည် ထိုပစ္စည်းများကို အဆမတန် ဈေးတင်ထားပြီး ဒေသထွက်ကုန်ပစ္စည်းများနှင့် လဲလှယ်ယူကြသည်။





အစားအသောက် ပစ္စည်းများကို တောင်ပေါ်သို့ တစ်ပါတည်း သယ်ယူသွားပြီး ပစ္စည်းရလာလျှင် တစ်ခါတည်း ဈေးသင့်ပြီး လဲယူကြသည်။

အယူသဖြင့် အရက်၊ စီးကရက်နှင့် အစားအသောက်ပစ္စည်းများမှာ အလုပ်သမားများ အကြိုက်များလှသည်။

အချို့ကတော့ ကင်မရာများ ယူလာပြီး တောင်ပေါ်တွင် တစ်ခါတည်းရိုက်၊ တစ်ခါထဲကူးပေးပြီး ဓာတ်ပုံတစ်ပုံကို နှစ်ရာသုံးရာအထိ တောင်းယူကြသည်။

အချို့ တောင်ပေါ်သားများဆိုလျှင် အရက်မူးမူးနှင့် ကက်ဆက်များဝယ်၍ နားထောင်ကြပြီး ဓာတ်ခဲကုန်သွားလျှင် ဆိုနေရာတွင် တစ်ခါတည်း ပစ်ထားခဲ့ကြသည်။

အမှန်တော့ ထိုအချိန်မှာ တောင်ပေါ်သားတို့အတွက် ခြေကြီးကမ္ဘာသီးသောအချိန်ပေမို့ တောင်ရုံတန်ဖိုးရှိသော ပစ္စည်းများကို ဂရုမစိုက်ကြပေ . . .။

တောင်ပေါ်တွင် နှင်းများပျော်ကြသွားသောအချိန်



www.burmeseclassic.com

www.burmeseclassic.com



အဝေးမှမျှော်ကြည့်လျှင် ပန်းတောင်တန်းကြီးသဖွယ် ဖြစ်နေသောအချိန်မှာ ဒေသခံတောင်ပေါ်သားတို့အဖို့ ဖွံ့ဖြိုးချိန် . . ။

တစ်နည်းဆိုရလျှင် စိတ်ရှုးထချိန်ဟုပင် ပြောရပေမည်။ ထိုအချိန်များတွင် ဆန်ဂေါင်လမ်းတပိုက် မန်ပန်ရွာ ၊ ဂန်ဆန်ရွာ တပိုက်တွင် စီးပွားရေးသမားများ ခြေချင်းလိမ်နေတော့သည်။

ယခုလည်း မန်စွေရွာတွင်းသို့ ဝင်လာသော လူသုံးယောက်တို့မှာ ဦးခွန်ဘရင်အိမ်သို့တန်းတန်းမတ်မတ် သွားကြလေသည်။

သူတို့ခြံဝန်းထဲ ဝင်သွားသောအခါ ဦးခွန်ဘရင်က မိတ်ဟောင်းဆွေဟောင်းများပမာ ဝမ်းသာအားရ ဆီးကြိုလေသည်။

" ဝမ်ရှိန်တို့အဖွဲ့ပါလား ၊ ဒီနှစ်လာတာ စောလှချည်းလားဟ . . . "

ခေါင်းဆောင်ဖြစ်ဟန်တူသော " ဝမ်ရှိန် " ဆိုသောသူက ငွေသွားများပေါ်အောင်ပြုံးရင်း နှုတ်ဆက်စကားဆိုသည်။

" စောစောလာမှ ပစ္စည်းများများရမှာမဟုတ်လား၊





ဦးခွန်ဘရင် နေကောင်းတယ်မဟုတ်လား၊ အခုလို ကျန်းကျန်းမာမာ တွေ့ရတာ ဝမ်းသာပါတယ်ဗျာ "

ဝမ်ရှိန်က ပဲနေသောစကားကို ပီသအောင်ပြောရင်း ဖက်လှဲတကင်း နှုတ်ဆက်သည်။

၎င်းတို့အဖွဲ့အား ဦးခွန်ဘရင်ကိုယ်တိုင် ဦးဆောင်ပြီး အိမ်ထဲခေါ်သွားသည်။

အိမ်ပေါ်ရောက်သောအခါ ဝမ်ရှိန်တို့က အသင့်ဆောင်ယူလာသော ပစ္စည်းများကို ထုတ်ပေးသည်။ အမျိုးအမည်များလှသော ပစ္စည်းများထဲမှ ဘရန်ဒီပုလင်းကို မြင်သောအခါ ဦးခွန်ဘရင် သဘောကျသွားသည်။

" ဒါက ဦးအတွက် ဘရန်ဒီ၊ သိပ်ရှားနေလို့ မနည်းရအောင် ရှာဝယ်ခဲ့ရတယ် "

ဦးခွန်ဘရင်က အိမ်အတွင်းဘက်သို့ တစ်ချက်ကြည့်ပြီး ပုလင်းကို သေတ္တာတစ်လုံးထဲ ဝှက်ထားလိုက်သည်။

" ဒါက တခြားလူတွေမြင်လို့မဖြစ်ဖူး၊ အသက်ကြီး



www.burmeseclassic.com

www.burmeseclassic.com



လာတော့ ဆေးဖက်ဝါးဖက်အတွက် ထားရတယ် . . ။"

ဝမ်ရှိန်တို့အဖွဲ့က သဘောကျစွာ ရယ်လိုက်ကြသည်။

" ဒါက ဦးသမီးအတွက် ပစ္စည်းတွေပါ။ သူ့နာမည်က ဘာပါလိမ့် "

" နန်းကေဇာပါ "

" ဟုတ်ပြီ . . . ဟုတ်ပြီ ၊ ဒါကသူ့အတွက် အလှပြင်ပစ္စည်းတွေနဲ့ အဝတ်အစားတွေပါ . . . "

" ဒုက္ခရှာလို့ကွယ် ၊ ဘာဖြစ်လို့ ဒီလောက်အများကြီး ဝယ်လာကြတာလဲ . . . အားနာစရာဖြစ်နေပြီ . . . "

" အား ဒီလိုမပြောနဲ့လေ ၊ ဦးခွန်ဘရင်ကျေးဇူးတွေက ကျွန်တော်တို့အပေါ်မှာ အများကြီး ရှိတာပဲ ၊ အရင်နှစ်ကလဲ ပစ္စည်းတွေ လိုသလောက်ရတယ် ၊ ဒီနှစ်လဲ ကူညီလက်စနဲ့ ကူညီပေးပါဦးနော် "

ဦးခွန်ဘရင်က သူဆောင်ရွက်ပေးသမျှကို အသိအမှတ်ပြုသောအခါ ကျေနပ်စွာပြုံးရင်း " ရပါတယ်ဗျာ၊ ရပါတယ် "





ဟု ရယရယ်မောမော ပြန်ပြောလိုက်သည်။

ဦးခွန်ဘရင်က နံနက်စာအဖြစ် ဝက်ပေါင်းခြောက်ဟင်း၊ လပ်ခါးဟင်းချို၊ ဝက်သားဟင်း စသည်တို့နှင့် ဖွယ်ဖွယ်ရာရာ စီစဉ်ပြီး ကျွေးမွေးဧည့်ခံသည်။

ထမင်းမစားခင် ဆေးဖြစ်ဝါးဖြစ် ဘရန်ဒီတစ်ဂျိုက် လောက် သောက်ထားကြသဖြင့် အာဝဇ္ဇန်းရွှင်နေကြသည်။

နန်းကေဇာကမူ ဖခင်ကြီးက စီစဉ်ခိုင်းသဖြင့် အိမ်ရှင် တွားမပျက် စီစဉ်ဆောင်ရွက်ပေးရသော်လည်း ဝမ်ရှိန်တို့ အဖွဲ့ကို သဘောမကျလှပေ။

သို့သော်လည်း စီးပွားရေးအတွက် ဆက်သွယ်ဆောင် ရွက်နေရသဖြင့် မနှစ်သက်သော်လည်း ဧအာင့်အီးသည်းခံ ဆောင်ရွက်ပေးနေရရှာသည်။

နေ့ဘက်တွင် ဦးခွန်ဘရင်က ရွာထဲမှလူအချို့ကို ခေါ်ပြောသည်။

" ခေါ်ရတဲ့ကိစ္စကတော့ အထွေအထူး မဟုတ်ပါဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာနှစ်စဉ်လာနေကျ ကုန်သည်တွေ ရောက်လာကြပြီ၊ ခါတိုင်းနှစ်တွေကလိုပဲ မင်းတို့ဆီမှာရှိတဲ့ ပစ္စည်းတွေကို ရောင်းမယ်ဆိုရင် သူတို့ကိုပဲ ရောင်းကြပါ "

ထိုစကားကြားရသောအခါ ရွာသူရွာသားများက ခါတိုင်းနှစ်များကလို တက်တက်ကြွကြွ မရှိလှသည်ကို ဦးခွန်ဘရင် သတိပြုမိလိုက်သည်။

ထိုအကြောင်းကိုလည်း ရိပ်မိသည်။

အခြားမဟုတ်ပေ ။

သည်နှစ် ပွင့်လင်းရာသီတွင် တောင်ပေါ်သို့ အစိုးရအဝယ်ဒိုင်တစ်ခု လာရောက်ဖွင့်မည်ဟူသော သတင်းမှာ ရွာသူရွာသားများအဖို့ စိတ်ဝင်စားစရာ အကောင်းဆုံးဖြစ်နေတော့သည်။

အဘယ်ကြောင့်ဆိုသော် နှစ်တိုင်းနှစ်တိုင်း ရှာဖွေရသမျှပစ္စည်းများကို ကုန်သည်များပေးသမျှဈေးနှင့် ရောင်းကြရသည်။ သူတို့ ချိန်တွယ်ဝယ်ယူသော အလေးကို လက်ခံခဲ့ကြရသည်။





အခုကယ်၍ အစိုးရအဝယ်ဒိုင် လာဖွင့်လျှင် အလေးမှန်ဈေးမှန် ရလိမ့်မည်ဟု မျှော်လင့်နေကြသည်။

အားလုံးငြိမ်သက်နေသောအခါ ဝမ်ရှိန်က ၊

" ဒီနှစ် ကျွန်တော်တို့က ဈေးကောင်းကောင်း ပေးဝယ်ပါ့မယ်၊ တခြားလူတွေနဲ့ ဈေးမတူစေရပါဘူး၊ တကဈေးတူရင် ပိုပေးပါဦးမယ် ၊ . . နောက်ပြီး "

ဝမ်ရှိန်က စကားဆက်ရန်ခက်ဟန်ဖြင့် ဦးခွန်ဘရင်းလှည့်ကြည့်သည်။ ဦးခွန်ဘရင်က ဆက်ပြီး . . . ၊

" ဒီလိုပါ မင်းတို့မှာ ငွေအသုံးလေးဘာလေးလိုရင်ကြိုယူထားလို့ ရပါတယ်၊ နောက် ပစ္စည်းရလာပြီးတော့မှ ခုနှိမ်ပြီး ပြန်ဆပ်ကြတာပေါ့ "

ရွာသူရွာသားများအတွက် ထိုစကားသည် စိတ်ဝင်စားဘွယ်ရာ အကောင်းဆုံး ဖြစ်မနေတော့သည်။

မန်ပန်ရွာ၊ မန်စွေရွာ အပါအဝင် တောင်ပေါ်တောင်ခြေရွာများတွင် နေထိုင်ကြသော တောင်ပေါ်သားတိုင်း



www.burmeseclassic.com

www.burmeseclassic.com



မိုးရာသီများတွင် ကောင်ပေါ်မတက်နိုင်သဖြင့် ဝင်ငွေမရကြပေ၊

ထိုအခါ မိုးပွင့်းစာ မရှိသူများမှာ ငွေရင်ငွေနှီး ရှိသူများထံမှ လက်လှည့်သုံးယူကြရပြီး၊ ရာသီဥတု ကောင်းမွန်တော့ တောင်ယာစိုက်သူကစိုက်၊ တောင်ပေါ်တက် ပစ္စည်းရှာသူကခါတို့ . . .၊

ဦးခွန်နမ့်ပန်လုံချောင်းဘက်ဆင်းပြီး ရွှေနှင့်ကျောက်စိမ်းကုန်ကရာနှင့် ရသမျှပစ္စည်းများကို ရောင်းချကာ ကြွေးဆပ်သူကဆပ်၊ တစ်နှစ်စာအတွက် လိုအပ်သော ပစ္စည်းများ ဝယ်သူကဝယ်ကြသည်။

ယခုလို ပစ္စည်းများ လှိုင်လှိုင်မပေါ်ခင်မှာ ကြိုတင်ငွေပေးခြင်းမှာ ဝမ်းသာစရာဖြစ်သော်လည်း သည်နှစ်တော့ ငြိမ်ချက်သားကောင်းနေကြသည်။

" ကဲ ဘယ်လိုလဲ ကြိုတင်ငွေ ယူကြမယ်မဟုတ်လား၊ ယူမယ်ဆိုရင် ငါ့ရှေ့မှာ လက်မှတ်ထိုးပြီး လာယူကြလှည့်"

ဦးခွန်ဘရင်က ထပ်မံ…တိပေးလိုက်သော်လည်း





တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး မလှုပ်မယှက်ကြပေ။

ဦးခွန်ဘရင် စိတ်မရှည်ချင်တော့၊

နေရာမှ ထရပ်လိုက်ပြီး " ကိုင်း ဘယ်လိုလဲ ငြိမ်ချက်သား ကောင်းလှချည်လား၊ ယူမှာဖြင့် လာယူကြလေ . . . ဘာလုပ်နေကြတာလဲ "

ဦးခွန်ဘရင်က ရွာသူရွာသားများကို တစ်ယောက်ချင်းလိုက်၍ အကဲခပ်ရာ အသီးသီး ခေါင်းငုံ့ထားကြသည်။

ဘေးမှကြည့်နေသော ဝမ်ရှိုန်တို့ပင် စိတ်ထဲမှာ တသိကအောင့် ဖြစ်နေကြသည်။

ခါတိုင်းနှစ်က သည်လိုပြောလိုက်ရင် " သူက ဘယ်လောက်ယူမယ်၊ ငါကဘယ်လောက်ယူမယ် ၊ သူ့အရင်ပေးပါ၊ ငါ့အရင်ပေးပါ " ဟု အလုအယက် ဖြစ်နေကြသည်။

အခုတော့ ထူးထူးခြားခြား ငြိမ်ချက်သား ကောင်းနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုဖြစ်တာပါလိမ့် . . .။

ကြာတော့ ဦးခွန်ဘရင်ကိုယ်တိုင် စိတ်မရှည်ချင်တော့

" ကိုင်း ၊ ဘယ်လိုလဲ ၊ မင်းတို့တတွေ ချမ်းသာကုန်ကြပြီလား၊ ငွေကို ပေးတဲ့လူကပေးနေတာတောင် မယူချင်ကြဘူး၊

နောက်တော့မှ ငါ့ကို အပူလာမကပ်ကြနဲ့နော်၊ ဒါပေမယ့် မင်းတို့တတွေကို တစ်ခါထဲ မှာလိုက်မယ် ၊ ပစ္စည်းရောင်းတဲ့နေရာမှာ ဈေးချင်းတူရင်တော့ ဒီက ငါ့ရဲ့မိတ်ဆွေတွေကို ရောင်းဖို့တော့ မှာလိုက်မယ်နော်"

" ကဲ ၊ ပြန်ကြ ပြန်ကြ "

ဒီတော့မှ စောစောက ငြိမ်ချက်သား ကောင်းနေသော လူအုပ်ကြီးဆီမှ စကားသံများ တီးတိုးတီးတိုး ပေါ်ထွက်လာပြီး အသီးသီး ထပြန်ကြတော့သည်။





## အခန်း (၇)

နီမောင်သည် ညကအတွေးကောင်းနေသောကြောင့် အတော်ညဥ့်နက်မှ အိပ်ယာဝင်သည်။

မေ့ကနဲ အိပ်ပျော်သွားစဉ် အဖေ့ကို အိပ်မက်ထဲမှာ တွေ့ရသည်။

တောင်ပေါ်မှာ ထူးခြားတဲ့ သူတော်စင်တစ်ဦး ရှိတယ်၊ ...း သူနဲ့ တွေ့ရလိမ့်မယ် ဟု အဖေက လာပြောသည်။

အိပ်ယာက နိုးလာတော့ အလင်းရောင် အားကောင်း... ရနေပြီ။ ပြတင်းကိုဖွင့်၍ အပြင်ကို မျှော်ကြည့်လိုက်တော့ နေရောင်ခြည်တစ်စွန်းတစ်စပင် ကျရောက်နေသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင် တဝိုက်ရှိ နှင်းမှုန်နှင်းစက်များမှာ ငွေရောင် တလက်လက် တောက်ပလျှက်ရှိသည်။

နှင်းကွဲသွားသဖြင့် အဝေးမှ ရှုမျှော်ခင်းကို မြင်နေရသည်။

တမျှော်တခေါ် မြင်နေရသောရွာ၏ ခြံစည်းရိုးများ လွှမ်းလျှင်မြူငွေ့များ အုပ်ဆိုင်းလျှက်ရှိသော လွင်ပြင်တစ်ခုရှိပြီး ဟိုဘက်မှာတော့ မြူတောင်တန်းကြီးများကို လှမ်းမြင်ရသည်။

နေရောင်ခြည်ကျဆင်းလာသဖြင့် နှင်းများတဖြည်းဖြည်း အရည်ပျော်စပြုနေသော တောင်တန်းများပေါ်တွင် ရောင်စုံပန်းများဖူးပွင့်လျက်ရှိရာ အဝေးမှကြည့်လျှင် ပန်းတောင်တန်းကြီးသဖွယ် ဖြစ်နေတော့သည်။

" အင်း . . . ဒီနေ့နေသာတာပဲ တောင်ပေါ် [တ]က်ကြည့်ဦးမှပဲ "

တစ်ယောက်တည်း ဆုံးဖြတ်ချက် ချကာ အမေပြင်ပေးသော နံနက်စာကိုစားပြီး လိုအပ်သော လက်နက်ပစ္စည်းများ





ပြင်နေစဉ် အမေကမေးသည်။

" သား ၊ မင်း တောင်ပေါ်တက်မလို့လား "

အမေ့အသံမှာ စိုးရိမ်မှုများ ယှက်သန်းနေသည်။

" ဟုတ်တယ်အမေ "

နီမောင်က ခေါင်းညိတ်ပြပြီး သားမွေးအင်္ကျီဝတ်ကာ တောစီးဖိနပ်ကိုစီးနေသည်။

" မင်းတစ်ယောက်တည်းသွားမှာလား "

" ဘယ်သူနဲ့မှ အတူတူသွားမယ်လို့ ကြိုချိန်းမထားတော့ သူတို့လဲ အသီးသီး သွားနှင့်ကုန်ကြရောပေါ့အမေ "

" တစ်ယောက်တည်းဆိုရင်တော့ အဝေးကြီး လျှောက်မသွားပါနဲ့သားရယ်၊ မင်းကို အမေစိတ်မချလို့ပါ၊ ကံပေးသမျှတော့ ရမှာပေါ့သားရယ် "

" ဟုတ်ကဲ့ပါအမေ "

နီမောင်က တောင်တက်လျှင် ဆောင်ယူလေ့ရှိသော ဓါးတစ်လက်၊ အဖေကိုင်တဲ့လှံမ၊ ဒူးလေးနှင့် မြားပူးတို့ကိုယူပြီး



www.burmeseclassic.com

www.burmeseclassic.com



အမေထည့်ပေးသော ရိက္ခာခြောက်ထုတ်ကိုပါ ယူကာ အိမ်ပေါ်မှ အောက်သို့ ခုန်ဆင်းလာခဲ့သည်။

လမ်းတလျှောက်လုံး တောင်တက်ကြမည့် အခြားအဖော်များနှင့် တွေ့ရသည်။

သို့သော် သူတစ်လမ်းသွား၊ ကိုယ်တစ်လမ်းသွား။

တောလိုက်သူများမှာ အဖော်မရှာပဲ တစ်ယောက်တည်းသွားလေ့ရှိကြသည်။ အဖော်များလျှင် စိတ်ကူးချင်းကွာပြီး အဆင်မပြေမှုများ ကြုံတက်ကြသည်။

ရွာမှ တောင်ခြေရောက်အောင် အတော်လျှောက်ရသည်။ သွားနေကျ လျှောက်နေကျဖြစ်သောကြောင့်သာ မသိသာသော်လည်း ချွေးပြန်အောင် လျှောက်ရသည်။

ဘာပဲဖြစ်ဖြစ် . . . . . ။

ယခုလို သွားနေရခြင်းက နီမောင့်အတွက် လွတ်လွတ်လပ်လပ်နှင့် စိတ်လက်ပေါ့ပါးမှု ရှိသည်။

**နီမောင် တောင်ပေါ်မတက်တာ ကြာပြီ။** ယခုလို သွားရ





**မြန်တော့** **စိတ်ထဲမှာ** တက်ကြွမှုများဖြင့် တောကိုဖြတ်သည်။

**ကောင်ကိုပတ်သည်။**

တောင်စောင်းတွေကို ခက်ခက်ခဲခဲ တက်သည်။

ဒူးလေးနှင့်မြား ပါသော်လည်း သားကောင်ပစ်ခတ်ဖမ်းဆီးခြင်းထက် အခြားသော ဆေးဖက်ဝင်အပင်အမြစ်များရှာဖွေခြင်းကို ပိုမိုစိတ်ဝင်စားသည်။

တွေ့သမျှ နွယ်ချို၊ ကရဝေး၊ ခန်းတောက်မြစ်၊ မချစ်ဥများ နှုတ်ယူ၍ အသင့်ပါသော ကျောပလိုင်းအတွင်းသို့ ထည့်သည်။

**ထိုသို့ရှာဖွေနေရင်း** “ အခုနေများ အဖေတွေ့ခဲ့တဲ့ ခန်းတောက်မြစ်သိုက်ကြီးတို့ တွေ့ရရင် ဘယ်လောက်ကောင်းမလဲ ၊ ဒီလိုသာ တွေ့လို့ကတော့ အမေ့ကို ဆင်းရဲတွင်းက ကယ်ပြီး ဟိုလူကြီးလက်ကလွတ်အောင် ဟိုး အဝေးမှာ သွားနေလိုက်မှာ . . ၊

အဲဒီလိုသွားနေတဲ့အခါ နန်းကေဇာပါ ပါ[illegible] သိပ်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းမှာပဲ . . . . . " ဟု တွေးရင်း ကိုယ့်အတွေးနှင့်ကိုယ် ပီတိဖြစ်ကာ ပြုံးလိုက်မိသည်။

တစ်မနက်လုံး မမောတမ်း လျှောက်သွားနေသော နီမောင်သည် နေအတော်မြင့်သောအခါ တောင်အမြင့်ပေါ်သို့ ရောက်ခဲ့သည်။

ကျောက်စွန်း ကျောက်စွယ်များကို ကျော်ဖြတ်ပြီး လာသော နီမောင်သည် တောင်စွန်းတစ်နေရာတွင် အလွန်မြင့် သော သစ်ပင်ကြီးတစ်ပင်အောက် ရောက်သောအခါ ခဏ နားလိုက်သည်။

နှင်းမှုန်နှင်းစက်များကြားတွင် သွားလာလှုပ်ရှား နေရ သည် ဆိုသော်ငြားလည်း တစ်ကိုယ်လုံး ချွေးပြိုက်ပြိုက် ကျနေသည်။

ဘောင်းဘီနှင့် အင်္ကျီတို့၌ ချွေးစက်နှင်းစက်များ ရောထွေးစွတ်စိုနေ၏။

သူသည် သစ်ပင်အောက် ရောက်သောအခါ ပလိုင်းနှင့်





လက်နက်ပစ္စည်းများကိုချကာ မလှမ်းမကမ်းရှိ တောင်စောင်း တစ်နေရာတွင် စီးကျနေသောရေကို ခပ်ယူပြီး အမေထည့်ပေး လိုက်သော အစားအသောက်များကို စားသောက်ရန် ပြင်ဆင်နေစဉ် မလှမ်းမကမ်း သစ်တောစပ်တစ်နေရာမှ လှုပ်ရှား မှု တစ်ခုကို တွေ့လိုက်ရသဖြင့် ဒူးလေးကို ကောက်ကိုင်လိုက် သည်။

မကြာမီ တောစပ်တစ်နေရာမှ လူတစ်ယောက် ထွက်လာသည်။

ခေါင်းပေါင်းဖြူ မုတ်ဆိတ်ဖြူ အဝတ်အစားအဖြူများ ကို ဝတ်ဆင်ထားသော လူကြီးတစ်ယောက်ဖြစ်သည်။

နီမောင် ဒူးလေးကို ပြန်ချထားလိုက်ပြီး အကဲခပ် ကြည့်နေစဉ် ထိုလူကြီးက မလှမ်းမကမ်းသို့ ရောက်လာသည်။

သူ့ကိုမြင်သောအခါ ပြုံး၍နှုတ်ဆက်သည်။

" အဘ ဘယ်ကလာတာလဲ၊ ဒီနားက ရွာတွေကတော့ မှတ်မယ်မထင်ဘူး၊ ဘယ်မှာနေတာလဲ "



www.burmeseclassic.com

www.burmeseclassic.com



" အဘက ဒီတောင်ပေါ်မှာပဲနေတာ .....”

နီမောင် အံ့ဩသွားသည်။

" ဟင် ၊ ဒီတောင်ပေါ်မှာနေပြီး ဘာလုပ်နေတာလဲ ဟင် .....”

အဘိုးအိုက ပြုံးပြီး .....

" ဒီလိုပေါ့သားရယ် ... အဘက လူတွေနဲ့ ဝေးဝေးနေချင်တာဆိုတော့ ဒီတောင်ပေါ်လာနေတာပေါ့ ၊ လူတွေနဲ့ ဝေးတော့ အ, ကုသိုလ် နည်းတာပေါ့ ...”

ထိုစကား အဓိပ္ပာယ်ကို နီမောင် နားမလည်ပါ။

" ဘာဖြစ်လို့ လူတွေနဲ့ ဝေးဝေးနေချင်တာလဲ အဘ”

" လူတွေမှာ ကုသိုလ်၊ အ, ကုသိုလ်၊ ကောင်းမှု မကောင်းမှုတွေ အမြဲရှိနေကြတယ်၊ လောဘ၊ ဒေါသ မောဟတွေ များလာတဲ့အခါကြတော့ ကိုယ့်အတွက် ကောင်းတာ ရဖို့ထက်၊ မကောင်းတာရဖို့က ပိုများတယ်၊ ဒီတော့ သူတို့နဲ့ ဝေးဝေးနေပြီး ကိုယ့်●သာ ကောင်းတာလုပ်တော့

မြိတ်စာပေ



ကောင်းတာတွေချည်း ရတာပေါ့ ”

ထိုစကား ကြားသောအခါ နီမောင့်စိတ်ထဲမှာ ...

" အင်း ၊ ဒါလဲဟုတ်တာပဲ ၊ ငါ ရွာကထွက်ပြီး ဒီတောင်ပေါ် ရောက်လာတာနဲ့ စိတ်ကိုချမ်းသာနေတာပဲ ” ဟုတွေးနေမိသည်။

" အဘတို့က အဲဒါတွေ ဘာကြောင့် လုပ်တာလဲ ဟင်”

" ဒါတွေကို ခုချိန်မှာ ငါ့သားကို ရှင်းပြနေရရင်လဲ မင်း နားလည်မှာမဟုတ်သေးဘူး၊ ဒီတော့ တိုတိုပဲ ရှင်းပြရရင် လောဘ၊ ဒေါသ၊ မောဟတွေ များတဲ့ လူတွေနဲ့ နောက်ထပ် မတွေ့ရအောင် လမ်းစရှာနေတာလို့ပဲ ငါ့သား လွယ်လွယ်မှတ်ထားလိုက်ပေရော့ ၊ ကိုင်း အဘသွားဦးမယ် ...”

နီမောင် ဟာဟာသလဲ ဖြစ်သွားသည်။

" အခု အဘက ဘယ်ကိုသွားမှာလဲဟင် ...”

" စားဖို့သောက်ဖို့အတွက် သစ်သီးလေး ဘာလေး ရှာဖို့သွားလိုက်ဦးမယ် ...”

မြိတ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



" နေ . . နေပါအုံး အဘ၊ ကျွန်တော့မှာပါတဲ့ အစား အသောက်ကလေးတွေ ပေးလိုက်ပါရစေ . . . . "

နီမောင် အသားခြောက်များကို ဖယ်ပြီး၊ ကောက်ညှင်း ကျဉ်တောက်အချို့ကို မေးလိုက်သည်။

" သာဓု၊ သာဓု၊ သာဓု "

အဘိုးအိုက ကောက်ညှင်းကျဉ်တောက်ကို အိတ်ကလေးထဲ ထည့်ရင်း . . . .၊

" မကြာခင် ငါ့သား လိုချင်တာတွေ ရပြီး မျှော်လင့် ချက်တွေ ပြည့်လတော့မှာပါ . . ကိုင်း၊ အဘသွားလိုက်ဦးမယ်"

ဟု ပြောကာ တောထဲသို့ ပြန်လည်ဝင်ရောက်သွား တော့သည်။

ထိုစကားကြောင့် နီမောင့်ရင်ထဲမှာ ဝမ်းသာသလို ကြည်နူးသလို ခံစားလိုက်ရသည်။

ထို့နောက် နီမောင်သည် တောထဲ ပြန်ဝင်၍ ဆေးဘက် ဝင် အပင်များ ရှာနေစဉ် တောင်စွန်းတစ်နေရာတွင် ပေါက်





နေသော တောင်ကညင်ပင်ကြီး၏ ကိုင်းများတွင် ပွင့်နေသည့် လှပသော သစ်ခွပန်းခက်များကို တွေ့ရသဖြင့် ဝမ်းသာသွား သည်။

" အား ၊ ဒါ အဖိုးတန် သစ်ခွပြာတွေပါလား၊ ဒါတွေသာ ရရင် ဘယ်သူမဆို ဈေးကောင်းပေးဝယ်မှာ သေချာတယ်၊ ဒါမှ မဟုတ် ပန်းခက်တွေကို ကေဇာ့ကို ပေးလိုက်ရင် အရမ်းဝမ်းသာ မှာ ၊ သူ့မျက်နှာလေးနဲ့ ဆိုရင် သိပ်လှမှာပဲ . . . .

ဘာပဲဖြစ်ဖြစ် ဒီပန်းတွေကို ငါ ရအောင်ခူးသွားမယ် "

နီမောင် ဆုံးဖြတ်ချက်ကိုချလိုက်ပြီး အပင်ပေါ်သို့ တက်ရန်ပြင်လိုက်သည်။

တောင်ကညင်ပင်မကြီးမှာ သက်တမ်း ရင့်လှပြီ ဖြစ်သဖြင့် အနိမ့်ဆုံးကိုင်းရောက်အောင်ပင် သက်တမ်း ရင့်လှပြီ ဖြစ်သဖြင့် အနိမ့်ဆုံးကိုင်း ရောက်အောင်ပင် အကောင်နှစ် ဆယ်ခန့် ထက် ရလေသည်။

သို့သော် နီမောင် စိတ်မပျက်မိပါ။



www.burmeseclassic.com

www.burmeseclassic.com



ငယ်စဉ်ကပင် သစ်ပင်တက် ကျွမ်းကျင်အောင် လေ့ကျင့်ခဲ့သဖြင့် ဘယ်လောက်မြင့်တဲ့ သစ်ပင်ဖြစ်စေ ဝက်ဝံတစ်ကောင်လို တက်နိုင်သူမို့ အခက်အခဲ မရှိပေ။

သူ ဝန်လေးနေတာက သူ့ရဲ့လက်နက် လေးများတွေကို အောက်မှာထားခဲ့ရမှာကို ဝန်လေးနေခြင်း ဖြစ်၏။

တောတက်သော မုဆိုးသည် လက်နက်နှင့်ကိုယ် မကွာစကောင်းပေ။ ထိုသို့ ကွာထားမိပါက မုဆိုးကနေ သားကောင်ဘဝ ချက်ခြင်းရောက်သွားနိုင်ပေသည်။

သို့သော် မတက်နိုင်တော့ . . .။

**သူ့တွင်** အဖော်မပါသောကြောင့် လက်နက်လေးများတို့ကို **အပင်ခြေရင်းတွင် ထားခဲ့ပြီး** အပင်ပေါ်သို့ တက်ခဲ့သည်။ သစ်ပင်**ကြီး**မှာ လူတစ်ဖက်နီးပါး လုံးပတ်ကြီးပြီး ပင်စည်ချောသဖြင့် ခက်ခက်ခဲခဲ ဖက်တတ်ရသည်။

အပင်မြင့်ပေါ်သို့ ရောက်လာသည်နှင့် ပတ်ဝန်းကျင်တွင် သစ်ရွက်စိမ်းစိမ်းများသာ မြင်ရပြီး ထို့ထက်ကျော်လာ





သောအခါ သစ်ပင်ငယ်များသည် အောက်ဖက်တွင် ကျန်ခဲ့လေသည်။

နှင်းစက်များဖြင့် ချောနေသော ပင်စည်ကိုလွန်သောအခါ အကိုင်းအခက်များရှိသော နေရာသို့ ရောက်လာသည်။

သစ်ပင်ခွတွင် နီမောင် ခေတ္တနားသည်။

ခေတ္တနားပြီး ဆက်တက်သောအခါ သစ်ခွပန်းရှိရာ သစ်ကိုင်းဆီ ရောက်သောအခါ အတောင်သုံးဆယ်လောက် အမြင့်ရှိနေပြီ . . .။

အပင်အောက်ခြေသို့ ခတ်ဝါးဝါးသာ မြင်နိုင်ကြတော့သည်။ ထိုနေရာမှ ခါကာဘိုရာဇီတောင် အလှကို ပီပြင်စွာ မြင်နိုင်သည်။

အပြင်တွင် လေတိုက်နှုန်းပြင်းသည်။

တစ်ကိုယ်လုံး စိမ့်နေအောင် အေးသည်။

**သစ်ခွပန်းရှိနေသော** နေရာမှာ ကိုင်းဖျားဘက်တွင်ရှိသောကြောင့် ဒီအတိုင်း ဖက်တွယ်သွားရန် မလွယ်ကူပေ . . .



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်အလေးချိန်ကြောင့် လှုပ်ရမ်း ကျသွားနိုင်သည်။ အကယ်၍ အောက်သို့ ပြုတ်ကျပါက အသက်ရှင်နိုင်စရာလမ်း မရှိပေ . . . ။

ထို့ကြောင့် စိတ်ကိုတည်ငြိမ်အောင်ထား၊

အသက်ကို ဝအောင်ရှူပြီး သစ်ပင်ကိုင်းပေါ်တွင် မတ်တတ်လျှောက်သည်။

တစ်လှမ်း၊ နှစ်လှမ်း၊ သုံးလမ်း၊

ကိုင်းအလယ်လောက် ရောက်လာတော့ ကိုယ်အလေးချိန်ကြောင့် နည်းနည်းခါရမ်းလာသည်။

စိတ်ကိုငြိမ်အောင် ထိန်းထားပြီး နည်းနည်းငြိမ်တော့ ဆက်လျှောက်သည်။ ကိုင်းဖျားဘက်ရောက်လေ လှုပ်ရမ်းလေ ဖြစ်သော်လည်း ထိန်းလျှောက်သွားပြီး သစ်ခွပန်းကို ရအောင် ခူးယူသည်။

သစ်ခွပန်းမှာ သစ်ခွမျိုးပေါင်း တစ်ရာကျော် ရှိသည့် အနက်မှ အဖိုးတန် လေဒီစီစလစ်ပါး သစ်ခွပြာမျိုး ဖြစ်သည်။





ကုန်သည်များ အလွန်သဘောကျသော ပန်းမျိုးဖြစ်သည်။ ပန်းအုံကို တယုတယ ခူးယူပြီး အောက်သို့ ပြန်ဆင်းခဲ့ရာ အပင်ခွဆုံသို့ ပြန်ရောက်လာသောအခါ အပင်အောက်တွင် နီမောင့်အတွက် အန္တရာယ်က အသင့်စောင့်ကြိုနေတော့သည်။ သူဆင်းအလာကို ထိုင်စောင့်နေသော ကိုးတောင်ကြားကြီး . . . . .

နီမောင် အခက်တွေ့သွားသည်။

မိမိရဲ့ လက်နက်ပစ္စည်းများ အပင်အောက်တွင် ထားခဲ့မိခြင်းအတွက် မှားမှန်းသိသော်လည်း ခုမှတော့ မတတ်နိုင်တော့။ ဒီအတိုင်း ဆင်းလို့ကတော့ ကျားစာဖြစ်မည်။

သို့ကြောင့် ပတ်ဝန်းကျင်သို့ အကူအညီ တောင်းရမှန်းမှတစ်ပါး အခြားမရှိတော့ပြီ . . . ။

" အူ - ဝူး - ဝူး "

နီမောင် သံရှည်ဆွဲ၍ အူကြည့်လိုက်သည်။

သူ့အသံက ပတ်ဝန်းကျင်တဝိုက် ပဲ့တင်ထပ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်အထိ အပင်ခြေမှ ကျားက လှည့်ပတ်လျှောက်နေဆဲ။

" အူ - ဝူး - ဝူး "

နောက်တစ်ကြိမ် " အူ " လိုက်ပြန်သည်။

ပတ်ဝန်းကျင်မှ ဘဝတူ မုဆိုးများ မိမိ " အူ " ၍ အကူအညီ တောင်းသံကိုကြားလျှင် မလွဲမသွေ ရောက်လာလိမ့်မည်ဟု တွေးခဲ့သော သူ့အတွေး မဆိုးလှပါ။

မကြာမီ တောစပ်တစ်နေရာမှ " ဒေါင် " ကနဲ မြားခက်သံနှင့်အတူ ကျားကြီး ' ဝေါင်ကနဲ ' နောက်လှန်ထွက်သွားတော့သည်။

တော်ပါသေးရဲ့ ၊

မိမိအား ကယ်တင်သူက ဘယ်သူပါလိမ့် ၊

အပင်ပေါ်မှ အောက်သို့ ရောက်သောအခါ တောစပ်မှ လူတစ်ယောက် ထွက်လာသည်။

မြက်ဦးထုတ်အသေးစား၊

သားမွေးကိုယ်ကျပ်အင်္ကျီ၊





ထူးဆစ်အထိ ဖွာတက်နေသော ဘောင်းဘီ၊

တောစီးညှပ်ဖိနပ်၊

ဒူးလေးကို ပန်းထက်တွင် လွယ်လွယ်ထမ်းထားသော လူတစ်ယောက် ။ ဇာမုန်းထန် . . . . . ။

နီမောင်က ဇာမုန်းထန်ကို တိုက်တိုက်ဆိုင်ဆိုင် တွေ့လိုက်ရသဖြင့် အံ့ဩသွားသည်။

" ကျေးဇူးပဲ ဆလိုင်း "

ဇာမုန်းထန်က နီမောင်ကို ကြည့်ပြီး သဘောကျစွာ ပြုံးလိုက်သည်။ ထိုသို့ ပြုံးလိုက်မှ တွန့်တက်သွားသော အမာရွတ်ကြီးကြောင့် အကြည့်ရဆိုးလှသည်။

နီမောင့်ရင်ထဲမှ ဇာမုန်းထန်အား အဘယ်မျှ မနှစ်သက်စေကာမူ လောလောဆယ်တွင် မိမိ၏ ကျေးဇူးရှင် ဖြစ်နေသောကြောင့် အဆင်ပြေအောင် အလိုက်သင့် ဆက်ဆံရတော့သည်။

" ဘယ်လိုဖြစ်ရတာလဲ နီမောင်ရယ်၊ ဒူးလေးနဲ့ သက်နက်တွေက တခြား၊ ဘယ်လိုဖြစ်တာလဲ ၊ တောထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို ဘယ်တော့မှမလုပ်ရဘူး ၊

မင်းအဖေက မင်းကို သင်ပေးမသွားဘူးလား ”

နီမောင့်စိတ်ထဲမှာ တင်းကနဲ ဖြစ်သွားသည်။

သို့သော် . . . . . ၊

“ အဖေကတော့ သင်ပေးသွားပါတယ်၊ ကျွန်တော် မှားသွားတာပါ။ ပန်းလိုချင်ဇောဖြစ်ပြီး သတိလက်လွတ် ဖြစ် သွားတာပါ . . . . ”

ဇာမုန်းထန်က နီမောင်လက်ထဲမှ သစ်ခွပန်းကို ကြည့်ပြီး သဘောကျစွာ ပြုံးလိုက်သည်။

“ ပန်းတွေက အဖိုးတန်ပန်းတွေပဲ . . . . ၊ ဒါ တော့ ဦးခွန်ဘရင်သမီး နန်းကေဇာအတွက် ရည်စူးပြီ ဒီလောက် သက်စွန့်စံဖျားဘက်ခူးခဲ့တာထင်တယ် . . . . ”

“ မဟုတ်ပါဘူး ၊ ကျွန်တော့်ကို ကူညီခဲ့တာကို ကျေးဇူး တင်ပါတယ်၊ ကျွန်တော်ပြန်ဟော့မယ်ဆလိုင်း ”

“ ကျေးဇူးတင်ဖို့မလိုပါဘူးကွာ ၊ မုဆိုးချင်းချင်း ကြုံလို





အကူအညီပေးရတာပဲ ၊ ငါလဲ ထွက်သာလာခဲ့ရတယ်၊ ဆေးမြစ် လဲ မယ်မယ်ရရ မတွေ့သေး၊ သားကောင်ဆိုတာတော့ ဝေလာဝေးပဲ . . . . . ”

ငါက ဒီဘက်တွေ နယ်မြေမကျွမ်းတော့ သိပ်မဟန်ပါ ဘူး၊ မင်းတို့ကတော့ ဒီဘက်ကျောတွေ သွားနေကြဆိုတော့ အမဲလိုက်ရတာ အဆင်ပြေမယ် ထင်တယ်၊

မင်းအဖေရှိတုန်းက သူနဲ့အတူ လိုက်ဖူးသလား ”

နီမောင်က ခေါင်းညိတ်ပြလိုက်သည်။

ထို့နောက် နီမောင် ပြန်သောအခါ ဇာမုန်းထန်ကပါ တောင်ခြေအထိ ဆင်းလိုက်လာသည်။

“ မင်းက အသက်ငယ်သေးတော့ တောင်ပေါ်ကို တစ်ယောက်ထဲလာတာ မကြောက်ဖူးလား ”

“ ဘာကြောက်စရာ ရှိသလဲဆလိုင်း၊ တောထဲမှာ မုဆိုး ဆိုတာ လက်ဦးမှုရှိတဲ့သူ၊ ဉာဏ်ရည်သာတဲ့သူက အနိုင် ရတာပဲ . . . ၊ ကျားတွေ၊ ဆင်တွေမှာ သူတို့ရဲ့ အားကိုးရတဲ့



www.burmeseclassic.com

www.burmeseclassic.com



လက်နက်တွေရှိသလို ကျွန်တော်တို့မှာလဲ အားကိုးရတဲ့ လက်နက်တွေ ရှိတာပဲ မဟုတ်လား ”

နီမောင်က ပခုံးပေါ်မှ ဒူးလေးကို လက်နှင့်ပုတ်ပြသည်။

“ မင်းပြောတာဟုတ်တယ်၊ စောစောကသာ မင်းဆီမှာ လက်နက်တစ်ခုခုရှိနေရင် အခိုလို ကျားရဲ့ လက်ဦးမှုကို ခံရမှာ မဟုတ်ဘူး ၊ မင်းရဲ့သတ္တိကိုတော့ ချီးကျူးပါတယ်”

နေရောင်ခြည်သည် သစ်ပင်များပေါ်မှကျော်ပြီး တောင်ရင်ပြင်ပေါ်အထိ ဖြာဆင်းကျနေသည်။

ကြွင်းကျန်သော နှင်းစက်အချို့ပင် အရည်ပျော်စ ပြုနေပြီ။

နှစ်ယောက်သား စကားတပြောပြောနှင့် လျှောက်လာကြရာ မကြာမီ တောင်ခြေသို့ ရောက်လာသည်။

“ ဒါထက် မင်းနဲ့ တွေ့တုန်းမေးကြည့်ချင်တယ်၊ မင်းအဖေ မသေခင်က ခန်းတောက်မြစ်သိုက်တစ်ခု တွေ့ခဲ့တယ် ဆိုတာ မင်းသိလား ”





“ အဲဒါ ကျွန်တော်မသိဘူးဗျ ”

“ နောက်ပြီး ကတိုးနီဆိုတာရော မင်းမကြားမိဘူးလား”

နီမောင်ခေါင်းညိတ်ပြလိုက်သည်။

“ မင်း ကတိုးနီကို မြင်ဖူးလား ”

“ ဟင့်အင်း ၊ မမြင်ဖူးပါဘူး၊ လူကြီးတွေ ပြောတာသာ ကြားဖူးတာပါ . . . ”

ဇာမုန်းထန်၏ တက်ကြွသော ခြေလှမ်းများ၊ ခတ်တရက် လေးသွားပြီး နေရာတွင် ရပ်လိုက်သည်။

“ ကဲ ၊ မင်းသွားတော့နီမောင်၊ ငါဒီကလှည့်ပြန်တော့ မယ်၊ မနန်းမေကို တစ်ရက်နှစ်ရက်ကြာမှ လာခဲ့မယ်လို့ ပြောလိုက်ပါကွာ . . . . ”

ထိုသို့မှာပြီး တောထဲသို့ ပြန်ဝင်သွားတော့မှ နီမောင့် စိတ်လက်ပေါ့ပါးသွားတော့သည်။

သူလက်ထဲမှ ကိုင်ထားသော သစ်ခွပန်းလေးမှာ ရနံ့ သင်းပျံ့လျှက် လန်းဆန်းနေဆဲရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

ဇာမုန်းထန်နှင့် မနန်းမေတို့ လက်ထပ်ပွဲကို မန်စွေခွန် ရွာတွင် ပြုလုပ်သည်။ လူကြီးများ စီစဉ်မှုဖြင့် အကျဉ်းမျှသာ ပြုလုပ်ကြခြင်းဖြစ်သည်။

ဇာမုန်းထန်တွင် အဖေအမေ မရှိတော့သဖြင့် ဝန်ဆန်ရွာမှ ရွာလူကြီးအချို့နှင့် လူငယ်များ လိုက်ပါလာသည်။

ဝန်ဆန်ရွာမှ အပျိုချောအချို့လည်း ပါလာသည်။

မနန်းမေ ခြံဝန်းထဲတွင် မီးပုံပွဲသဖွယ် ခင်းကျင်း ဧည့်ခံသည်။

နီမောင်မှာ ယခုကဲ့သို့ မိခင် နောက်အိမ်ထောင် ပြုခြင်း





တွက် ရင်ထဲတွင် နာကျင်နေသော်လည်း ရှက်ရွံ့စိတ်နှင့် မ်ရှင်ပီသစွာ ဧည့်ခံရသည်။

မင်္ဂလာပွဲသို့ လာရောက်ကြသော ဧည့်သည်များသည် မ်တံစက်မြိတ်၌ ချိတ်ဆွဲထားသော သစ်ခွပန်းကို မြင်သော ခါ သဘောကျကြသည်။

အချို့က တန်ဖိုးပေး၍ ဝယ်ချင်ကြသည်။

အချို့က မေတ္တာဖြင့် တောင်းယူကြသည်။

သို့သော် နီမောင်က ဘယ်သူ့ကိုမှ မပေးချေ။

အဘယ့်ကြောင့်ဆိုသော် .....

ထိုသစ်ခွပန်းမှာ နန်းကေဇာအတွက် ရည်စူးထားသော ကြောင့် ဖြစ်သည်။

မင်္ဂလာပွဲသို့ နန်းကေဇာလည်း ရောက်နေသည်။

သို့သော် တစ်ယောက်နှင့်တစ်ယောက် မျက်နှာချင်း င် မဆုံဖြစ်ကြသေးပေ ......။

တစ်ကြိမ်တွင် ပန်ဆန်ရွာမှ မိန်းကလေးများအတွက်



www.burmeseclassic.com

www.burmeseclassic.com



လက်ဖက်ပွဲများ ကိုယ်တိုင်ပြင်စင်ပေးနေစဉ် နန်းကေဇာ ရောက်လာပြီး နီမောင်ကို ခေါ်သွားသည်။

အပြင်ဘက်ရောက်တော့ .....။

" ဘာလဲ ကေဇာ "

" နင်က မိန်းကလေးတွေကို ကိုယ်တိုင်လက်ဖက် ပြင်ပေးနေရအောင် တခြားလူတွေမရှိဘူးလား "

နန်းကေဇာမျက်စောင်းတစ်ချက်က ရင်ထဲတွင် လှိုက်ကနဲ ကျေနပ်မှုဖြစ်သွားစေသည်။

" ငါက အိမ်ရှင်ဝတ္တရားကြေအောင် လုပ်ပေးနေတာပါ တခြားရည်ရွယ်ချက် ဘာမှမရှိပါဘူးဟာ ... "

" ကြည့်လဲလုပ်ဦး အမေပြီးတော့ သားပါ ရစ်မလေး တွေ ပြန်ရင် ဝန်ဆန်ရှာပါသွားဦးမယ် ... ဟင်း "

" နင်ကလွဲလို့ ဘယ်သူ့ကိုမှ ငါစိတ်မဝင်စားပါဘူး "

ထိုစကားက နီမောင့် လည်ချောင်းထဲမှာ ပျောက်ကွယ်သွားသည်။

မြိတ်စာပေ



တကယ်ပြောလိုက်တာက .....

" နင်မကြိုက်ရင် ငါမလုပ်ပေးတော့ပါဘူးဟာ ... "

ဒီလိုပြောလိုက်တော့မှ နန်းကေဇာ မျက်နှာလေးပေါ်မှာ ကျေနပ်မှုပီတိရိပ်ကလေးများ ယှက်သန်းသွားကာ အပြုံးရိပ် ကလေးများ ပေါ်လာသည်။

တကယ်တော့ အချစ်ဆိုတာ သိမ်မွေ့လေ အမှုအယာ ပေါ်လွင်လေလေဖြစ်၏။

" နီမောင် "

" ဘာလဲကေဇာ "

" နင်တလောတုန်းက လေဒီစလစ်ပါးသစ်ခွပြာတွေ ရတယ်ဆို ၊ ဘယ်မှာလဲဟင် ... "

နီမောင်က အိမ်တံစက်မိတ်တွင် ချိတ်ဆွဲထားသော သစ်ခွပန်းများကို လက်ညှိုးထိုးပြသည်။

" လှလိုက်တာ ၊ အဲဒါ ရောင်းဖို့လား "

" မဟုတ်ပါဘူး "

မြိတ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



" ဒါဖြင့် ဘယ်သူပေးဖို့လဲဟင် "

" ပိုင်ရှင်က ပေးချင်မှန်း၊ မပေးချင်မှန်း မသိပဲနဲ့ "

" မတောင်းပဲပေးရတာရော တန်ဖိုးရှိနိုင်ပါ့မလား "

" စေတနာရှိဖို့က အဓိကမဟုတ်လား "

" စေတနာဆိုတာ အသွားအပြန်ရှိတယ် . . . ဒီပန်းက နင့်အတွက် ရည်စူးပြီး ခူးလာတာ၊ ငါကိုယ်တိုင် ပန်ပေးရမယ်လေ . . . . "

" ဟယ် - နီမောင်ကလဲ ပန်းပန်ပေးတယ်ဆိုတာ ချစ်သူတွေမှ မဟုတ်လား၊ တို့က . . . . . . "

နန်းကေဇာ ရှက်စနိုးဖြင့် ခေါင်းငုံ့သွားသည်။

နဂိုက ရှမ်းသွေးနီနေသော နန်းကေဇာ၏ ပါးပြင်နှစ်ဖက်မှာ နှင်းဆီနီလို ရဲပြီး ရှက်ကိုးရှက်ကန်း ဖြစ်နေလေသည်။

" ငါ ဒီပန်းကိုရဖို့ အသက်စွန့်ပြီး ဘယ်လောက် စွန့်စွန့်စားစား တက်ခူးခဲ့ရတယ်ဆိုတာ နင်သိရဲ့လားကေဇာ "

နီမောင်က သစ်ခွပန်းခူးရင်း အန္တရာယ် ကြုံခဲ့ရပုံတွေကို





ပြောပြတော့ ရင်ကလေးတဖိုဖို၊ မျက်လုံးလေးအဝိုင်းသားနှင့် နားထောင်နေရှာသည်။

" ဒီလောက်တောင်မှပဲ စွန့်စားခဲ့ရသလား နီမောင်ရယ်၊ အတော်[illegible] တစ်ခုခုဖြစ်သွားရင် မခက်ဘူးလား "

နီမောင်ကပြုံး၍ နားထောင်နေသည်။

" နင်ဘာပြုံးနေတာလဲ . . . ငါစိတ်ပူတာကို ယုံလို့လား "

" မဟုတ်ပါဘူး၊ ယုံပါတယ် "

" ယုံတယ်ဆိုရင် ငါ့အတွက်ပန်းပေးမယ်ဆို ယူပေးလေ "

နီမောင်ခေါင်းညိတ်ပြပြီး အိမ်တံစက်မိတ်တွင် ချိတ်ဆွဲထားသော သစ်ခွပန်းခက်များအား ဖြုတ်၍ နန်းကေဇာထံ ယူလာသည်။

ထို့နောက် လှပသော သစ်ခွပန်းခိုင်ကြီးမှ နှစ်ပွင့်တွဲ ပန်းခက်တစ်ခက်ကို ဖြုတ်ယူပြီး နန်းကေဇာခေါင်းတွင် ပန်ပေးလိုက်ရာ နန်းကေဇာကမျာ ရှက်ရွံ့ကျေနပ်သော မျက်နှာလေး



www.burmeseclassic.com

www.burmeseclassic.com



ပေါ်တွင် အပြုံးရိပ်များ ယှက်သန်းနေတော့သည်။

မီးပုံဘေးဆီမှ လူငယ်တစ်သိုက် တီးမှုတ်သီဆိုနေရာဘက် ဆီမှ သီချင်းသံများ ပျံ့လွင့်လာသည်။

" ငါတို့ကို ကယ်တင်ရှင်ရှိပေ၊ ရွှေဆောင်လုပ်နေ လောကမိတ်ဆွေနည်းပါး၊ ချစ်ဖွယ်ရှင်တကား၊ ယခုကိုယ်တော် သိမ်မွေ့စွာ၊ သင်ဖို့လည်းဖြစ်ပါစေ ၊

သင့်တို့အတွက် - ငါဆုတောင်းပေးနေ၊
သင်တို့အတွက် - ငါဆုတောင်းပေနေ၊
သင်တို့အတွက် - ငါဆုတောင်ပေးနေ၊
ထာဝရမျှော်လင့်ရန် မင်္ဂလာမှန်ကာန်
ပေးသောငါ၏ အဘခမည်းတော်ရှိပေ။
မကြာမီ ခေါ်ယူမည်၊ ကိုယ်တော်မြတ်ကိုဖူးရန်။
ငါနဲ့အတူသွားရန် သင့်ကိုလမ်းပြပါစေ၊
ဖြစ်လိုငြိမ်သာယာ ငြိမ်သက်ခြင်းငါ့မှာရှိ၊
ထိုငြိမ်သက်ခြင်း ၊ လောကီစွဲသူလျှင်းသိ၊





ငါ့ကို ကယ်ချွတ်သင်သာ ပိုင်သောကြောင့် ပေးနိုင်၏။
သင့်ကိုလည်း ပေးကြောင်း ငါအလွန်ကြားသိလိုသည်။
. . . . ရှင်သည် သင့်ကိုရှာတွေ့သောအခါ . . . .
ချစ်ဖွယ်ရှင်သင့်ကို ကယ်တင်ကြောင်း ပြောရမည်။
ကိုယ်တော်ဘုန်းလူတို့တွင် ထင်ရှားရန် ဆုတောင်းပေါ်၊
သင်တို့အတွက် ဆုတောင်းသော် သင်တို့လည်းရမည်။
သင့်အတွက် ငါဆုတောင်းနေ၊
သင့်အတွက် ငါဆုတောင်းနေ၊
သင့်အတွက် ငါဆုတောင်းနေ၊
သင့်အတွက် ငါဆုတောင်းနေ၊
သင့်အတွက် ငါဆုတောင်းနေ၊

ဂီတသံနှင့် သီချင်းသံက ငြိမ်းညောင်းသာယာစွာ ပေါ်ထွက်နေ၏။ ကျေးလတ်လူငယ်လေးများ၏ ဂီတသံများကား မမှုတေးများဖြင့် ထုံမွှမ်းနေ၏။

တိုင်းရင်းသား ဝတ်စုံများ ဝတ်ဆင်ထားလျှက် ဂီတာတီး



www.burmeseclassic.com

www.burmeseclassic.com



နေသော လှူငယ်များဘေးတွင် မိန်းကလေးများက စီးချက် လိုက်ကာ သီချင်းဆံပြိုင် ဆိုနေကြသည်။

တစဟာစ် ညဥ့်နက်လာသည်နှင့်အမျှ နှင်းများတဖွဲဖွဲ ကျဆင်းလာသည်။

နှင်းမှုန်နှင်းစက်များကြားဝယ် ငြိမ့်ညောင်းသော ဂီတသံများက စီးမျောပျံ့လွင့်နေဆဲ . . . . .။





## အခန်း (၉)

နံနက်လင်းသောအခါ ဝန်ဆန်ရွာမှ ဧည့်သည်များ ပြန်သွားကြသည်။ အိမ်အောက်တွင် မင်္ဂလာလက်ဖွဲ့ ပေးကြ သော ကြက်၊ ဝက်၊ သီးနှံ စသည်များကို စုပုံထားသည်။

အားလုံး နှုတ်ဆက်ပြန်သွားသောအခါ အိမ်တွင် သူတို့ သုံးယောက်သာ ကျန်ခဲ့တော့သည်။

ဇာမုန်းထန်သည် ရောက်စက သူကို့သားအမိအပေါ်တွင် သိမ်မွေ့စွာ ဆက်ဆံသော်လည်း ရက်အတန်ကြာသော အခါ စရိုက်မှန် ပေါ်လာတော့သည်။

ကျူးလွန်သောအပြစ်က နည်းနည်းမဟုတ်ပေ။



www.burmeseclassic.com

www.burmeseclassic.com



ဧည့်ခန်းတွင် အမြတ်တနိုး ချိတ်ဆွဲထားသော ဦးလဘုန် မသေခင်က ပစ်ခက်ဖမ်းဆီးခဲ့သော သားကောင်တို့၏ သားရေ များ၊ ဦးချိုများ၊ ဦးခေါင်းပိုင်းများကို ဇာမုန်းထန်က ဖြုတ်ချ ပစ်သည်။

မနန်းမေကတော့ လင်သားဖြစ်နေတော့ မပြောသာ ပေ။ နီမောင်ကတော့ အဖေ့ပစ္စည်း လာထိသဖြင့် သည်းမခံပေ။

" ခင်ဗျား ကျုပ်အဖေပစ္စည်းတွေကို ဘာဖြစ်လို့ ဖြုတ်ချ ပစ်တာလဲဆိုင်း၊ ဒါတွေဟာ မုဆိုးတစ်ယောက်အတွက် ဘယ်လောက် အမြတ်တနိုးထားတယ်ဆိုတာ ခင်ဗျားလဲ အသိသားနဲ့ . . ."

" သိသားပဲကွာ - ဒါပေမဲ့ မင်းအဖေမှ မရှိတော့တာ အခုလောလောဆယ် ဒီအိမ်မှာ အဖေဖြစ်တဲ့ ငါ့ပစ္စည်းတွေ ချိတ်ရမယ်လေ . . . ။ "

ဇာမုန်းထန်က မခိုးမခန့်ပြောသည်။

" ခင်ဗျား အမေ့ကိုယူရင် အမေ့ကိုပဲရမယ်၊ ကျုပ်နဲ့





ကျုပ်အဖေ့ပစ္စည်းတွေကို ထိစရာမလိုဘူး၊ ကျုပ် ခင်ဗျားသား မဟုတ်ဘူး၊ ဒီတော့ ကျုပ်နဲ့ ဒီအိမ်ကို ခင်ဗျား မပိုင်ဘူး၊

ခင်ဗျားပစ္စည်းတွေကို ချိတ်ချင်ရင် တခြားမှာချိန်ပါ၊ ဒီပစ္စည်းတွေကို လုံးဝမထိပါနဲ့ . . . ။ "

" ဟဲ့ သား - ဒီလိုမပြောနဲ့လေ . . . "

မနန်းမေက တင်းမာလသောအခြေအနေကိုကြည့်ပြီး ဒေါ်ရိမ်တကြီး ဝင်ရောက်ဟန့်တားသည်။

နီမောင်၏ တင်းမာသော ဟန်အမူအယာနှင့် ပြင်းထန် သော စကားကြောင့် ဇာမုန်းထန် တုန့်သွားသည်။ နီမောင်သည် သူ့အတွက် အကောင်ငယ်သော်လည်း အစွယ်ထက်မှန်း သူ သိမိသည်။

မိမိရည်ရွယ်ချက်၊ ရည်မှန်းချက် မရသေးမီ ဆက်ပြီး တင်းတင်းမာမာ မပြုလုပ်ရန် စိတ်ကိုလျှော့လိုက်သည်။

နံရံမှ သားလိုက်ဓားကို ဖြုတ်၍ ဓားအိမ်မှဓားကို အသာအယာ ဆွဲချွတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြတင်းပေါက်မှ ဝင်လာသော အလင်းရောင်သည် စားသွားပေါ်မှဖြတ်၍ နီမောင့်မျက်နှာပေါ် လာဟပ်သည်။

ဇာမုန်းထန်က စားသွားကို လက်ဖြင့်သပ်ရင်း . . .

" မင်းငယ်ပါသေးတယ် နီမောင် "

ဟု မထေမဲ့မြင် ဆိုလိုက်သည်။

" ဒီမှာဆလိုင်း၊ ခင်ဗျားသိအောင် ကျုပ်တစ်ခုပြောမယ်၊ ငယ်တယ်ကြီးတယ်ဆိုတာ အရွယ်နဲ့ဆိုင်တယ်၊ အတွေ့အကြုံနဲ့ ရင့်ကျက်မှုသာ အရည်အချင်းလို့ခေါ်နိုင်တယ်၊ လူတိုင်းကို အထင်မသေးပါနဲ့ "

" တောက် "

" ကဲ တော်ကြပါတော့ကွယ်၊ တော်ကြပါတော့၊ ကြာရင် အမကြားထဲကသေလိမ့်မယ် "

အမေ့စကားကို ကြားလိုက်ရတော့ နီမောင်စိတ်ကို လျှော့လိုက်ကာ၊ နံရံမှာချိတ်ဆွဲထားသော လက်နက်များကို ဖြုတ်ယူပြီး အိမ်ပေါ်မှ ဆင်းလာခဲ့သည်။

မြိုက်စာပေ



ရင်ထဲမှာ မကျေနပ်ခြင်း၊ ဒေါသဖြစ်ခြင်းတို့က စိတ်ကို ဦးတည်ရာမဲ့စေသည်။ သို့သော် . . သူ့ခြေထောက်များက ခါကာဘိုရာဇီတောင်ဘက်သို့ ဦးတည်သွားသည်။

ဦးတည်ရာမဲ့ ခြေလှမ်းများနဲ့အတူ . . .၊

" အဖေဘာကြောင့်သေတာလဲ၊ အဖေဘာကြောင့် သေတာလဲ "

ဟူသော မေးခွန်းများ၊

" အဖေသာရှိရင် ဒီလိုဖြစ်မှာမဟုတ်ဖူး "

ဟူသော တမ်းတမှုများ ၊

" ငါ့ဘဝအတွက် ထွက်ပေါက်တစ်ခု ဖြစ်မယ် "

ဟူသော အားတင်းမှုများနှင့်အတူ ပတ်ဝန်းကျင်ကို သတိထားကြည့်လိုက်မိတော့ သူ ခါကာဘိုရာဇီတောင်ခြေ ရောက်နေပြီ။ ဒီနေရာတဝိုက်က သူလာတတ်ကျ နေရာပေပဲ။

စိတ်ညစ်လာတိုင်း သည်နေရာသို့ လာရောက် ထိုင်နေကျ။ ခါကာဘိုရာဇီရင်ခွင်သည် သူ့အတွက် ဘာဝရ

မြိုက်စာပေ

www.burmeseclassic.com

www.burmeseclassic.com



[illegible]များ ရနိုင်သော နေရာဖြစ်သည်။

မြေပြန့်ကောင်းသော သစ်ပင်ရိပ်တစ်ခုတွင် ဝင်ထိုင်လိုက်သည်။ ရှုတ်တရက် နေရောင်ပျောက်သွားပြီး ပတ်ဝန်းကျင်မှာ အုံ့အုံ့ဆိုင်းဆိုင်း ဖြစ်လာသည်။

" ဘာဖြစ်တာလဲ "

နီမောင် ပတ်ဝန်းကျင်ကို အကဲခပ်ကြည့်လိုက်တော့ ငှက်ကလေးများ အလုအယက် မြေပြင်သို့ဆင်းလာကြသည်။ တောင်ပေါ်နေ သတ္တဝါများ ဟိုပြေးသည်လွှားနှင့် ပုန်းအောင်းစရာ နေရာရှာနေကြသည်။

ပတ်ဝန်းကျင်တဝိုက် မှုန်မှိုင်းနေပြီး၊ လေမှာ ထူးထူးခြားခြား ငြိမ်သက်နေသည်။

" ဒါ နှင်းမုန်တိုင်း ကျတော့မယ့် လက္ခဏာတွေပါလား"

အတွေးမဆုံးမီ အဝေးဆီမှ တဝေါဝေါအသံတွေကို ကြားလိုက်ရသဖြင့် နေရာမှာ ရှုတ်တရက် ထရပ်လိုက်သည်။

လေပြင်းတိုက်ခတ်သံနှင့်အတူ နှင်းမှုန်နှင်းစက်များ





လွင့်စင်ပါလာသည်။

စက္ကန့်ပိုင်း၊ မိနစ်ပိုင်းအချိန်အတွင်းမှာ ခါကာဘိုရာဇီ ရင်ပြင်ပေါ်သို့ မုန်တိုင်းအစွယ်ရာများ ထင်လာသည်။

လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်ကြီးငယ်များ သိမ်းထိုးလှုပ်ရှားလျှက်ရှိပြီး အချို့တောင်စောင်းပေါ်ရှိ သစ်ပင်ကြီးများ အပိုင်းပိုင်း ပြတ်ထွက်ကုန်သည်။

တောင်ရင်ပြင်တစ်ခုလုံး သိမ့်သိမ့်တုန်လျှက်ရှိပြီး နှင်းမှုန်နှင်းခဲများမှာ သွန်ချလိုက်သလို ကျဆင်းလာသဖြင့် ပတ်ဝန်းကျင်တစ်ခုလုံး နှင်းများဖုံးလာတော့သည်။

" လူလေး - ဆောင်းဦးပေါက်ရာသီတွေမှာ တောင်ပေါ် နှင်းမုန်တိုင်းတွေ ကျလေ့ရှိတယ်၊ နှင်းမုန်တိုင်းနဲ့ ကြုံတဲ့အခါ အယ်တော့မှ ကယောင်ချောက်ချားစွာ မပြေးလေနဲ့၊

လမ်းခုလတ်မှာတင် လမ်းပျောက်ပြီး၊ နှင်းအောက် ရောက်သွားမယ်၊ တစ်နေရာထဲမှာလဲ အကြာကြီး မနေနဲ့၊ ဂူ ကောင်းကောင်းရှာပြီး အမြန်ပုန်းပေတော့၊ "



www.burmeseclassic.com

www.burmeseclassic.com



ဖခင်နဲ့အတူ သွားစဉ်က သင်ကြားဆုံးမခဲ့သော စကားသံများက ယခုဂင် အနီးမှာလာပြောနေသလို ကြားလိုက်ရသဖြင့် နေရာမှထလိုက်သည်။

သူ့တစ်ကိုယ်လုံး နှင်းစက်များဖြင့် ဖွေးဖွေးဖြူနေပြီ လေတိုက်နှုန်းက ပြင်းသဖြင့် တစ်နေရာထဲ ကြာမြင့်စွာ ရပ်မ အအေးဒဏ်ကလည်း သွေးခဲလုအခြေအနေ ဖြစ်လာသည်။

သူ့အတွက် ခိုအောင်းစရာ ဂူတစ်ခုရဖို့ အရေးကြီး နေပြီ။

" ငါ့သား မင်းရှေ့တည့်တည့်မှာ အဖြူရောင်အလင်းတန်း တစ်ခုတွေ့လိမ့်မယ်၊ အဲဒီလမ်းအတိုင်း ရဲရဲသာတက်သွား မင်းအတွက် ခိုအောင်းစရာ တစ်နေရာတွေ့လိမ့်မယ်၊ အချိန် မရှိဘူး၊ မြန်မြန်သွားပေတော့ "

လေထဲမှာ ကြားဖူးသောအသံတစ်သံ ကြားလိုက်ရသည်။

" ဒါ ဝတ်ဖြူစင်ကြယ်နဲ့ အဘရဲ့အသံနဲ့ တူလိုက်တာ





ဒါ နားကြားများလွဲနေတာလား၊ စိတ်ထင်လို့များလား "

သံသယဖြစ်နေစဉ် သူ့ရှေ့ဘက် နှင်းတောထဲမှ အလင်းတန်းတစ်ခု လှမ်းမြင်ရသည်။

နီမောင် ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ ထိုလမ်းကြောင်းအတိုင်း ပြေးတက်ခဲ့သည်။

နှင်းခဲတွေက ဒူးဆစ်နားလောက်အထိ တက်နေသောကြောင့် ခရီးမတွင်၊ ခက်ခက်ခဲခဲ တက်ရသည်။

အလင်းရောင်တန်းအဆုံးနေရာတွင် နှင်းများ ပိတ်စပြုနေသော ဂူပေါက်တစ်ပေါက်ကို မြင်လိုက်ရသဖြင့် အတွင်းသို့ အလျင်အမြန် ဝင်လိုက်ရသည်။

သူဝင်ပြီး မကြာမီ နှင်းများဖြင့် ဂူပေါက်ပိတ်သွားတော့သည်။

" ဟူး - တော်ပါသေးရဲ့၊ နည်းနည်းလေး နောက်ကျသွားရင် ဘယ်နည်းနဲ့မှ ဒီ ဂူပေါက်ကို ရှာမတွေ့နိုင်တော့ဘူး"

ဂူအဝရောက်တော့ အအေးဒဏ် သက်သာသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဂူအတွင်းပိုင်းမှာ သိပ်မကျယ်ဝန်းလှ။

လူတစ်ရပ်ပင် မလွတ်ချင်။ သို့သော် လူတစ်ကိုယ်စာ တော့ ခပ်ချောင်ချောင် သွားလာ၍ရသည်ဟု ခန့်မှန်းမိသည်။

ဂူဝသို့ ရောက်သောအခါတွင် အတွင်းသို့ လှိမ့်ဝင် လိုက်သည်။ သူ့တကိုယ်လုံး နှင်းစက်များဖြင့် ရွှဲရွှဲစိုနေသည်။

မောပန်းမှုကြောင့် ခေတ္တအမောဖြေရသေးသည်။ ဂူ အတွင်းပိုင်းတွင် မှောင်နေသည်။ ဘယ်တိရစ္ဆာန်များ မိမိအလျှင် ရောက်နေမည်ကို မသိနိုင်။ သတိကြီးစွာဖြင့် အခြေအနေကို အကဲခတ်သည်။

မသင်္ကာစရာ အခြေအနေမျိုး မတွေ့ရ။ နှာခေါင်းထဲ တွင် သင်းပျံ့သောရနံ့တမျိုးကို ရှူရှိုက်မိနေသည်။

မိမိစိတ်ထင်လို့ပဲဟု စိတ်ကို လျှော့ချလိုက်သည်။

အပြင်ဘက်တွင် နှင်းမုန်တိုင်းက အားကောင်း နေဆဲပင်။

နိမောင်စိတ်ထဲတွင် စိုးရိမ်မှုတစ်ခု ဖြစ်နေခြင်းမှာ မီး





အလျှင် ဂူအတွင်းသို့ ရောက်နေသော တိရစ္ဆာန်အတွက် စိုးရိမ် နေခြင်းဖြစ်သည်။

သို့ကြောင့် ကြိုတင်ကာကွယ်သည့်သဘောဖြင့် ဂူအတွင်း၌ မီးဖိုထားရန် ဆုံးဖြတ်သည်။

ရေခဲကောင်များတွင် ယမ်းမီးခြစ်ကို အသုံးပြု၍မရပေ။ ကျောက်တုံးများသဖွယ် ခတ်ခြင်းဖြင့်သာ မီးရနိုင်သည်။ ထို့ကြောင့် ဂူအတွင်း၌ရောက်နေသော သစ်ရွက်ခြောက်၊ သစ် ကိုင်းခြောက်များကို ရနိုင်သမျှ စုပုံသည်။

သစ်တုံးတစ်တုံး၊ နှစ်တုံးပါရသဖြင့် ပိုပြီး အဆင်ပြေ သွားသည်။ ဦးစွာ ကျောက်တုံးနှစ်တုံးကိုရှာပြီး မီးခတ်သည်။ အေးနေသောကြောင့် အတန်ကြာသည်အထိ မီးမကူးပေ။ စိတ်ရှည်လက်ရှည်ဖြင့် အတန်ကြာအောင်ခတ်မှ ကျောက်တုံး များ ပူလာပြီး မီးပွင့်လာသည်။ မီးပွားကလေးများသည် သစ်ရွက် ခြောက်များသို့ တစ်ဆင့်ကူးသည်။

ထိုမှတစတစနှင့် မီးစွဲလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ထင်းရှူးသားခြောက်များမှ အဆီရှိသဖြင့် မီးရသည်နှင့် ချက်ချင်းမီးကူးလေသည်။

ခဏချင်းမှာပင် ဂူအတွင်း၌ အလင်းရောင်ရလာသည်။ နွေးထွေးသော အပူရှိန်ကြောင့် နေသာထိုင်သာရှိသွားသည်။ မီးဖိုမှ အလင်းရောင်ဖြင့် ပတ်ဝန်းကျင်သို့ လှည့်ကြည့်သည်။

အစပိုင်းတွင် ဘာမှ ထူးထူးခြားခြား မတွေ့ရပေ။ ထို့ကြောင့် စိတ်အေးသွားသည်။ အတွင်းပိုင်းမှာ နည်းနည်း မှောင်နေသောကြောင့် သဲသဲကွဲကွဲ မမြင်ရပေ။

သို့သော် နှာခေါင်းထဲတွင် သင်းပျံ့သော ရနံ့တစ်ခုကို မီးခိုးငွေ့များနှင့် ရောထွေးရှူရှိုက်မိနေသည်။

နီမောင် အရဲစွန့်ပြီး အတွင်းပိုင်း ခပ်ဖြေးဖြေး တိုးဝင်ကြည့်သည်။

" အားပါး "

နီမောင် အံ့သြသွားသည်။

ဂူအတွင်းပိုင်းတွင် ဒရယ်လိုလို ဝက်လိုလို သတ္တဝါနှစ်





ကောင် ရောက်နေပါလား။ ဘာကောင်ဖြစ်မှန်း သဲသဲကွဲကွဲ မမြင် မသိစေကာမူ သတ္တဝါ၏ အရွယ်ပမာဏကို မြင်လိုက်ကတည်းက စိုးရိမ်မှုများ လျော့ပါးသွားသည်။

သတ္တဝါနှစ်ကောင်သည် ဂူထောင့်တွင် ငြိမ်သက်နေကြသည်။ သူတို့သည် နီမောင်အား ရန်မူလိုကြဟန် မတူ။ ကြောက်ရွံ့နေကြဟန်ဖြင့် ငြိမ်သက်နေခြင်း ဖြစ်မည်။ ဒါပေမယ့် သတ္တဝါက ငယ်သော်လည်း လျော့တွက်၍ မဖြစ်ပေ။ အကယ်၍ အစွယ်ထက်သော ဝက်များဖြစ်ခဲ့လျှင် ပြန်အထွက်တွင် အစွယ်ဖြင့် ပတ်သွားပါက ဝမ်းဗိုက် ဟက်တက်ကွဲ ကျန်ရစ်မှာကိုလည်း စိုးရသေးသည်။

နီမောင် စိုးရိမ်မည့်သာ စိုးရိမ်နေသည်။ တကယ်တော့ လောလောဆယ် အခြေအနေတွင် သူတို့သည် ဘာဝတ္ထု ဒုက္ခ သည်တွေချည်း မဟုတ်ပါလား။

နီမောင်သည် မီးဖိုမှ ထင်းစတစ်စ တစ်ချောင်းကို ယူပြီး ရှေ့သို့ တိုးဝင်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သတ္တဝါလေးများသည် သူ့ကိုကြောက်ရွံ့ဟန်ဖြင့် အသံမျိုးစုံညည်းတွားကာ ဂူထောင့်သို့ ပိုမိုတိုးကပ်သွားကြသည်။

" ဟား . . . . "

မီမီမျက်စိပင်မယုံချင်၊ မြင်တွေ့လိုက်ရသော အရာကား ဘယ်လိုမှ မမျှော်လင့်သော မြင်ကွင်းပါပေ။

" က - ကတိုးနီ၊ ကတိုးနီနှစ်ကောင်ပါလား"

ဝမ်းသာခြင်း၊ အံ့ဩခြင်းနှင့်အတူ **နီမောင်စိတ်များ** လှုပ်ရှားလာကြသည်။ လောဘဇောဖြင့် မျက်လုံးများ **အရောင်**လက်လာကြသည်။ သူချမ်းသာပြီ။ မရှာဘဲနှင့် ကတိုးနီနှစ်ကောင်ကို ဆိုက်ဆိုက်မြိုက်မြိုက် တွေ့ရလေပြီ။ တစ်ကောင်လျှင် လေးသောင်းနီးပါး တန်ဖိုးရှိနေပြီဆိုတော့ နှစ်ကောင်စလုံးရလျှင် သူချမ်းသာပြီ။

မင်းမျက်စိရှေ့မှာ ဘယ်လိုမှ ရှာမတွေ့နိုင်တဲ့၊ ခုချိန်မှာ ဘယ်လိုမှထွက်မပြေးနိုင်တော့တဲ့ ကတိုးနီနှစ်ကောင်ကို တွေ့နေပြီလေ၊ သတ်လိုက်ပါတော့လား။ ဒီနှစ်ကောင်ကို

မြိတ်စာပေ



ရလိုက်တာနဲ့ မင်းမျှော်လင့်ထားတာတွေ ကြိုက်သလို လုပ်လို့ရပြီလေ။

သတ်လိုက်၊ သတ်လိုက်။

မင်း ကတိုးနီတွေကို သတ်လိုက်။

နီမောင်စိတ်တွေ လှုပ်ရှားလာသည်။ နှလုံးသွေးတို့ဆူဝေလာ၏။

မီးတုတ်ချောင်းကို ကိုင်ထားသောလက်များ ဆုပ်ချည်ဖြန့်ချည် ဖြစ်လာသည်။

ရှေ့သို့ ခြေတစ်လှမ်းတိုးသွားသည်။

ကတိုးနီနှစ်ကောင်က သူ့ကို မျက်လုံးအကြောင်သားနှင့် မော့ကြည့်နေကြသည်။ သူတို့၏မျက်လုံးများထဲဟွင် အသနားခံသော အရိပ်အငွေ့များ ပါဝင်နေရော့သလားသိပေ။ လှုပ်ရှားနေသော ခြေလှမ်းများပင် တွန့်သွားသည်။

ပေပြင်းကျသံနှင့်အတူ ဝေဝေဝါးဝါး အသံများကို ကြားလာရသည်။

မြိတ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



" လောကမှာ ဒုက္ခရောက်နေတဲ့ အချိန်မျိုးမှာ ဒုက္ခသည်ချင်း မရှိပ်စက်ရဘူးလူလေး။ အန္တရာယ်ဆုံးကြီးတွေ ကျော်လွန်သွားတဲ့အခါကျရင် ကြိုက်သလိုလုပ်နိုင်ခွင့် ရှိပေမယ့် အန္တရာယ်များနေတဲ့ အချိန်အတွင်းမှာ သစ္စာရှိဖို့လိုတယ်။ ဒုက္ခရောက်နေတဲ့ အချိန်မှာ တဘက်သက် အနိုင်ယူတာ ယောကျ်ားကောင်းတို့ရဲ့အလုပ် မဟုတ်ဘူးကွ၊ ရန်သူဖြစ်နေတာတောင် အဲဒီအချိန်မှာတွေ့ယင် အကူအညီပေးရမယ် "

ဖခင်စကားသံများကို ယခု အပင်အနီးမှ ကပ်ပြောနေသည့်အလား ကြားယောင်လာမိသည်။

နီမောင့်စိတ်တွေ တဖြည်းဖြည်း အနည်ထိုင်စပြုလာပြီး အမှားအမှန်ကို ဆင်ခြင်ပိုင်းခြားနိုင်စွမ်း ရှိလာခဲ့သည်။ စိတ်ကို ဆုံးဖြတ်ချက်ချလိုက်ပြီး လက်ထဲမှမီးတုတ်ကို ဂူနံရံထက်တွင် မှေးထောင်လိုက်သည်။ ထို့နောက် ရှေ့သို့တိုးဝင်သွားသည်။

ကတိုးနီနှစ်ကောင်မှာ ကြောက်ရွံ့ဟန်ဖြင့် ဂူထောင့်သို့ ပိုမိုဝင်ကြပြန်သည်။





" အိုး၊ မကြောက်ကြပါနဲ့၊ မင်းတို့ကို ရန်မမူပါဘူး"

ပြောပြောဆိုဆိုဖြင့် နီမောင်သည် ကတိုးနီနှစ်ကောင် အနီးတွင် ထိုင်ချလိုက်သည်။ ကတိုးနီအိတ်မှာ သင်းပျံ့သော ရနံ့မွှေးကို ရှူရှိုက်မိသည်။ ထို့နောက် ကတိုးနီတစ်ကောင်ကို ဖမ်းယူလိုက်သည်။ ကြောက်ရွံ့ထိတ်လန့်ဟန်ဖြင့် ရုန်းကန်နေသည်။ နီမောင်က အသာအယာ ပွတ်သပ်ပေးတော့မှ တစ်စတစ်စ ငြိမ်သက်သွားလေသည်။ ဤသို့ဖြင့် ကတိုးနီနှစ်ကောင် စလုံး မကြာမီအချိန်အတွင်းမှာပင် နီမောင့်ရင်ခွင်ထဲသို့ ရောက်လာကြသည်။

ဂူအပြင်တွင် နှင်းမုန်တိုင်းက အားကောင်းနေဆဲပင်။

နန်းကေဇာရှေ့မှာ နီမောင် ပြုံးထေ့ထေ့ အမူအရာဖြင့် ရပ်လိုက်သည်။ နန်းကေဇာက နီမောင့်အမူအယာကို နားမလည်ဟာ မော့ကြည့်လိုက်သည်။

နီမောင်က လက်ထဲမှာ ကိုင်လာသောအထုပ်ကို နန်းကေဇာ ရှေ့မှ ချပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



" အဲဒါ ဘာလဲနီမောင် "

" နင်သိချင်ရင် ဖြေကြည့်ပါလား"

နန်းကေဇာက နီမောင်လှမ်းပေးသောအထုပ်ကို နန်းကေဇာရှေ့မှာ ဖြောက်ပြသည်။

" ဟာင် - ငွေတွေ အများကြီးပါလား၊ ဒီလောက်များတဲ့ ငွေတွေ နင်ဘယ်ကရတာလဲဟင် "

" တောင်ပေါ်ကရလာတာပေါ့ "

" တောင်ပေါ်ကရလာတာ ဟုတ်လား၊ နင် ဘယ်လို ရလာတာလဲဟင်၊ ရိုးရိုးသားသားတော့ ဘယ်လိုမှ ရနိုင်စရာ အကြောင်းမရှိဘူး၊ သူများတွေဆီကများ တိုက်ခိုက်လုယက်ပြီး ယူလာခဲ့တာလား"

တောင်ပေါ်တွင် ကုန်သည်များ ခြေရှုပ်နေချိန်တွင် အချို့ မသမာသူများက ကုန်သည်များဆီမှ တိုက်ခိုက်လုယက် မှုများ ရှိလေသည်။

" မဟုတ်ပါဘူး၊ ငါ တောင်ပေါ်တက်ရင်း မမျှော်လင့်ပဲ





ကတိုးနီနှစ်ကောင်ကို တွေ့ခဲ့ရတယ်၊ အဲဒီကတိုးနီနှစ်ကောင်ကို ဖမ်းရောင်းခဲ့လို့ ရတဲ့ငွေတွေလေ ..... နင် ဝမ်းမသာ ဘူးလား "

နန်းကေဇာက နီမောင်ကို မယုံကြည်နိုင်သလို အတန် ကြာအောင် ငေးကြည့်နေသည်။

" နင် တယ်ရက်စက်ပါလား နီမောင်၊ ဒီလောက် ရှားပါး တဲ့ ကတိုးနီတွေကို ဖမ်းပြီးရောင်းခဲ့တယ် ဟုတ်လား၊ နောက်ပြီး သတ္တဝါတစ်ကောင် ဒုက္ခရောက်နေချိန်မှာ မဖမ်းဆီး၊ မသတ် ဖြတ်ရဘူးဆိုတာ နင် မုဆိုးတစ်ယောက်ဖြစ်ပြီး မသိဖူးလား၊

တောမီးလောင်တဲ့အချိန်၊ နှင်းမုန်တိုင်းကျတဲ့အချိန် တွေ အသားစားကြူးတဲ့ကျားတောင် သူနဲ့အတူပြေးတဲ့သခင် ကို မဖမ်းစားဘူး၊

နင် အစက ဒီလောက်အကြင်နာမဲ့လိမ့်မယ်လို့ ငါ ထင်မိဘူး။

ငွေဆိုတာ အကြင်နာတရားလောက် တန်ဖိုးမရှိပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



" မဟုတ်ဖူးကေဇာ၊ မဟုတ်ဖူး၊ ငါ ဒီလိုလုပ်ခဲ့တ ဆိုတာ နင့်အတွက် လုပ်ခဲ့တာပါ၊ နင်နဲ့ မြန်မြန်နီးရအောင် လို့ပါ၊ ငါ့ကို အထင်မလွဲပါနဲ့ "

" အိုး - တော်ပြီ ခုမှတော့ ဘာမှလာပြောမနေနဲ့တော့ စောစောက နင့်ကို အကြင်နာတရား ရှိလိမ့်မယ်လို့ ထင်ခဲ့မိတာ အလကားပဲ ၊

ငါနင့်ဆီက မျှော်လင့်ထားခဲ့တာ တစ်ခုပဲရှိတယ် ၊ အဲ ဂုဏ်မဟုတ်ဘူး၊ ငွေမဟုတ်ဖူး၊ ပကာသနတွေမဟုတ်ဖူး၊

အဲဒါတွေ ငါမလိုချင်ဘူး၊ ငါလိုချင်တာ ကြင်နာတတ် နှလုံးသားပဲ . . .

ကို့နင့်ကိုမုန်းတယ်၊ မုန်းတယ် . . . . .

နောက် ငါ့ကို ဘယ်တော့မှ အဆက်အသွယ်မလုပ် ပါဘဲ . . . "

ပြောပြောဆိုဆို နန်းကေဇာက လက်ထဲမှ ငွေစက္ကူမျ ကို ပစ်ချကာ လှည့်ထွက်သွားလေသည်။





ပတ်ဝန်းကျင်တွင် ငွေစက္ကူရွက်များ ပြန့်ကျဲကျန်ရစ် ခဲ့လေသည်။

" ကေဇာ၊ ကေဇာ "

" ကေဇာ ပြန်လာခဲ့ပါ ၊ ပြန်လာခဲ့ပါ "

" နင်မကြိုက်တာ နောက်ကို ဘာမှမလုပ်တော့ပါဘူး၊ ငါ့ကို မမုန်းပါနဲ့ ၊ ငါ့ကိုမမုန်းပါနဲ့ကေဇာ "

ပြောနေသော အသံတို့က ရင်ထဲမှသည် လည်ချောင်း သို့တိုင် ရောက်လာပြီးမှ နစ်မွန်းပျောက်ကွယ်သွားတော့သည်။

နီမောင် ရင်တွေ တလှပ်လှပ်ခုန်မြန်နေသည်။

ကယောင်ကတမ်းနှင့် မျက်လုံးဖွင့်ကြည့်လိုက်သည်။

ဂူအတွင်းမှာ အမှောင်ရိပ်များက ကြီးစိုးနေဆဲပင်၊ မီးဖိုမှ မီးများပင် အရှိန်လျော့ကျနေပြီ။

ကတိုးနီနှင့်ကောင်က မီးဖိုတစ်ဖက်နားမှာ စိတ်ချ လက်ချ အိပ်နေကြသည်။

နီမောင် သက်ပြင်းတစ်ချက် ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



" တော်ပါသေးရဲ့ ငါ အိပ်မက်မက်နေတာဘဲ "

တစ်ယောက်တည်းပြုံး၍ နေရာမှထလိုက်သည်၊ ဂူပေါက်ဝဘက်သို့ လှမ်း၍ကြည့်လိုက်တော့ အပြင်ဘက်မှာ အလင်းရောင်အားနည်းစပြုနေပြီ . . .။

နှင်းမုန်တိုင်းကတော့ အစွယ်ကျိုးသွားပြီဖြစ်၍ တောင်ရင်ပြင်တဝိုက် ပြန်လည်ငြိမ်သက်စပြုနေပြီ . . .။

နီမောင်က ကတိုးနီနှစ်ကောင်အနီးသို့သွားကာ ကတ္တီပါသားလို အိနေသောအမွေးများကို တယုတယ သပ်ပေးရင်း . . .၊

" ငါပြန်တော့မယ်၊ ဒီဂူထဲမှာ မီးမပြတ်တော့ မင်းတို့ အနွေးဓာတ်ရတာပေါ့၊ မင်းတို့အန္တရာယ်ကင်းပါစေလို့ ငါဆုတောင်းခဲ့ပါတယ်။ မင်းတို့ရှိရာကို ငါမကြာမကြာလာခဲ့မယ်" ဟု တိုးညှင်းစွာနှုတ်ဆက်ပြီး ပိတ်လုပိတ်ခင်ဖြစ်နေသော ဂူပေါက်ဝမှ အပြင်သို့တိုးထွက်လိုက်ပြီး ဂူပေါက်ဝကို ပြန်ပိတ်ခဲ့တော့သည်။





## အခန်း (၁၀)

မန်စေခွန်ရွာတွင် သည်နှစ်ထူးထူးခြားခြား လုပ်ငန်း တစ်ခုပေါ်လာသည်။

ယင်းကား အခြားမဟုတ်ပေ . . .။

ယခင်က နယ်စပ်ကုန်သည်များ ခြယ်လှယ်ကြိုးကိုင်ပြီး ဝယ်ယူလျက်ရှိသော တောင်ပေါ်ဒေသထွက် အဖိုးတန်ပစ္စည်း များကို မြန်မာနိုင်ငံတော်၏အစီအစဉ်ဖြင့် " လယ်ယာစိုက်ပျိုး ရေးကော်ပိုရေးရှင်း " မှ ဝယ်ယူရန်ဆောင်ရွက်နေသော လုပ်ငန်းဖြစ်သည်။

အဝယ်စခန်းကို မန်စေခွန်ရွာ၌ ထားမည်ဟုသိရ၍ကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။ လယ်စိုက်ရှင်းမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးဖြစ်သူ ကိုသိန်းထွန်းမှာ အသက်လေးကျော်အရွယ်ရှိ ဖျက်လက် တက်ကြွသော လူရွယ်တစ်ဦးဖြစ်သည်။

“ ကျွန်တော်တို့လယ်ယာစိုက်ပျိုးရေး ကော်ပိုရေးရှင်း က ဒီလိုနယ်စွန်နယ်ဖျားတွေမှာ လာရောက်ပြီး ဒိုင်ဖွင့်ရတဲ့ အကြောင်းနှစ်ချက်ရှိပါတယ် . . ။ တစ်ချက်က တိုင်းရင်းသား တွေ ရှာဖွေလို့ရတဲ့ပစ္စည်းတွေနဲ့ပတ်သက်ပြီး ရသင့်ရထိုက်တဲ့ အခွင့်အရေး အကျိုးအမြတ်တွေ အပြည့်အဝရရှိဖို့နဲ့ နောက် တစ်ချက်ကတော့ ပြည်တွင်းထွက် အဖိုးတန်သယံဇာတ ပစ္စည်း တွေကို ကျွန်တော်တို့တတွေ အကျိုးရှိရှိ ပြန်လည်အသုံးချနိုင် ကြဖို့ဖြစ်ပါတယ် ”

“ နယ်မြေကထွက်တဲ့ပစ္စည်းတွေကို ဘယ်လိုအကျိုး ရှိအောင်အသုံးချနိုင်သလဲ ” ဟု ဒေသခံအချို့က ပြန်လည် မေးမြန်းသောအခါ ကိုသိန်းထွန်းကပင် စိတ်ရှည်လက်ရှည် ပြန်လည်ရှင်းပြသည်။





“ ကျွန်တော်တို့နိုင်ငံမှာ အဖိုးတန်သယံဇာတပစ္စည်း တွေအများကြီးရှိပါတယ်။ ဒီအထဲက ခန်းတောက်မြစ်၊ မချစ်စုနဲ့ ရှောက်ရွက်တို့ကို ကျွမ်းကျင်တဲ့ ဆေးပညာရှင်များက စနစ်တကျ သုတေသနလုပ်ပြီး ဆေးဝါးထုတ်လုပ်ဖို့ပါပဲ ”

ကိုသိန်းထွန်းက ခေတ်မီဆေးဝါးထုတ်လုပ်မှုအပိုင်းကို အသေးစိတ်ရှင်းပြလေသည်။

မျက်မှောက်ခေတ် အာရှနိုင်ငံများတွင် အချို့နိုင်ငံများ၌ ခေတ်မီဆေးဝါးထုတ်လုပ်သည့် လုပ်ငန်းများအောင်မြင်လျက် ရှိနေကြသည်။ ယခင်က ဆေးဝါးထုတ်လုပ် ရောင်းချမှု လုပ်ငန်းများကို အနောက်အုပ်စု အရင်းရှင်နိုင်ငံများမှ နိုင်ငံ တကာလုပ်ငန်းစုံနာမည်ကျော်ဆေးဝါးကုမ္ပဏီကြီးများ၏ လက်အောက်ခံ ကုမ္ပဏီများမှ ခြယ်လှယ်ဖြန့်ဖြူးချုပ်ကိုင်ထား ခဲ့သည်။

ယခုအခါ တိုးတက်သော ခေတ်နှင့်အမီ အာရှနိုင်ငံ အသီးသီးတွင် ပြည်တွင်းသုံးစွဲရန်လိုအပ်သော ဆေးဝါးများကို



www.burmeseclassic.com

www.burmeseclassic.com



ပြည်တွင်းစက်ရုံများမှပင် ထုတ်လုပ်ဖြည့်ဆည်းပေးနေကြသည်။ အချို့နိုင်ငံများဆိုလျှင် ကမ္ဘာ့ဈေးကွက်သို့ပင် တင်ပို့ရောင်းချရန် ကြိုးစားနေကြသည်။

သို့ရာတွင် ဆေးဝါးကုန်ကြမ်း အများစုကို အနောက်အုပ်စုကုမ္ပဏီကြီးများကပင် မှာယူတင်သွင်းနေကြရပေသည်။

ထို့ကြောင့် ပြည်တွင်းထွက် ဆေးဝါးထုတ်လုပ်မှုကုန်ကြမ်းအတွက် အထောက်အကူရစေရန် ထိုကဲ့သို့ အဝယ်ဒိုင်လာဖွင့်ရခြင်းအကြောင်းအရင်းကို စိတ်ရှည်လက်ရှည် ရှင်းပြလေသည်။

BURMESE CLASSIC .com

လက်ရှိအခြေအနေတွင် အာရှဒေသရှိ ဂျပန်နိုင်ငံ၊ အန္ဒိယနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ကိုးရီးယားသမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ သီရိလင်္ကာနိုင်ငံများနှင့် ရင်ပေါင်တန်းကာ ပြည်တွင်း၌ပင် ဆေးဝါးထုတ်လုပ်မှုစက်ရုံများတည်ဆောက်ကာ ဆေးဝါးမျိုးစုံထုတ်လုပ်၍ ပြည်တွင်း၌သာမက ကမ္ဘာ့ဈေးကွက်





အထိ ဖြန့်ဖြူးနိုင်ရန်အတွက် တိုင်းရင်းသားများအနေဖြင့် တစ်ဘပ်တစ်အား ပါဝင်ဆောင်ရွက်ကြရန်လည်း ကိုသိန်းထွန်းက ရှင်းလင်းတိုက်တွန်းပေသည်။

မန်စေခွန် ရွာသူရွာသားများသာမက အနီးဝန်းကျင်မှ ရောက်လာကြသူများပါ သဘောကျကြလေသည်။

ထိုအစီအစဉ်ကို ယခု ဆောင်ဦးပေါက်ရာသီ၌ပင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ကြသည်။

ခန်းတောက်မြစ်၊ မချစ်ဥပေါက်ဈေးမှာ တစ်ပိဿာလျှင် ကျပ် ၂၀၀၀ မှ ၃၀၀၀ အထိ ဖြစ်ပြီး ရှားပါး၍ဈေးကောင်းလာသည့်အခါ များတွင် ကျပ် ၃၅၀၀ မှ ကျပ် ၄၀၀၀ အထိ ပေါက်ဈေးရှိသောကြောင့် မက်မောလောက်စရာပင်၊ ထို့ကြောင့် ခန်းတောက်မြစ်၊ မချစ်ဥရှာဖွေသူ ပိုမိုများပြားလာကြသည်။

ထိုပြင်နယ်ခြားဘက်မှ လာရောက်ကြသော ကုန်သည်များမှာလည်း များပြားလာသည်။ ထိုအချိန်ကို စိတ်ရှုးထချိန်ဟု ပြောစမှတ်ပြုကြသည်။ ရေခဲတောင်ပေါ်တွင် ပစ္စည်းလေသူ



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းရောင်းသူတို့ ပိုမိုများပြားလာသောကြောင့် ပစ္စည်းရောင်းဈေး၊ ဝယ်ဈေးနှုန်းများ တစ်မှုဟုတ်ချင်း တိုးတက်ပြောင်းလဲကုန်သည်။

ယခင်က ၁၀ ပြား ၁၅ ပြား ဆေးလိပ်တစ်လိပ်ပင် ငါးမူးတစ်ကျပ် ပေးသောက်ရသည်။ ရာသီဥတုနှင့် ကိုက်ညီသော အရက်ဖြူနှင့် ဘရမ်ဒီပုလင်းဆိုလျှင် ပြောစရာမလိုတော့။ အချို့ဆိုလျှင် အရက်တစ်ပုလင်းကို ကျပ် ၃၀၀ မှ ကျပ် ၄၀၀ အထိ ပေးဝယ်သောက်ကြလေသည်။ စားသောက်စရာများဆိုလျှင်လည်း ထိုနည်းတူပင်ဖြစ်သည်။

ဆေးမြစ်ရှာသော ရေခဲတောင်တက်အဖွဲ့သားများမှာ သက်သက်သာသာဖြင့် ပစ္စည်းများကို ရှာဖွေတွေ့ရှိကြခြင်း မဟုတ်။ ပင်ပန်းဆင်းရဲမှုများဖြင့် ရင်ဆိုင်ကြုံတွေ့ကြရတတ်သည်။

ရေခဲတောင်ပေါ်သို့ တက်ရာတွင် ပစ္စည်းများကို အစုံအလင်သယ်ယူကြရသည်။ အချို့ငွေကြေးတတ်နိုင်သူများ



BURMESE CLASSIC .com



ကမူ အခကြေးငွေပေးပြီး အထမ်းသမားများ ခေါ်သွားတတ်သည်။ စားစရာ၊ သောက်စရာ ပစ္စည်းများကိုအပြည့်အစုံ သယ်ယူသွားရသည်။ အနွေးထည်နှင့်စောင်များကိုမူ အထူးဂရုစိုက်ပြီး သယ်ဆောင်ကြရသည်။

ရေခဲတောင်များပေါ်တွင် သစ်လုံးတဲအိမ်ကလေးများ သဘာဝ ဂူပေါက်များရှိတတ်သည်။ တစ်ခါတစ်ရံနှင်းခဲများ ဖုံးအုပ်နေလျှင် ရှာမတွေ့နိုင်။ ကျွမ်းကျင်သူများသာ ရေခဲပြင်အောက်မှ သစ်လုံးတဲနှင့်ဂူများကို ရှာတွေ့နိုင်သည်။

ထိုသို့တွေ့လျှင် ပထမလူ ဝင်သာအောင်ပြုလုပ်ပြီးမှ တည်နိုင်၏။ အနည်းဆုံးတော့ လေဝင်ပေါက်ရှိရန် ဖန်တီးရသည်။

အကယ်၍ သစ်လုံးအိမ်နှင့်ဂူပေါက်များကို ရှာမတွေ့သည့်အခါ ရေခဲပြင်၌ပင် ရွက်ဖျင်တဲများထိုးပြီး စခန်းချရတတ်သည်။

ရေခဲတောင်တန်းများပေါ်သို့ အတက်ခရီးတွင်



www.burmeseclassic.com

www.burmeseclassic.com



ကြန့်ကြာတာစ်သော်လည်း ပြန်အဆင်း၌မူ ခရီးတွင်လှသည်။ အမာခံ အသားရေပြားတစ်ခုကို ဖင်ခုထိုင်ပြီးလျှောချလိုက်ရုံပင်။ မိမိလိုသော နေရာရောက်လျှင် ခြေထောက်လိုက်ရုံဖြင့် မတ်တပ်ရပ်ပြီးဖြစ်သည်။ ခန်းတောက်မြစ်နှင့် မချစ်ဥတို့ ရှာဖွေရသည်မှာ မလွယ်ကူလှချေ။

ရေခဲပြင်အောက်တွင် ပေါက်သောခန်းတောက်မြစ်နှင့် မချစ်ဥတို့မှ အစို၊ အခြောက်၊ အမြစ်နှင့် ထွက်လာကြခြင်း ဖြစ်သည်။

မချစ်ဥမှာ ကြက်သွန်ဖြူနှင့်ဆင်တူသည်။

ခန်းတောက်မြစ်မှာ အပင်ထက် အမြစ်က ပိုမို အသုံးဝင်လေသည်။ အ ရွယ်ရောက်ပြီး ခန်းတောက်မြစ် တစ်... မှာ ခြောက်လက်မမှ ကိုးလက်မအထိ ရှိတတ်သော်လည်... ဈေးကောင်းလှသောကြောင့် အရွယ်မတိုင်မီ နှုတ်ယူကြသဖြ... အချို့ဆိုလျှင် နှစ်လက်မ၊ သုံးလက်မ အရွယ်ခန့်အထိသာ... တတ်သည်။





မချစ်ဥကို ရဝမ်ဘာသာစကားဖြင့် " မဂျစ် "
လီဆူးဘာသာစကားဖြင့် " ပွိုမိုး"
ခမ်းကီးရှမ်းဘာသာစကားဖြင့် " ယာဖလိုနွယ် "
တရုတ်စကားဖြင့် " လမုံ "

မြန်မာဘာသာစကားဖြင့် အသုံးများသည်မှာ " မချစ်ဥ ", "မသေဆေးဥ ", ဂမုန်းသက်ရှည်ဥ "ဟု တင်စား၍ အမျိုးမျိုး ခေါ်ကြသည်။

မည်သို့ပင်ဖြစ်စေ . . . ။

...ည်နှစ် ဆေးမြစ်ဆေးဥရှာသူ ပိုမိုများပြားလာ၏။ ...ယ်စိုက်ရှင်းမှ အဝယ်ဒိုင်ကလည်း လာရောက်ဖွင့်ပြီး ...လေးချိန်မှန်၊ ဈေးမှန်ပေး၍ ဝယ်ယူနေသဖြင့်တော်တော်များ ...းက အဝယ်ဒိုင်သို့လာရောက် ရောင်းချကြသည်။ နယ်စပ် ...တ်မှ ရောက်လာသော ကုန်သည်များကတော့ အဝယ်ဒိုင် ...ရောက်ဖွင့်သောကြောင့် သူတို့အဖို့ လွန်စွာနစ်နာကြသည်။

ခါတိုင်းနှစ်ကဲ့သို့ ပေးချင်တဲ့ဈေးပေး၍ ချိန်ချင်တဲ့



www.burmeseclassic.com

www.burmeseclassic.com



အလေးနှင့် ဝယ်လို့မရတော့ပေ။ အလေးမှန် ဈေးမှန်ပေးဝယ်ရသည့်အပြင် ဓါတိုင်းနှစ်များကဲ့သို့ ပစ္စည်းများဝယ်မရတော့သောကြောင့် အဝယ်ဒိုင်ကို လုံးဝမကျေနပ်ကြပေ။

ထို့ကြောင့် နည်းအမျိုးမျိုးနှင့် နှောက်ယှက်ဖျက်ဆီးရန် ကြံစည်ကြသည်။ ထိုသို့ ကြံစည်ရာတွင် ၎င်းတို့ချည်းကြံစည်၍ မရသောအခါ ရွာသူရွာသားများအားလုံး စည်းရုံးသွေးဆောင်ကြသည်။ လက်ဆောင်ငွေကြေးများပေး၍ သွေးထိုးပေးသည့် အချို့က စမ်ရှိန်တို့ပြောတာယုံကြသည်။ ဦးခွန်ဘရင်တို့ပင် ဝမ်ရှိန်တို့ပေးသော လက်ဆောင်ပစ္စည်းများ၊ ငွေကြေးများကြောင့် လယ်စိုက်ရှင်အဝယ်ဒိုင်အကြောင်း မကောင်းသတင်းများဖန်တီးပြောကြသည်။

လယ်စိုက်ရှင်းမှ ကိုသိန်းထွန်းတို့အဖွဲ့ကလည်း ဖွင့်ကြသည်။ သည်းခံကြသည်။

ဘယ်သူတွေ ဘာပဲပြောပြော . . .။

မိမိတို့လုပ်ငန်းအောင်မြင်ရေးကိုသာ ကြိုးစားဆောင်





ရွက်ကြသောကြောင့် အချိန်တိုတိုအတွင်းမှာပင် အောင်မြင်မှုများရလာကြသည်။

ကိုသိန်းထွန်းတို့အဖွဲ့အား ရွာခံအချို့က ကူညီအားပေးကြရာ ထိုအထဲတွင် နီမောင်နှင့် ကိုဇော်မိုင်းတို့မှာ ထိတ်ကြွမှုအရှိဆုံးဖြစ်ကြသည်။

ကိုဇော်မိုင်းက အသက်လေးဆယ်ကျော်အရွယ်ခန့်သော စစ်ပြန်ရဲဘော်ဟောင်းတစ်ဦးဖြစ်သည်။ တချင်သွေးသူတစ်ဦးဖြစ်ပြီး မန်စေခွန်ရွာအပြင်တွင် ခြံစိုက်၊ နွားမွေးခြင်းလုပ်များလာရောက်လုပ်ကိုင်လျက်ရှိသည်။

နီမောင်နှင့်ကိုဇော်မိုင်းတို့နှစ်ယောက်မှာ စိတ်တူကိုယ်တူပြီးလက်တွဲညီကြသည်။

"လယ်ယာစိုက်ပျိုးရေးကော်ပိုရေးရှင်းက ဒီကိုလာတာမှန်တယ်ကွ"

"...ဦးစားကြည့်စမ်း နီမောင် . . . .။"

"...ကွင်းက ထွက်လာတဲ့ အဖိုးတန်ပစ္စည်းတွေ



www.burmeseclassic.com

www.burmeseclassic.com



ကုန်သည်တွေကို ရောင်းလိုက်တဲ့အခါ တစ်ဆင့်တစ်ဆင့် နဲ့ပြည်ပဘက်ကို ထွက်သွားတာ. . .၊ ဒါအဖိုးတန်ကုန်ကြမ်း ပစ္စည်းတွေပဲ၊ အဲ့ဒီကုန်ကြမ်းတွေက ကုန်ချောတွေဖြစ်ပြီး တို့ဆီ ပြန်ရောက်လာတဲ့အခါ အဆမတန် ဈေးတွေပေးပြီး ဝယ်သုံး ကြရပြန်ရော . . .၊ ဥပမာ ဆေးဝါးပစ္စည်းတွေမျိုးပေါ့ကွာ"

" ဟုတ်တယ်၊ ဦးဇော်မှိုင်း "

" ဒီပစ္စည်းတွေဟာ ကျိုပြည်တွင်းဘက်ကို ဝင်သွား ကုန်ကြမ်းတွေပေါလာမှာသေချာတယ်၊ တတ်ကျွမ်းနားလည် ပစ္စည်းရှင်တွေလက်ထဲရောက်ရင် အဖိုးတန်လူသုံးကုန် ဆေး ပစ္စည်းတွေ ပြန်ပြီး တို့တွေ ပေါပေါသုံးရတာပေါ့ကွာ။"

" အခုတော့ ကိုယ့်ဆီက ဝါးကိုဝယ်သွား တုတ် ကိုယ့်ကိုပြန်ရိုက်သလိုခံနေရကြရတယ်၊ မင်းစဉ်းစားကြည့် နီမောင် . . ."

" ဟုတ်တယ် ဦးဇော်မှိုင်း ကျွန်တော်တို့သိသလို ရွာ ရွာသားတွေသိကြရင်သိပ်ကောင်းမှာပဲဗျာ . . ."

မြိတ်စာပေ



" ဒါက ဒီလိုရှိတယ်ကွ "

" တို့တောင်ပေါ်သားတွေဆိုတာ ရိုးသားဖြူစင်တယ်၊ ပရိယာယ်မကြွယ်ကြဘူး၊ ရိုးရိုးတွေးပြီး ရိုးရိုးမြင်တာများတယ်။ သူများက ယုံလောက်အောင်ပြောပြီး မက်လောက်အောင် ပေးရင် ဆွဲဆောင်ရာပါတတ်ကြတယ်။ ဒါကို စီးပွားရေးသမား တွေ ကုန်သည်တွေသိတော့ အဲ့ဒီအချက်နဲ့စည်းရုံးပြီးတော့ သူတို့ လိုချင်တာ ရအောင်ယူကြတာကွ။ ငါတော့ ဒီလူတွေကို ကြည့်မရ တာအတော်ကြာပြီ "

" ကျွန်တော်လည်း ဒီလိုပဲဦးဇော်မှိုင်း၊ ရွာသူရွာသားတွေ ကို တဖြည်းဖြည်းစည်းရုံးပြီး၊ ကျွန်တော်တို့ဘက် ပါအောင် လုပ်ရမယ်။ "

ထို့ကြောင့် သူတို့နှစ်ယောက်ကို ကုန်သည်များက ကြည့်မရပေ။ ဖြစ်နိုင်လျှင် အပျောက်ရှင်းပစ်ချင်ကြသည်။

သို့သော် . . .

ဆင်တိုင်းလုပ်၍မရတော့ပေ။

မြိတ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



တစ်ညဟွင် ဦးခွန်ဘရင်အိမ်တွင် မီးပုံပွဲဟုဆိုကာ အရက်ပွဲတစ်ခုလုပ်ကြသည်။

ထိုပွဲတွင် ဝမ်ရှိန်တို့အဖွဲ့က ဇာမုန်းထန်အား တကူးတကဖိတ်၍ အရက်နဲ့ဧည့်ခံသည်။

" ဒီမှာ ဇာမုန်း ဒီအရက်တွေက သိပ်ရှားတာကွ၊ မင်းကြိုက်တက်မှန်းသိလို့ ငါ့မိတ်ဆွေတွေက တကူးတက စီစဉ်ပေးတာ . . . အားပါးတရ သောက်စမ်းကွာ "

ဦးခွန်ဘရင်က အရက်ပုလင်းကို ချပေးသောအခါ ဇာမုန်းထန်မျက်လုံးထဲမှာ တက်ကြွမှုများ ဖြစ်ပေါ်နေ၏။ ဒီလောက်တန်ဘိုးရှိတဲ့ အရက်တွေနဲ့ ဧည့်ခံနေပါလား၊ စိတ်ထဲမှာ ဘဝင်မြင့်သလို ဖြစ်နေသည်။

" ဒါ ခင်ဗျားအတွက် သီးသန့်စီစဉ်ထားတာ၊ အားရပါးရ သောက်ပေတော့ ဦးဇာမုန်း . . . "

" ဇာမုန်းထန်ပါလေဘ်ပန်ရာ "

" ပြော် ဇာမုန်းထန် - ဇာမုန်းတန် - ဟုတ်ပြီ"





" မပီမသနဲ့ စမုတ်တဲလဲ ဖြစ်ပါဦးမယ်ကွာ . . . "

သဘောကျစွာ ရယ်မောလိုက်ကြသည်။

သူတို့သည် အရက်တစ်ကြိုက်၊ အသားကင်တစ်ကိုက်နှင့် အရှိန်ကောင်းလာကြသည်။

အခန်းတွင်းမှာ ရှိနေသော နန်းကေဇာကတော့ ဖခင်ကြီး လုပ်ကိုင်နေခြင်းများကို မနှစ်သက်ပေ။

ထိုသူများနှင့် ဆက်ဆံနေခြင်းကိုလည်း မကြိုက်ပေ။ သို့သော် သူမအနေနှင့် ဘာပြောလို့မှမတတ်နိုင်ရှာပေ။ နန်းကေဇာသည် အခန်းတွင်းမှနေ၍ ဇာမုန်းထန်ကို မြင်သောအခါ စိတ်ဝင်စားသဖြင့် အခြေအနေကို နားစွင့်နေမိသည်။

" ဒီမှာ ဇာမုန်း "

" ပြောပါ - ဇော်ခွန် "

ခမ်းတီးရှမ်းအခေါ်အရ " ဇော် " ဆိုတာ "အဖေ" ဟု အဓိပ္ပာယ်ရှိသောကြောင့် ဇာမုန်းထန်က ဦးခွန်ဘရင်အား တလေးတစား ခေါ်လိုက်ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



" ဒီနှစ်ဒို့ရွာမှာ ဆေးမြစ်အဝယ်ဒိုင် လာဖွင့်တာ မင်းတွေ့တယ်မဟုတ်လား၊ ဒါကြောင့် ဒီနှစ် ငါ့ဆီလာတဲ့ ကုန်သည်တွေ ကုန်ပစ္စည်းသိပ်မရဘူးဖြစ်နေတယ်၊ ရွာကလူတွေကလည်း ခက်တယ်၊

တစ်ခြားလူပြောတာကို အဟုတ်ကြီးမှတ်နေကြတယ်၊ ဟိုနှစ်တွေက ဒီကုန်သည်တွေ ထောက်ပံ့တဲ့ကျေးဇူးတွေကိုမှ မထောက်ကွာ ..... ရတဲ့ပစ္စည်းတွေကို အဝယ်ဒိုင် သွားရောင်းကြတယ် ... "

" ကျုပ်ကတော့ ဒီမှာလာရောင်းပါတယ် ... "

ဇာမုန်းထန်က အာလေးရှာလေးနှင့် ပြောလိုက်သည်။

" မင်းကရောက်ပေမယ့် - မင်းမယားပါသားအပါအဝင် တစ်ခြားလူတွေက မရောင်းကြတော့ဘူးကွ "

" အဲဒါ ကျုပ်က ဘာလုပ်ပေးရမလဲ - အဲဒီလူတွေကို ဆုံးမပေးရမလား၊ ဒါမှမဟုတ် အဆိပ်လူးမြားနဲ့ ရှင်းပေးရမလား"





ရှင်းရှင်းပြောစမ်းပါ ဇော်ခွန် ..... "

" မင်း ဒီလုပ်လို့ ဘယ်ရမလဲဇာမုန်းထန်ရဲ့ ပြဿနာတွေ အားလုံး ကိုယ့်အပေါ်ပုံကျလာမှာပေါ့၊ ဒီကိစ္စမျိုးဆိုတာ အလိမ္မာသုံးနိုင်မှ တန်ကာကျတယ်ကွ၊ သိလား "

အလယ်တွင် ဖိုးထားသော မီးတောက်များက အရှိန်ကောင်းနေဆဲ၊ ထည့်ထားသော ထင်းရှူးသားကို မီးခွဲသံများက တဖျစ်ဖျစ်အသံမြည်လျှက် ရှိသည်။

အရက်သောက်ရင်း အရှိန်ရနေပြီဖြစ်သော ဦးခွန်ဘရင်တို့အဖွဲ့မှာ အအေးဒဏ်ကို အံတုနိုင်ကြပြီဖြစ်သလို ပတ်ဝန်းကျင်ကိုလည်း မေ့လျော့နေတော့သည်။

" ဒီကိစ္စတွေမှာ ဒို့ရွာက အတွင်းလူမကောင်းတာတွေလဲပါတယ်၊ ဒါကို မင်း သိတယ်မဟုတ်လားဇာမုန်း "

" သိတယ် - ကျုပ်အိမ်က မယားပါသားတောင် - ဟိုလူတွေနဲ့ပေါင်းပြီး အဟုတ်တာတွေ လျှောက်လုပ်နေတာ ကျုပ်သိတယ်၊ ပြောလဲမပြောချင်ဘူး၊ ပြောလို့လဲရမှမဟုတ်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင်လေးက ခပ်ပေပေရယ်"

နီမောင်အကြောင်းပါလာပြီမို့ အခန်းထဲမှ နန်းကေဇာ ဟိုမို နားစွင့်နေထားလိုက်သည်။

" မင်းအခုနေမှာ အိမ်ထောင်ဦးစီးပဲ၊ မင်းက ဖျောင်းဖျောင်းဖျဖျ ပြောလို့ နားဝင်အောင်ပြောရင် ရနိုင်မှာပါ . ."

ဇာမုန်းထန်သည် ဝါးဆက်ပိုင်းထဲမှ အရက်ကို တစ်ကျိုက်တည်းနှင့် မော့သောက်ချလိုက်သည်။ သူ့မျက်နှာမှာ အကြည့်ရဆိုးအောင် ရှုံ့ကျသွားတော့သည်။

မီးဖိုဘေးသို့ တံတွေး 'ဖျစ်'ကနဲ ထွေးထုတ်လိုက်သည်

"မဟုတ်ဘူး၊ ခင်ဗျားတို့ ထင်သလို မဟုတ်ဘူး၊

နီမောင်ဟာ သိပ်ခေါင်းမာတဲ့ ကောင်လေး ကျုပ်ပြောရင်လဲ လက်ခံမှာမဟုတ်ဘူး၊

ကျုပ်ရည်ရွယ်ချက်တွေ မရသေးခင်၊ မပြည့်သေးခင်မှာ ဒီလိုဘဲ သည်းခံနေရမှာပဲ. . ၊

ကျုပ်လိုချင်တာတွေရတဲ့တစ်နေ့မှာတော့ မှတ်လောက်





သားလောက် ဆုံးမပေးလိုက်အုံးမယ်. . ၊

ဒီတော့မှ ဇာမုန်းထန့်အကြောင်း ကောင်းကောင်း သိစေရမယ်- ဟင်း ဟင်း. ."

နန်းကေဇာ နီမောင့်အတွက် စိတ်ပူသွားသည်။

"ဒီလူကြီး ကြည့်ရတာ စိတ်ကောင်းရှိတဲ့ ရုပ်လက္ခဏာမရှိဘူး၊

မဖြစ်ဘူး၊ မဖြစ်ဘူး၊

နီမောင့်ကို တွေ့ပြီးရင် ဒီအကြောင်းတွေကို ဖွင့်ပြောသတိပေးထားမှ ဖြစ်မယ်. . ."

နန်းကေဇာ့စိတ်ထဲတွင် နီမောင့်အတွက် စိုးရိမ်ပူပန်စွာဖြင့် အိပ်ယာဝင်ခဲ့ရသည်။

အပြင်ဘက်တွင် ညဥ့်နက်သည်အထိ တီးတိုးတိုင်ပင်သံများ ပြုလုပ်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

"ကေဇာ. . ."

"ဟင်. . ."

"ဟိုးမှာ မျှော်ကြည့်လိုက်စမ်းကေဇာ. . ၊ ဖွေးဖွေးဖြူနေတဲ့ ရေခဲတောင်ကြီးပေါ်မှာ ရောင်စုံပန်းတွေ ဖူးပွင့်နေလိုက်တာ တကယ့်ပန်းတောင်တန်းကြီး ကျနေတာပဲ၊ ကြည့်လိုက်တာနဲ့ သာယာပြီး စိတ်ထဲမှာ ချမ်းမြေ့နေတာပဲ. . ."

ငါတော့လေ . . အဲဒီလို လွတ်လပ်မှုရှိတဲ့ နေရာကို အမြဲသွားချင်နေတော့တာပဲ. . .၊"

အပြာရောင် မိုးကောင်းကင်နောက်ခံထားပြီး မြင့်မားသီခေါင်သော နှင်းတောင်တန်းကြီးများကြည့်ရသည်မှာ





လွမ်းစရာ ဖြစ်တော့သည်။

ဟိုအဝေးတွင် မြင်နေရသော တဲကလေးများဆီမှ မီးခိုးငွေ့ကလေးများ တလူလူထွက်နေသည်။

တစ်ချက်တစ်ချက် လေအဝေ့တွင် ရွာလယ်လောက်ကွင် ဆောက်ထားသော စာသင်ကျောင်းဆီမှ ခေါင်းလောင်းသံ သဲ့သဲ့ပေါ်ထွက်လာ၏။

နီမောင်နှင့် နန်းကေဇာတို့ ထိုင်နေသော နေရာမှာ ရွာနှင့် မဝေးလှသော နမ့်ပန်လုံချောင်းနဘေး တစ်နေရာတွင် ဖြစ်သည်။ ထိုနေရာကလေးမှာ သူတို့နှစ်ယောက် ဆုံတွေ့နေကြဖြစ်သည်။

ချောင်းကလေးမှာ မကျယ်ဝန်းလှ။

ကမ်းစပ်တလျှောက် ရောင်စုံကျောက်တုံးကလေးများ ပြည့်နေပြီ၊ ကျောက်တုံးကလေးများအပေါ်သို့ စမ်းရေဖြတ်စီးသံမှာ သံစဉ်မညီသော ဂီတာသံသဖွယ် ဖြစ်နေ၏။

နမ့်ပန်လုံချောင်းတစ်ဝိုက်တွင် ကျောက်ကြမ်းပိုးရှသူ၊



www.burmeseclassic.com

www.burmeseclassic.com



ကျောက်စိမ်းရှာသူများ ရောက်တတ်သည်မှအပ တိတ်ဆိတ်ငြိမ်သက်နေတတ်သည်။

နီမောင်က ရေစပ်မှ ကျောက်တုံးကြီးတစ်လုံးကို ခြေဖြင့်ပက်ကြည့်လိုက်သည်။

ရေနှင့် ထိစဉ်က အပြာရောင်ဖြစ်သွားပြီး ခဏအကြာ အစိမ်းနုရောင်ပြောင်းသွားလေသည်။ ထိုကျောက်တုံးများမှာ သက်နုကျောက်စိမ်းတုံးများ ဖြစ်ကြသည်။

နန်းကေဇာက သစ်ရွက်ခြောက်ကလေးများကို လှေကလေးများသဖွယ် ရေထဲသို့ မျှောချနေသည်။

"နီမောင်"

"ဟင်. . ."

"နင် အခုတလော. . အိမ်မှာမနေဘူး တောင်ပေါ်ကိုပဲသွားသွားနေတယ်ဆို ဟုတ်လား"

နီမောင် သက်ပြင်းတစ်ချက် ချလိုက်သည်။

"ဟုတ်တယ်ကေဇာ. . ငါအိမ်မှာ မနေချင်လို့





တောင်ပေါ်ကို သွားနေတာ. . အိမ်မှာ နေရတာနဲ့စာရင် တောင်ပေါ်မှာနေရတာက ပိုပြီး စိတ်ချမ်းသာဖို့ ကောင်းတယ်လေ. . ၊ ဖြစ်နိုင်ရင် လောကအပြင်ဘက်မှာတောင် သွားနေချင်တာ"

နန်းကေဇာက နီမောင့်မျက်နှာကို မော့ကြည့်သည်။ နုနယ်သောမျက်နှာလေးမှာ လောကဓံ၏ ထုထောင်းနှိပ်စက်မှုများဒဏ်ကြောင့် အတန်ငယ်ရင့်ရော် ခက်ထန်နေသည်။

"စိတ်ထင်တိုင်း လျှောက်မလုပ်ပါနဲ့ဟာ. . .

လောကကို လက်မြှောက်အရှုံးပေးလိုက်ရင် တစ်သက်လုံး အရှုံးနဲ့နေရလေ့မယ်၊

တစ်နေ့ကျရင် ဘဝကို ဒို့လိုချင်သလို ဖန်တီးယူလို့ရလာမှာပါ. . . ၊

အဲဒီအခြေအနေအထိ အားတင်းထားရမှာပေါ့၊

နီမောင်က နန်းကေဇာကို တစ်ချက်ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူမ၏လှပသော မျက်နှာလေးပေါ်တွင် လေးနက်မှုများ ပေါ်လွင်နေ၏။

"နောက်ပြီး ရွာထဲက တွေ့ဟဲ့လူတိုင်းကို လယ်စိုက်ရှင်း ဒိုင်မှာ ပစ္စည်းရောင်းဖို့ ပြောပြနေတယ်ဆို. . ."

"ဟုတ်တယ် ဘာဖြစ်လို့လဲ. . ."

"ကုန်သည်တွေက နင့်ကို အတော်မျက်မုန်းကျိုးနေကြ တယ်လို့ အဖေတို့ ပြောသံကြားရတယ်၊ တော်ကြာတစ်ခုခု ဖြစ်သွားရင်. . ."

စကားမဆက်တော့ဘဲ တိုးညှင်းစွာ သက်ပျင်းတစ်ချက် ချလိုက်သည်။

ဘေးတိုက်အနေအထား မြင်နေရသော နန်းကေဇာ၏ မျက်နှာလေးမှာ ပါးအိုးနီကလေးများဖြင့် လှပလျှက်ရှိသည်။ ပိတ်ဖြူကြမ်းရင်စေ့အကျီ၊ ကချင်လုံချည်ကလေးဖြင့် ရိုးရိုးယဉ်ယဉ်ကလေးရှိနေသော နန်းကေဇာ၏ အလှမှာ နီမောင့်အတွက် ဘယ်တော့မှ မရိုးနိုင်သော အလှများ





ဖြစ်သည်။

နီမောင်က နေရာမှထပြီး နန်းကေဇာအနီးတွင် ဝင်ထိုင် လိုက်တော့ နန်းကေဇာ အနည်းငယ် ထိတ်လန့်သွားဟန်ဖြင့် မော့ကြည့်သည်။

"ကေဇာ နင်ဘာဖြစ်လို့ ငါ့အတွက် စိုးရိမ်နေရတာလဲ ဟင်"

အဖြေမပေး။

တိုးရှိုသာခေါင်းငုံ့သွားသည်။

နန်းကေဇာရင်ထဲ လှိုင်းထသလို တုန်လှုပ်သွားသည်။ ဘာကြောင့်မှန်းမသိ၊ နီမောင်နှင့် မျက်နှာချင်းဆိုင်ရမှာ အလိုလို ရှက်လာသည်။

စိတ်က လှုပ်ရှားနေသောလည်း ခန္ဓာကိုယ်က နေရာမှ ရွှေ့နိုင်သော်အောင် ငေးလုံနေ၏။

နီမောင်က ထွေးအိနေသော နန်းကေဇာ၏ ပုခုံးလေး ကို အသာဖက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



" အို . . . . . "

" ကေဇာ . . . ငါနင့်ကို ချစ်နေပြီ . . . "

နီမောင်က နားနားကပ်ပြီး တိုးတိုးလေး ပြောပြလိုက်သော်လည်း နန်းကေဇာရင်ထဲမှာ ဗုံးတစ်လုံး ပေါက်ကွဲသလို ကျယ်လောင်စွာ ကြားလိုက်ရသည်။

နန်းကေဇာရင်ထဲမှာ တုန်လှုပ်မှုဖြင့် လက်ချောင်းကလေးများ ပွတ်သပ်နေသည်မှာ နီရဲနေပြီ။

မိန်းကလေးတစ်ယောက်အဖို့ ချစ်သူဆီမှ "ချစ်ပါတယ်" ဟူသော စကားမှာ အကြားချင်ဆုံးနှင့် ဘယ်နှစ်ခါကြားကြား မရိုးနိုင်သော စကားဖြစ်သော်လည်း တစ်ကယ်တမ်းကြားရပြန်တော့လည်း ရှက်ရွံ့တုန်လှုပ်နေပြန်ရော . . .။

" ကေဇာ ငါဖွင့်ပြောလိုက်လို့ ၊ စိတ်ဆိုးသွားပြီလားဟင်၊ နင်က အဲဒီလို မြုံစိစိလုပ်နေတော့ စိတ်ထဲမှာ ကသိကအောက်နဲ့ရယ် . . . ၊ နင်စိတ်ဆိုးသွားတယ်ဆိုရင် ၊ ငါ ဒီစကားမျိုး နောက်ကို ဘယ်တော့မှ မပြောပါဘူး၊ ငါ့ကို တစ်ခုခုတော့





ပြန်ပြောပါ ကေဇာ "

နန်းကေဇာက နီမောင့်ကို ငဲ့စောင်းကြည့်ပြီး . . . ၊

" ငါ နင့်ကို စိတ်မဆိုးပါဘူးနီမောင်၊ မိန်းကလေးတစ်ယောက်အနေနဲ့ နင့်အပေါ် ဘယ်လောက်အခွင့်အရေးပေးတယ်ဆိုတာ နင်သိရင် ဒီစကားမေးဖို့တောင် မလိုပါဘူး၊ ဒါပေမယ့် တို့ဘဝလေးတွေက ငယ်ပါသေးတယ်၊ လောကထဲတိုးဝင်ဖို့ ဘာမှပြည့်စုံသေးတာ မဟုတ်တော့ နင်ကြိုးစားရလိမ့်မယ် နီမောင်"

စောစောကနဲ့ မတူတော့။

နီမောင့်မျက်နှာပေါ်တွင် တက်ကြွရွှင်လန်းမှုတွေ ယှက်သန်းသွားသည်။

ပြုံးနေသော မျက်နှာဖြင့် နန်းကေဇာနှင့် မျက်နှာချင်းဆိုင် ထိုင်လိုက်သည်။

" ငါပြောချင်တာ တစ်ခုပဲရှိတယ်၊ အဲဒါ နင့်ဆီက အဖြေ၊ ငါ့ကို နင့်[illegible]မှာ မှိုဘာတစ်ခုပြောပါကေဇာ "



www.burmeseclassic.com

www.burmeseclassic.com



" အိုး ငွတ်ချည်းပါလား၊ သူ့ကိုဖြင့် ဘာမှပြန်မပြောရသေးဘူး။ ပိုင်စိုးပိုင်နင်း နိုင်လှချေလား"

နီမောင်ရယ်နေသည်။

ကြည်နူးခြင်းကြောင့်ပေလား။ ယခုအချိန်တွင် သူ့မျက်နှာလေး ပြုံးနေပြန်သည်။ အစီအစဉ် ဆွဲထားလျှင် ထိုမျှ အဆင်ပြေချင်မှပြေမည်။ အခွင့်သာခိုက်တွင် အခုလို မမျှော်လင့်ဘဲနှင့် ပြောလိုက်မိခြင်းအတွက် မိမိကိုယ်ကို ကျေနပ်မိလေသည်။

" အသည်းနှလုံးရဲ့ တံခါးပေါက်ဟာ မျက်လုံးတွေပဲတော့။ နင့်မျက်လုံးတွေက ငါ့ကို အဖြေပေးနေပြီလေ။ ဒါပေမယ့် နင့်နှုတ်ခမ်းက ပြောတာကို ကြားချင်သေးတယ်"

" အိုး - ဘာပြောရမှာလဲ "

"ငါ့အတွက်အဖြေ တစ်ခုခုပေါ့"

"မုန်းတယ်"

နီမောင် ရယ်နေရင်းမှ နန်းကေဇာ၏ မျက်နှာလေးအား အကဲခတ်သလိုတစ်ချက်ကြည့်သည်။ ကျီစယ် ပြောနေမှန်း

မြိတ်စာပေ



ရိပ်မိတော့မှ စိတ်လွတ်ကိုယ်လွတ် အမူအရာဖြင့် သူမ၏ကိုယ်လုံးကလေးကို အသာအယာဖက်ထားလိုက်သည်။

နန်းကေဇာ မရုန်းဖယ်ပါ။ ချစ်သူစိတ်ချမ်းသာမယ်ဆိုရင် အရာရာကို စွန့်လွှတ်ရဲတာ မိန်းကလေးတွေရဲ့ သဘာဝပါကွယ်။

နှစ်ယောက်သား ကြည်နူးသာယာခြင်းနှင့်အတူ စကားလက်ဆုံ ပြောမကုန်အောင် ရှိကြသည်။ အခိုပ္ပာယ်ရှိပြီးသားဖြစ်သော သူတို့၏ဘဝလေးတွေအတွက် ရှေ့အစီအစဉ်များကိုဆွေးနွေးတိုင်ပင်ခွင့် ရှိကြပြီဖြစ်သည်။

နန့်ပန်လုံချောင်း၏ ရှင်ခွင်သည် သူတို့နှစ်ဦး၏ ချမ်းမြေ့သာယာမှုကို ပေးစွမ်းနိုင်ခဲ့သည်။ သူတို့နှစ်ဦး၏ ဆွေးနွေးတိုင်ပင်ရာမှာလည်း နမ့်ပန်လုံချောင်းနံဘေးတွင် ဖြစ်သည်။

အချိန်ရသည်နှင့် ချိန်းကြ၊ တွေ့ကြ၊ ချစ်တုံ့ဖလှယ်ကြ၊ ရယ်မောသာယာကြ၊ ဆွေးနွေးတိုင်ပင်ကြ၊ ခွဲခွာခြင်းဝေဒနာများအဖြစ် လွမ်းခြင်း၊ ဝမ်းနည်းခြင်း၊ တမ်းတခြင်း၊ မုန်းဆခြင်းစသော သတိရခြင်းများစွာတို့ကို သည်နမ့်ပန်လုံချောင်းနံဘေး၌ပင်

မြိတ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သက်သေထူခဲ့ကြသည်။

" ကေဇာ "

" ဘာလဲ နီမောင် "

" ငါ နင့်ကို တစ်ခုပြောချင်တယ်၊ နင် ဘယ်သူ့ကိုမှ ပြန်မပြောပါဘူးလို့ ငါ့ကို ကတိပေးရမယ်။"

အဆန်းပါလား။ ကြားနေကျစကားမျိုးမဟုတ်သောကြောင့် နန်းကေဇာ အလွန်စိတ်ဝင်စားသွားလေသည်။ နီမောင့်ကို ကန့်ကလန့်မှီ၍ ထိုင်နေရာမှ လူချင်းခွာ၍ မျက်နှာကို အကဲခတ်ကြည့်လိုက်သည်။ တကယ့်ကို စိတ်ဝင်စားစရာ အကြောင်းတစ်ခု ပြောတော့မည့်အလား ၊ သာမန်ထက် လေးနက်မှုအသွင်ကို ဆောင်နေတော့သည်။

" မပြောပါဘူး နီမောင်။ နင်ပြောမှာ ဘာအကြောင်းလဲ ဟင် "

" နင်ကြားလိုက်ရင် ဒိပ်အံ့ဩသွားမှာပဲ"

" ပြောစမ်းပါ။ ဒီမှာ နားထောင်ရတဲ့လူက အားမရ





လိုက်တာ "

" ဘယ်သူ့ကိုမှ ပြန်မပြောဘူးဆိုတာ တကယ်နော်"

" တကယ်ပါ "

ခေါင်းကို ဆတ်ခနဲ ညိတ်ပြလိုက်သောကြောင့် နဖူးပေါ်သို့ ဆံနွယ်စများ ဝဲခနဲ ကျဆင်းလာသည်။

နီမောင်သည် လူချင်းနီးနိုင်သမျှနီးအောင်ကပ်ပြီး လေသံကို နှိမ့်ပြီး " ငါ ကတိုးနီနှစ်ကောင်ကို တွေ့ထားတယ်" ခပ်တိုးတိုးပြောလိုက်သည်။

" ဘာ ... ကတိုးနီ ဟုတ်လား "

" ဟုတ်တယ် ၊ အထီးတစ်ကောင်၊ အမတစ်ကောင်။ သိပ်လှတာပဲကေဇာရယ်။ နင့်ကို တွေ့စေချင်တယ်။ နင်မြင်ရင် အရမ်းချစ်သွားမှာပဲ။ သူတို့အမွှေးတွေက ကတ္တီပါစလို ရဲနေတာပဲ သိလား။ ဟိုတစ်လောက နှင်းမှုန်တိုင်းကျတုန်းက တွေ့ခဲ့တာပေါ့ "

နီမောင်သည် ကတိုးနီများနှင့် တွေ့ခဲ့ရပုံအကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ကို တစ်လုံးမကျန် ပြန်ပြောပြလိုက်သည်။ နန်းကေဇာမှာ နီမောင်ပြောသမျှကို ရင်တလှပ်လှပ်ဖြင့် နားထောင်နေရှာသည်။

" နှင့် ကတိုးနီတွေအကြောင်း သိတယ်မဟုတ်လား ဟင် "

" သိတာပေါ့။ တစ်ရွာလုံး ပြောနေကြတဲ့ အကြောင်းပဲ။ နှင်မဖမ်းခဲ့ဘူးလား ဟင် "

" ဟင့်အင်း မဖမ်းပါဘူး။ သူတို့က ငါ့ကို ခင်နေတော့ မကြောက်ကြဘူး။ ငါ့ရင်ခွင်ထဲကိုတောင် သူတို့ဘာသာ တိုးဝင်လာနေတာကိုပြီ။ သူတို့ရှိတဲ့နေရာကို ငါတစ်ယောက်တည်းပဲ သိတယ်ကေဇာ၊ နင်လိုက်ကြည့်မလားဟင် "

" ဘယ်နေရာအထိ လိုက်ကြည့်ရမလဲ "

" ဟိုး ခါကာဘိုရာဇီတောင်ပေါ်က တင်နေရာပဲပေါ့ "

" အိုး . . . အဝေးကြီးရယ် "

" ခါတိုင်းလိုပဲ ယာထဲသွားမယ်ပြောပြီး ထွက်ခဲ့ပေါ့





ငါလိုက်ပို့ပေးမယ်လေ "

နန်းကေဇာငြိမ်၍ စဉ်းစားနေသည်။ တသက်တွင် မြင်တွေ့ဖူးရန် ခဲယဉ်းလှသော ကတိုးနီကို မြင်တွေ့ချင်ပါသည်။

" နှင်ဖမ်းလိုက်ပါလားနီမောင်ရယ်။ ဟော - သူတို့ကို နှင်ဖမ်းယင် ပိုက်ဆံတွေလဲ အများကြီးရမယ်။ လယ်စိုက်ခင်းကို ရောင်းလိုက်ရင် တဆင့်တဆင့်နဲ့ ပြည်နယ်ပြည်မတွေအထိ ရောက်ပြီး ဗဟုသုတအဖြစ် လေ့လာခွင့် ရကြအောင်လို့ ငါက စေတနာနဲ့ ပြောတာပါ "

" နှင်ပြောတာလဲ ဟုတ်ပါတယ်။ သူတို့ရဲ့ လွတ်လပ်ခြင်းကို ငါမဖျက်ဆီးချင်ဘူး။ သဘာဝအတိုင်းပဲ လွတ်လွတ်လပ် လပ် နေကြပါစေကွာ။ တကယ်လို့သာ နှင်မြင်လိုက်ရင် သိပ် သဘောကျသွားမှာ "

နန်းကေဇာမျက်စိထဲတွင် ဇရခဲတောင်ပေါ်တွင် လွတ် လွတ်လပ်လပ် ပြေးလွှားဆော့ကစားနေကြသော ကတိုးနီ နှစ်ကောင်ကို မြင်ယောင်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



" အို - ချစ်စရာကောင်းတဲ့ ကတိုးနီလေးတွေ ပါလား"

အတွေးလွန်ရေရွတ်ခြင်းသည် နန်းကေဇာရင်ထဲ၌ ပဲ့တင်ထပ်လျှက် ရှိနေတော့သည်။

တောင်တက်လမ်းသည် ချောချောမွေ့မွေ့ လမ်းမျိုး တော့ မဟုတ်ပါချေ။

ကမူ၊ ချိုင့်ဝှမ်းများနှင့် ပြည့်နေရုံမက မြေပြန့်ကျယ်ကြီး များကို ဖြတ်သန်းရသည်လည်း ရှိသည်။ မတ်စောက်သော ချောက်ကမ်းပါးများကို ခက်ခက်ခဲခဲ တစ်ရသည်လည်းရှိသည်။

နန်းကေဇာသည် တောင်ပေါ်ဒေသဝန်းကျင်တွင် မွေးဖွားခဲ့သူပေမို့ တောင်စခန်းလမ်းများ စိမ်းလွန်းခြင်း မရှိသော် လည်း အလေ့အကျင့်မရှိသောကြောင့် ပင်ပန်းလှပါသည်။ နီမောင်ကတော့ ဖေးဖေးမမ တွဲခေါ်သည်။ သို့သော် အတော် ကို စိတ်တင်းထားရသည်။ သို့ဟုတ်ပါလျှင် နှင်းပြင်ပေါ်သို့ လှဲအိပ်ချင်စိတ်ကို မနည်းကြီး ကြိတ်မှိတ်ထားရသည်။

" သိပ်ပင်ပန်းနေပြီလား ကေဇာ "

မြတ်စားပေ



ပြုံး၍ ခေါင်းခါပြလိုက်သည်။ တမင်အားယူ၍ ပြုံးပြမှန်း သိသာလှသည်။ မျက်လုံးများထဲတွင် ပင်ပန်းမှုအသွင်များ ယှက်သန်းနေ၏။

ခြေထောက်တွင် စီးထားသော သားရေကြိုးသိုင်း ဖိနပ်ကိုပင် လေးလံလှသည်ဟု ထင်လာမိသည်။

အရှယ်ရင့်လာသော နေရောင်ခြည်သည် နှင်းထုကို ထိုးဖောက်ပြီး တောင်ရင်ပြင်ပေါ်သို့ ဖြာဆင်းကျလာသည်။ နေရောင်ရလာသောနေရာများတွင် အတန်အသင့် နွေးထွေးမှု ရနေသည်။

နှစ်ယောက်သား နားလိုက်၊ ခရီးဆက်လိုက်၊ စားသောက်စရာပြေးစားလိုက်နှင့် ခရီးဆက်ခဲ့ကြရာ မကြာမီ ကတိုးနီများရှိသည့် ဂူပေါက်ဝသို့ ရောက်လာကြသည်။

" ဒီအထဲမှာ သူတို့အမြဲနေကြတာလားဟင်၊ ဒီကနေ ဘယ်မှထွက်မသွားကြဘူးလား "

နီမောင်က ခေါင်းခါပြသည်။

မြတ်စားပေ

www.burmeseclassic.com

www.burmeseclassic.com



" နှင်းမှန်တိုင်းတွေကျတဲ့နေ့ကတည်းက ဒီမှာတွေ့တာပဲ၊ သူတို့အရင်ကတည်းက နေကြသလားမသိဘူး။ လာ အထဲဝင်ကြည့်ရအောင် "

ဂူပေါက်ဝတွင် ပိတ်ဆို့နေသော နှင်းများကို ခက်ခက်ခဲခဲ ဖယ်ထုတ်ရသည်။ နီမောင်အနေဖြင့် ဂူပေါက်ရှိသည့် နေရာကို ကောင်းစွာ မှတ်မိနေ၍သာ တော်ရေ့သည်။ သို့မဟုတ်ပါလျှင် ရှာတွေ့ရန် အလွယ်ကူပေ။

" နီမောင် "

" ဘာလဲ နန်းကေဇာ "

" ဒီကောင်လေးတွေက ဒီအထဲက ဘယ်မှမထွက်ဘူး။ အစာတွေ မရှာကြဘူးလား ဟင် "

" ရှာမှာပေါ့။ ဘာဖြစ်လို့လဲဟင် "

" ဒီဂူပေါက်က အမြဲပိတ်နေသလားလို့ပါ "

" ဒီလိုကေဇာရဲ့။ ကတိုးနီမျိုး ဒရယ်မျိုးဆိုတာ ကေဇာလဲ အသိသားနဲ့။ သူတို့က ဂူအောင်းပြီးလဲ နေလို့ရတာယ်။





ကျင်းခတ်ပြီးလဲ နေလို့ရတယ်လေ။ ဒီအထဲကနေ တိုးထွက်ပြီး အစာရှာကြ။ ပြန်ဝင်ပြီးတာနဲ့ သူတို့ဝင်ခဲ့တဲ့ အပေါက်ကို ပြန်ယက်ပိတ်ပစ်တာပေါ့။ ခဏကြာတော့ နှင်းတွေပြန်ဖုံးပြီး ဂူပေါက်ပျောက်သွားတာပေါ့။ ငါတောင် လာနေကျမို့ ဒီနေရာကို မှတ်မိနေတာ "

ဂူတွင်းသို့ နှစ်ယောက်သား ခက်ခက်ခဲခဲ ဝင်ကြရလေသည်။ ထို့နောက် ဂူဝကို လေဝင်ပေါက်ချန်ပြီး ပြန်ပိတ်ထားလိုက်သည်။ ဂူအတွင်းသို့ အလင်းရောင် အားနည်းနေသည်။ အသေအချာ အားယူကြည့်ပါမှ အရာဝတ္ထုများကို မသဲမကွဲ မြင်ရလေသည်။ နီမောင်က ပါလာသော ဒူးလေးနှင့် မြားတံဘူးကို ဂူနံရံတွင် မှေးတင်ထားခဲ့ပြီး နန်းကေဇာလက်ကို ဆွဲ၍ အတွင်းဘက်သို့ ခပ်ဖြည်းဖြည်း တိုးဝင်လာကြသည်။

ကတိုးမွှေးအိတ်မှ သင်းပျံ့သောရနံ့ကို ရှူရှိုက်မိကြသည်။ နှစ်ယောက်သား ဂူအတွင်းသို့ ရောက်ကြသည့်တိုင် ကတိုးနီနှစ်ကောင်ကို မတွေ့ရ။



www.burmeseclassic.com

www.burmeseclassic.com



"အပြင်ထွက်သွားကြပြီထင်တယ် "

အမှောင်ရိပ်ထဲမှာပင် တစ်ယောက်မျက်နှာ တ

ယောက် ကြည့်လိုက်ကြသည်။ နန်းကေဇာ၏ မျက်နှာပြင်

တွင် စိတ်လျှော့နွမ်းနယ်မှုများ ယှက်သန်းနေသည်။

" သူတို့ အစာရှာသွားကြပြီထင်တယ်။ ဒီလောက်

ဆောင်းရာသီမှာ ဒီလောက်ကောင်းတဲ့နေရာက သူတို့ စွန့်

မသွားနိုင်ကြပါဘူး။ နောက်ပြီး ဒီနေရာက သူတို့အတွ

အန္တရာယ်လဲ ကင်းပါတယ်"

နန်းကေဇာက သက်ပြင်းတစ်ချက် ချလိုက်သည

စိတ်ထဲတွင် ခဲလေသမျှ သဲရေကျဖြစ်ရသည့်အတွက် မချိတင်

ဖြစ်နေသည်။ လမ်းတလျှောက်လုံး စိတ်ကူးယဉ်လာခဲ့သ

အမောမပြေနိုင်အောင် ဖြစ်မိလေသည်။

" စိတ်မပျက်ပါနဲ့ ကေဇာ၊ ခဏနေရင် သူတို့အစာ

ထွက်ရာက ပြန်လာကြမှာပါ။ ခဏစောင့်ကြည့်ကြသေးတာပေ

ခေါင်းညိတ်ပြရင်း နှစ်ယောက်သား ထိုင်ချလိုက်သည

မြိုတ်စာပေ



ဂူ၏ အတွင်းဘက်ပိုင်းတွင် လောင်မှုအားနည်းပါး

သဖြင့် အသက်ရှူရသည်မှာ မဝသလို ခံစားရသော်လည်း သင်း

သင်းလေး မွှေးနေသော ရန့်ကြောင့် အတန်အသင့် ခံသာ

နေ၏။

နန်းကေဇာစိတ်ထဲတွင် သည်မှာကြာမည့် အချိန်၊

ပြန်မည့်အချိန်နှင့် ရွာသို့ပြန်ရောက်မည့်အချိန် ကိုက်မကိုက်ကို

စိတ်ထဲမှ စဉ်းစားနေ၏။ အကယ်၍ အိမ်ပြန်နောက်ကျ၍ အဖေ

မေးလျှင် အဆင်ပြေအောင် မည်သို့မည်ပုံ ပြောရမည်ကိုပါ

ကြိုတင်စဉ်းစားထားလေသည်။

ထိုအခိုက်မှာပင် ဝေးလံသောအရပ်ဆီမှ မသဲမကွဲအသံ

အချို့ကို ကြားလိုက်ရသည်။ နှစ်ယောက်သား နားစွင့်လိုက်ကြ

သည်။ ကြားနေရသောအသံများမှာ နီးလာလိုက် ဝေးသွားလိုက်

ဖြစ်နေသည်။ အသေအချာ နားထောင်ကြည့်သောအခါ

ခွေးဟောင်သံဟု ထင်မိသည်။ တဖြည်းဖြည်းနှင့် ခွေးဟောင်သံ

ဟု ပြတ်ပြတ်ထင်ထင် သိသာလာသည်။

မြိုတ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



နီမောင်သည် နေရာမှ ရုတ်တရက် ထလိုက်သည်။

" ကေဇာ ဒီမှာခဏနေရစ်ဦးနော်။ အပြင်ထွက်ပြီး အခြေအနေကို ကြည့်လိုက်ဦးမယ် "

နန်းကေဇာက စိုးရိမ်တကြီး မော့ကြည့်လိုက်လေသည်။ တစ်ယောက်တည်း ကျန်ရစ်မှာဆိုတော့ မိန်းမသားပီပီ ကြောက်စိတ်ဝင်လာလေသည်။

" မကြောက်ပါနဲ့ ကေဇာ။ ငါ အပေါက်ဝက ဘယ်မှ မသွားပါဘူး "

သည်တော့မှ စိတ်ချသွားဟန်ဖြင့် ခေါင်းညိတ်ပြလိုက်သည်။

နီမောင်သည် ဒူးလေးနှင့်မြားတံဘူးကို လွယ်လိုက်ပြီး ဂူပေါက်ဝသို့ထွက်ပြီး အခြေအနေကိုကြည့်သည်။ အသံလာရာမှာ အရှေ့ဘက်စီမှဖြစ်သည်။

ကြားနေရသော အသံများမှာ နီးသည်ထက် နီးလာသည်။





ထို့ကြောင့် ကမူတစ်ခုပေါ်မှ အောက်ဘက်နေရာများသို့ ငုံ့ကြည့်လိုက်သည်။

" ဟာ ... "

မျက်စိမမှားနိုင်ပါ။ မိမိမျက်စိ လုံးဝအမှားမယွင်းမဖြစ်ကြောင်း သိလိုက်သည်။

ကြည့်စမ်း။ ကတိုးနီနှစ်ကောင်က ရှေ့မှပြေးလာပြီး နောက်ဘက်မှ ခွေးတစ်ကောင်က သဲကြီးမဲကြီး လိုက်နေပါလား။ ကတိုးနီနှစ်ကောင်သည် ဂူရှိရာဘက်သို့ ဦးတည်၍ ပြေးလာနေကြသည်။

တွေ့ကြသေးတာပေါ့။ နီမောင်ဒူးလေးကို ကြိုးဆွဲတင်လိုက်သည်။ ကြိုးကို မောင်းချိတ်တွင် အသေအချာချိတ်ပြီး ချိုင့်တင်ခုအတွင်းသို့ဆင်းကာ အကာအကွယ်ယူလိုက်သည်။ ထို့နောက် မိမိကိုယ်ပေါ်သို့ နှင်းများဖုံးအုပ်တင်ထားလိုက်သည်၊

အခိုက်အတန့်တော့ လုံခြုံမှုဖြစ်သွားပြီ။

မြားတံကို အသင့် တင်ထားပြီး နားစွင့်လိုက်သည်၊



www.burmeseclassic.com

www.burmeseclassic.com



ပြေးလာနေဗဲသော ခြေသံများ တင်းစတစ်ခ နီးလာပြီ။

နီးလာပြီ ။

နီးလာပြီ ။

နီးသည်ထက်နီးလာပြီး မကြာမီ မြင်ကွင်းထဲသို့ ကတိုး
နှစ်ကောင် ဝင်လသည်။ သူတို့သည် ဂူဝရှိရာသို့ ပြေးလာ
ကြသည်။ ဂူဝသို့ ရောက်သောအခါ ဂူပေါက်ကို အလောတကြီး
တိုးဖွင့်ရန် ကြိုးစားနေကြသည်။ မရှေးမနှောင်းမှာပင် နောက်
လိုက်လာသောခွေးက မီလုမီခင်ဖြစ်လာသည်။

နီမောင်သည် စိတ်ကိုတည်ငြိမ်အောင် ကြိုးစားသည်
အသက်ကိုဝအောင်ရှု၍ ပစ်မှတ်ရှိရာသို့ မြှားဦးတည်
လိုက်သည်။

ပစ်မှတ်က လှုပ်ရှားနေသောပစ်မှတ်။ လှုပ်ရှားနေသော
ပစ်မှတ်ကို တိတိကျကျ ခန့်မှန်းနိုင်ခြင်းသည် မုဆိုးကောင်းတို့၏
အတတ်ပညာတစ်ခုပင်။ မုဆိုးချင်း စည်းဖောက်ရာကျကာ
ကျပေရော့။





" ကဲ "

" ဝှစ် "

" အိ "

ပစ်မှတ်ကို ထိမှန်သွားသောကြောင့် နောက်မှလိုက်လာ
သော လူ့ခါးစောင်းခန့်ရှိသော ခွေးကြီးသည် တစ်ချက်မျှသာ
အော်နိုင်ပြီး တောင်စောင်းအတိုင်း အောက်ဘက်သို့ လိမ့်ဆင်း
သွားတော့သည်။ ကတိုးနီနှစ်ကောင်လည်း မြင်ကွင်းမှ ပျောက်
ကွယ်သွားပြီ။ သူတို့ဂူတွင်းသို့ ရောက်သွားကြပြီပေါ့။

နီမောင် သဘောကျစွာဖြင့် တချက်ပြုံးလိုက်သည်။
အဘယ်ကြောင့်ဆိုသော် ဂူပေါက်သည် ပြန်ပိတ်သွားပြီး နှင်း
သားပြင်သဖွယ် ပြန်လည်ဖြစ်နေသောကြောင့်ပင်။

နီမောင်နေရာမှထရန်ကြိုးစားနေခိုက်မှာပင် တောင်
အောက်တဘက်မှ အသံအချို့ ကြားရပြန်သည်။ လှမ်းကြည့်
လိုက်သောအခါ ကသောကမျောပြေးတက်လာသော
လူသုံးယောက်အား လှမ်းမြင်လိုက်ရသည်။ ထို့ကြောင့် နေရာ



www.burmeseclassic.com

www.burmeseclassic.com



မပျက် ပြန်ဝပ်နေလိုက်ရသည်။

မကြာမီ မဆိုးသုံးဦးသည် မလှမ်းမကမ်းနေရာသို့ ရောက်လာကြသည်။ သဲသဲကွဲကွဲ မမြင်ရသောကြောင့် မိမိတို့ရွာမှ လူများမဟုတ်ကြောင်း သိရသည်။ မျက်နှာစိမ်းမုဆိုးများသည် အစပျောက်သွားသော ခြေရာများကို တရစ်ဝဲဝဲ ခြေရာခံနေကြသည်။ မကျေမနပ်ရှိနေကြပုံလည်း ရသည်။

တစ်ကြိမ်တွင် သူတို့သည် ဂူပေါက်သို့ ရောက်သွားကြသည်။

နီမောင် ရင်တထိတ်ထိတ်ဖြစ်နေသည်။

သူတို့ဂူပေါက်ဝနေရာသို့ အသေအချာ ငုံ့ကြည့်နေကြသည်။ ထို့နောက် ပြန်ထွက်သွားကြပြန်သည်။ သက်ပြင်းချ၍မှ မဆုံးခင် တစ်ယောက်က မကျေမနပ်ဖြင့် ဂူပေါက်ဝနေရာသို့ လက်ညှိုးထိုး၍ တစ်စုံတစ်ခုပြောပြနေသည်။ ကျန်နှစ်ယောက်က ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေသည်။ ထို့နောက် သူတို့သည် ဂူပေါက်ဝနားသို့ ပြန်လျှောက်သွားကြပြန်သည်။

မြိုတ်စာပေ



" ဘုရား ဘုရား ၊ သူတို့ဂူပေါက်ဝကိုတွေ့သွားရင် သွားကြမှာဖြင့် အထဲမှာ နန်းကေဇာရှိနေတယ် "

လူသုံးယောက်သည် ဂူပေါက်ဝရှိရာ ရေခဲပြင်အနီးတွင် ရယ်လိုက်ကြပြန်သည်။ အစပျောက်သွားသော ခြေရာများကို သဲကြီးမဲကြီး ခြေရာခံနေကြပြန်သည်။

တဖွဲဖွဲကျနေသော နှင်းများက ခြေရာများကို ဖျက်ပစ်နေ၍သာ တော်ရော့သည်။ သို့မဟုတ်ပါလျှင် မုဆိုးများသည် ဂူပေါက်ဝကို ချက်ချင်းရှာဖွေ တွေ့ရှိကြမည်ဖြစ်ပါသည်။

တယောက်က ဂူပေါက်ဝမျက်နှာပြင်မှ နှင်းခဲအချို့ကို လက်ဖြင့် ဖယ်ရှားပစ်ရန် ကြိုးစားနေသည်။

နီမောင်အနေဖြင့် ဘယ်လိုလုပ်ရမည်မသိတတ် နိုင်အောင် ဖြစ်သွားတော့သည်။ မဖြစ်ဘူး။ ဂူပေါက်ဝကိုတော့ ဘယ်နည်းနှင့်မျှ အတွေ့ခံလို့ မဖြစ်ဘူး။

အထဲမှာ ချစ်တဲ့နန်းကေဇာ။

သူမြတ်နိုးတဲ့ ကတိုးနီတွေ။

မြိုတ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



စိတ်ကိုတင်း၍ ဆုံးဖြတ်ပြီး မြားဦးကို ဂူပေါက်နားမှလူ၏ ကျောပြင်ကို တည့်မတ်စွာ ချိန်လိုက်သည်။

မိမိစိတ်တွင်းမှလည်း စည်းသုံးတန် သတ်မှတ်သည်။ သည်စည်းသုံးတန်မကျော်ခင် နောက်ကိုပြန်လှည့်ကြပါ။

နောက်ကိုပြန်လှည့်ကြပါ။

နောက်ကိုပြန်လှည့်ကြပါ။

စိတ်တွင်းမှ ကြိတ်၍ ဆုတောင်းလိုက်သည်။

စည်းတစ်တန်။

စိတ်ကိုထိန်းလိုက်ပြီ။

စည်းနှစ်တန်၊

စည်း. . .။

ဟော. . .။

မုဆိုး သုံးယောက်ထဲမှ တစ်ယောက်က တောင်ခြေဘက်သို့ လက်ညှိုးထိုးပြလိုက်သည်။ ထို့နောက် ခပ်သုပ်သုပ်ဆင်းသွားကြသည်။

မြိတ်စာပေ



"ဟူး . . . တော်ပါသေးရဲ့"

နီမောင် နေရာမှထလိုက်သည်။ ကိုယ်ပေါ်မှနှင်းခဲများကို လက်ဖြင့် သပ်ခါချလိုက်သည့်တိုင် စိုထိုင်းထိုင်းဖြစ်နေသေးသည်။

ထို့နောက် ဂူပေါက်သို့ လျှောက်သွားပြီး အထဲသို့ဝင်သည်။ ဂူထဲမှ နန်းကေဇာက နံရံကို မှီရပ်နေပြီး ကတိုးနီနှစ်ကောင်က ဂူထောင့်တစ်နေရာတွင် အမွေးသပ်နေကြသည်။ သူတို့သည် ဂူထဲတွင်နန်းကေဇာတစ်ယောက်လုံး ရှိနေသည်ကို ဂရုစိုက်ကြဟန်မတူ။ အထူးအဆန်းဖြစ်နေတော့သည်။

မေတ္တာတရားသည် ထိုနေရာတွင် အတန်အသင့် အကျွမ်းဝင်လိမ့်မည်ထင်ပါသည်။ မဇ္ဈိမစိတ်ကင်းသောလူသတ္တဝါတို့၏စိတ်သည် အဖြူရောင် ပကတိဖြစ်နေသောအခါ အေးအတူ ပူအမျှ အတူတကွနေလို့ ရကြပေလိမ့်မည်။

မြိတ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ကေဇာ"

နန်းကေဇာသည် တမေ့တမြောဖြစ်နေရာမှ လှည့်ကြည့်သည်။ ထို့နောက် အားနည်းစွာ ပြုံးလေသည်။

" သိပ်လှတာပဲ နီမောင်ရယ်၊ ချစ်စရာသိပ်ကောင်းတာပဲ၊ သူတို့ကို အပိုင်ခေါ် မွေးထားလို့ရယင် သိပ်ကောင်းမှာပဲနော် "

နီမောင်သဘောကျစွာပြုံးရင်း နန်းကေဇာ၏ ပုခုံးလေးကို အသာအယာ ဖက်လိုက်သည်။

" သူတို့ဒီနေရာမှာ အေးအေးဆေးဆေး နေကြပါစေကွယ်။ လွတ်လပ်ပျော်ရွှင်မှုတွေကို အပိုင်ပင်ချင်ပါနဲ့။ သူတို့လေးတွေ ဘေးအန္တရာယ်ကင်းအောင် တို့ဆုတောင်းပေးကြရအောင်လား ဟင် "

နှစ်ယောက်သား အတန်ကြာအောင် နေရာတွင် ငြိမ်နေလိုက်သည်။ ကတိုးနီနှစ်ကောင်ကတော့ သူတို့ကမ္ဘာလေးထဲတွင် အခိုက်အတန့် အန္တရာယ်ကင်းစွာဖြင့် ပတ်ဝန်းကျင်ကို





မေ့လျော့နေကြပုံရသည်။

တစ်ကောင်နှင့်တစ်ကောင် တိုးဝှေ့ကာ အိပ်ပျော်နေကြပြီ ဖြစ်ပါသည်။

ပတ်ဝန်းကျင်တဝိုက်တွင် တိတ်ဆိတ်ငြိမ်သက်နေခြင်းဖြင့် တင့်တယ်စွာ ရှိနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

လယ်စိုက်ရှင်းမှ အဝယ်ဒိုင်သည် မန်ရွှေ့နှံကျေးရွာ အစပ် ဦးဇော်မှိုင်းနွားခြံနှင့် မနီးမဝေးတွင် တည်ဆောက်ထားလေသည်။

ခြံပတ်လည်ကို သစ်လုံးများဖြင့် အခိုင်အခန့် ကာရံထားပြီး ဝင်ပေါက်ထွက်ပေါက် တံခါးများ တပ်ဆင်ထားသည်။

ခြံပေါက်ဝတွင် လယ်ယာစိုက်ပျိုးရေး ကော်ပိုရေးရှင်း အဝယ်ဒိုင် ဟူသော ဆိုင်းဘုတ်ကို သွတ်ပြားပေါ်၌ အောက်ခံဆေး အစိမ်းရင့်ရင့်ပေါ်တွင် အဝါရောင်စာလုံးဖြင့် ကြော်ငြာ ရှားရှား ရေးသားထားသည်။

အဝယ်ဒိုင်ကို၊ ပျဉ်ကား၊ သက်ကယ်မိုးဖြင့် ဆောက်





ထားပြီး၊ ဒိုင်အတွင်း၌ ကိုသိန်းထွန်း အပါအဝင် ဝန်ထမ်း ငါးယောက် နေထိုင်ကြသည်။

အသက်ကြီးသူဆို၍ စာဖိုမှူးဦးသာဖွန်းမှလွဲ၍ အားလုံး လူငယ်တွေချည်း ဖြစ်ကြသည်။

အဝယ်ဒိုင်အတွင်း၌ လက်နက်ကိုင် အဖွဲ့လည်း ရှိသည်။

ပစ္စည်းရောင်းချလိုသူများမှာ အဝင်ဝ၌ပါလာသော ပစ္စည်းများအား စစ်ဆေးပြီး ဒိုင်းအတွင်း ဝင်ကြရသည်။ သည်နှစ် ခန်းတောက်မြစ်၊ မချစ်ဥစျေးများ ကောင်းလှသည်။

ခါတိုင်းကုန်သည်များ ပါးစပ်ဈေးမဟုတ်တော့ဘဲ အဝယ်ဒိုင်မှ ပေါက်ဈေးအတိုင်း ဈေးဖြတ်ဝယ်သဖြင့် ပစ္စည်းကို ခက်ခက်ခဲခဲ ရှာဖွေရသူ ကျေးလတ်နေ ရွာသူရွာသားတို့မှာ ရသင့်ရထိုက်သည်များ ပြည့်ပြည့်ဝဝ ရကြသဖြင့် မန်ရွှေရွာမှ သာမက အခြားဝန်းကျင်ရွာများကပါ တစ်ဆင့်စကား တစ်ဆင့် ကြားပြီး ပစ္စည်းများ လာရောက်ရောင်းချကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မရှော့ရွက်၊ ကရဝေးရွက်၊ နွယ်ချို၊ မှိုခြောက်၊ ပန်းခြောက်၊ တောင်ဆိတ်ဦးချို၊ သားရေ ပျားရည်၊ ပျားဖယောင်း၊ အကျော်၊ သစ်မွှေး၊ ကတိုးမွှေး အစရှိသော ဒေသခံထွက်ကုန်များအား ဈေးသင့်၍ ဝယ်ယူကြသည်။

ထိုသုတင်းကြောင့် အဝယ်ဒိုင်ဖွင့်စနစ်မှာပင် မန်စွေရွာ၊ ဝန်ဆန်ရွာ၊ အထက်ဆန်ဂေါင်း၊ အောက်ဆန်ဂေါင်းရွာများကပါ လာရောက်ကြသဖြင့် ဝယ်ယူသော ပစ္စည်းများ အမျိုးအမည် စုံလင်လှသလို အများအပြားလည်း ရကြသည်။

ဝယ်ယူရရှိသော ပစ္စည်းများအား ပူတာအိုမှတစ်ဆင့် မြည်မသို့တိုင် အဆင့်ဆင့် ပို့ပေးကြသည်။

မြန်မာနိုင်ငံသည် သယံဇာတ ပေါများသော နိုင်ငံ တစ်နိုင်ငံ ဖြစ်သည်။

ပြည်တွင်းထွက် ကုန်ကြမ်းများအား ခေတ်မီသော နည်းစနစ်များဖြင့် စနစ်တကျ ထုတ်လုပ်နိုင်ပါလျှင် အဘက်ဘက်မှ ပြည့်စုံလာနိုင်မည် ဖြစ်၏။





ဒေသထွက်ကုန် ခန်းတောက်မြစ်၊ မချစ်ဥ စသည်တို့မှာ အဖိုးတန်တိုင်းရင်းဆေးဘက်ဝင်များ ဖြစ်ကြသည်။

ခန်းတောက်မြစ်ဆိုလျှင် အလွန်ခါးသော အရသာရှိသဖြင့် ရေစိမ်သောက်ရုံဖြင့် ငှက်ဖျားအမျိုးမျိုး ပျောက်ကင်းနိုင်သည်။

ထိခိုက်ဒဏ်များအတွက်လည်း ဆေးစွမ်းကောင်း တစ်လက်ဖြစ်သည်။

မချဉ်ဥနှင့် ပတ်သက်၍ အမျိုးမျိုးသုံးကြသည့်အပြင် မသေဆေး (အာယုဒီဃ) အသက်ရှည်ဆေးအဖြစ် ဖော်စပ်သုံးစွဲကြသည်။

အရှော့ရွက်မှာ အဆိပ်ဖြေဆေးအဖြစ် အထူးစွမ်းကာ အရိုးကျိုး၊ အရိုးထိခိုက်ဒဏ်ရာများ ပျောက်ကင်းသည့်အပြင် ပေနာရောဂါနှင့် ပတ်သက်၍ ဆေးစွမ်းကောင်း ဖြစ်တော့သည်။

ထိုဒေသထွက် အဘိုးတန်အစွမ်းထက်မြက်သော



www.burmeseclassic.com

www.burmeseclassic.com



ကုန်ကြမ်းများကို ကျွမ်းကျင်သော ပညာရှင်များ၊ တိုင်းရင်းဆေးသမားတော်များ၊ ဒေသခံများ စုပေါင်း၍ ထုတ်လုပ်နိုင်ပါက ပိုမိုအကျိုးရှိမည်ဖြစ်ပြီး၊ ဒေသခံ တိုင်းရင်းသားများကို တိုးဆေးပင်ပစ္စည်းနှင့် ပတ်သက်ပြီး၊ အစွမ်းထက်ပုံ အသုံးဝင်ပုံ အဖိုးတန်ပုံများအပြင် မည်သို့မည်ပုံ သုံးစွဲရမည်ကိုပါ ဗဟုသုတပေးနိုင်လျှင် ပိုမိုအကျိုးရှိနိုင်ပေမည်။

နီမောင်သည် တောင်ပေါ်တက်၍ ရသမျှ စုဆောင်းကာ ပစ္စည်းများအား အဝယ်ဒိုင်တွင် ရောင်းချရန် စုဆောင်းယူဆောင်လာခဲ့သည်။

နီမောင်အား အစောင့်များက မှတ်မိနေသဖြင့် ထွေထွေထူးထူး စစ်ဆေးခြင်းမပြုဘဲ ဝင်ခွင့်ပြုလိုက်သည်။

" ဟေး . . . နီမောင် ။ မရောက်တာတောင် အတော်ကြာပါရောလားကွ။ ဘယ်ပျောက်နေတာလဲ "

" ခုတလော သိပ်မအားဘူးအစ်ကိုရေ။ တောင်ပေါ်ကိုချည်း တက်နေရတာပဲ "

မြိတ်စာပေ



နီမောင်က ပုခုံးထက်မှ ထမ်းလာသော ပစ္စည်းထုပ်ကို ဝါးကြမ်းခင်း တစ်ခုပေါ် တင်လိုက်သည်။

"ပစ္စည်းတွေ များလှပါလား။ မင်းတော့ ဒီတစ်ခေါက်ပွခဲ့ပြီထင်တယ်။ ဖြည်းဖြည်းပေါ့ကွာ။ ပြီးမှချိန်တာပေါ့။ ဒီမှာဖခါးလာသောက်ပါဦး။ တို့လဲ မင်းတို့ဆီရောက်မှ ဖခါးစွဲနေပြီနီမောင်ရေ။ ဟဲ . . . ဟဲ . . . ဟဲ "

" ဖခါးစွဲရုံနဲ့ဆို တော်သေးတာပေါ့။ ပအို့နီမလေးတွေကို စွဲမှ မောင်ကြီး မပြန်နိုင်ဖြစ်နေဦးမယ်ဗျ။ ဟား . . ဟား . . ဟား "

" မင်းကလဲ အလာကြီးပါလား "

အဝယ်ဒိုင်၏ အလယ်ဘက် မြေကွက်လပ်တွင် မီးဖိုကြီးဖိုထားသည်။ ပြည်မဘက်မှ ရောက်စအလုပ်သမားများသည် မီးဖိုဘေးမှ ခွာချင်ကြဟန်မတူ။ အေးသောရာသီဥတုကိုဥပေက္ခာပြုနိုင်ကြရန် မီးဖိုကြီးဘေးတွင် ဝိုင်းထိုင်နေကြသည်။

ဖခါးရည်နှပ်ထားသော အိုးကြီးကို မီးဖိုဘေးနားတွင်

မြိတ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ချထားသည်။ ထိုအနီးတွင် ဝါးဆစ်ပိုင်းခွက်ကလေးများ ရှိနေသည်။

ဖခါးအိုးအနီးရှိလူက ဝါးဆစ်ပိုင်းကလေးများထဲသို့ ဖခါးရည်ထည့်ပြီး တစ်ယောက်နှင့်တစ်ယောက် လက်ဆင့်ကမ်းပေးကြသည်။

အရောင်က နီညိုရောင်ရင့်ရင့်၊ ရနံ့ကမွှေးမွှေးလေး။ မီးခိုးနံ့ သင်းနေသော ဖခါးရည်တစ်ကျိုက်သည် ဆောင်း၏ အေးမြခြင်းအား အတန်အသင့် အကာအကွယ် ပေးနိုင်၏။

နီမောင်သည် အလုပ်သမားတစ်ယောက် ကမ်းပေးလာသော ဝါးဆစ်ပိုင်းကို လှမ်းယူလိုက်ပြီး ဖခါးရည်တစ်ကျိုက် မော့သောက်လိုက်သည်။

ပူပူနွေးနွေးကလေးနှင့် လျှာအရင်းတစ်ဝိုက်တွင် ခါးသက်သက် ရှိနေပြီးမှ တစ်စတစ်စ ချိုလာသည်။ ရင်ထဲတွင် နွေးလာသည်။ ထိုသည်ကပင် "ဖခါး" (လက်ဖက်ရည်ကြမ်း)၏ ချစ်စရာကောင်းသော အစွမ်းသတ္တိတစ်ခုပင်။





"စောစောကတောင် ဦးဇော်မှိုင်း လာသွားသေးတယ်ကွ။ တို့တစ်တွေ သောက်ဖို့ဆိုပြီး သူခြံထွက်သီးနှံ နွားနို့တွေ လာပို့ပေးသွားသေးတယ်"

"သူနဲ့တောင် မတွေ့ရတာကြာပြီ။ ဒီလူကြီး ဘာတွေ အလုပ်ရှုပ်နေပြန်လဲ မသိဘူး"

"သူလဲ နွားခြံအလုပ်တွေ ရှုပ်ပြီး တောင်ပေါ်တောင် မတက်နိုင်ရှာဘူး ထင်ပါတယ်။ ဒါပေမယ့် သူ့စည်းရုံးရေး ကောင်းမှုကြောင့် ရွာသားတွေ တော်တော်များများ ဒီမှာလာပြီး ကုန်ရောင်းကြတယ်ကွာ"

နီမောင်စိတ်ထဲတွင် ကျေနပ်သွားသည်။ ဦးဇော်မှိုင်းကို လူစားတွေ များများရှိလာရင်ကောင်းမှာပဲဟု စိတ်ထဲမှ တွေးနေသည်။

နီမောင်နှင့် ကိုသိန်းထွန်းတို့နှစ်ယောက်သည် ဖခါးတစ်ခွက်စီ ကိုင်ပြီး မီးဖိုကြီးနှင့် မလှမ်းမကမ်း ကွပ်ပျစ်ပေါ်တွင် ဝင်လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



" ဒီလိုနီမောင်ရ။ တမြန်နေ့တုန်းက ရွာထဲက ဦးခွန်ဘရင်ဆိုတဲ့ လူကြီးကို့ဆီရောက်လာတယ်။ အခြေအနေ လာစုံစမ်းတာနဲ့ တူပါတယ်ကွာ၊ သူ့ကြည့်ရတာ အခြေအနေ သိပ်ဟန်ပုံမရဘူး "

" သူက ရွာလူကြီးတစ်ယောက်ပဲ။ ဒါပေမယ့် စီးပွားရေး သမားတွေက နှစ်စဉ်သူ့ဆီမှာတည်းပြီး အလုပ်လုပ်ကြတယ် လေ၊နေ့ာက်ပြီး သူ့ကိုလဲလက်ဆောင်တွေနဲ့ ဖြားယောင်း ထားတာ အစ်ကိုရ။ ဦးခွန်ဘရင်က ပင်ကိုစိတ်မဆိုးလှပါဘူး "

ကိုသိန်းထွန်းက သက်ပြင်းချလိုက်သည်။

" ဒီလိုပဲပေါ့ကွာ။ ရိုးသားလှတဲ့ ကျေးလက်ကလူတွေ ဆိုတာ ပြောရင် ယုံလွယ်တက်တာကို ခုတုံးလုပ်ပြီး စီးပွားရေး သမားတွေ ချယ်လှယ်ကြတာ မဆန်းပါဘူး။ တဖြည်းဖြည်းနဲ့ တော့ သူ အမြင်မှန်ရလာမှာပါ။ မင်းလဲသွားတာ၊ လာတာ နေတာ၊ ထိုင်တာ သတိဝီရိယ ရှိပါနော်။ မင်းတို့နဲ့ပေါင်းနေတာ ကို ဖရုတ်ကုန်သည်တွေက သဘောကျကြမှ မဟုတ်ဘူးကွ "

မြတ်စာပေ



ရပါတယ်အစ်ကိုရာ။ တောလိုက်မုဆိုးဟာ သားကောင် မဖြစ်ဖို့ သတိဆိုတာ သူ့ရဲ့မွေးရာပါ မလေ့တစ်ခုဖြစ်နေတာပဲ။ မပူရပါဘူး "

နီမောင်သည် ပါလာသော ပစ္စည်းများကို အဆင့်ဆင့် ချိန်တွယ်ရောင်းချပြီး ကျသင့်ငွေယူပြီး ပြန်လာခဲ့သည်။

ဦးခွန်ဘရင် အိမ်ရှေ့သို့ ရောက်သောအခါ အိမ်ဝင်း အတွင်း၌များ စုရုံးစုရုံး ဖြစ်နေသည်ကို လှမ်းမြင်ရသည်။ ကျော်လျှောက်သွားမည်ဟု စိတ်ကူးရုံရှိသေး၊ တစ်ယောက်က လှမ်းခေါ်သောကြောင့် မဝင်ချင့်ဝင်ချင်နှင့် ဝင်သွားရသည်။

ခြံတွင်းသို့ရောက်သောအခါ နီမောင်ရင်ထဲတွင် ဒိန်း ကနဲ နှလုံးခုန်သံ မြန်သွားလေသည်။ တစ်ကိုယ်လုံး ကျင်ခက်နှင့် အတို့ခံလိုက်ရသူပမာ ဟုန်လွှပ်မှုဖြစ်သွားမိသည်။ သို့သော် စိတ်ကိုတင်း၍ ဣန္ဒြေမပျက်စေရန် ကြိုးစားရသည်။

ခြံဝင်းထဲရောက်သွားခိုက်မှာပင် လူအများစုက သူ့ကို လှမ်းကြည့်ကြသည်။ အဘယ်ကြောင့် ကြည့်ကြသည်ဟူသော

မြတ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အဖြေကိုမူ နီမောင့်ရင်ထဲတွင် ရိပ်မိသလိုရှိနေသည်။

အဘယ့်ကြောင့်ဆိုသော်တလောက ရေခဲတောင်ပေါ်တွင် ဆုံခဲ့ကြသော မုဆိုးသုံးဦး၏မျက်နှာကို မြင်တွေ့လိုက်ရသောကြောင့် ဖြစ်သည်။ လူအုပ်ကြားထဲတွင် ဇာမုန်းထန်ကိုပါ မြင်တွေ့လိုက်ရသောကြောင့် အတော့်ကို စိတ်အနှောက်အယှက်ဖြစ်မိသွားလေသည်။

ဦးခွန်ဘရင်လက်ထဲတွင် မြှားတံတစ်ချောင်း။

သူကိုင်ဆောင်နေကျ မြှားတံဖြစ်မှန်း စိတ်ထဲမှ ကောင်းစွာ မှတ်မိနေသည်။ သို့သော် ဟန်ကိုယ်ဖို့ဖြစ်အောင် ကြိုးစားထားလိုက်သည်။

" ကဲ - နီမောင် တို့တတွေမင်းကို စောင့်နေကြတာပဲကွာ ၊ လာကွာ "

" ဘာအတွက် စောင့်နေကြတာလဲ ဦးလေး "

ဦးခွန်ဘရင်က လက်ထဲမှ ကိုင်ထားသော မြှားတံကို အခြားလက်ပေါ်သို့ ဟဖျက်ဖျက်ရိုက်ရင်း အောင်နိုင်သူ





တစ်ယောက်ပမာ ပြုံးလိုက်သည်။

" ဒီလူတွေက အထက်ဆန်ဂေါင်က လာကြတဲ့ မုဆိုးတွေပဲ၊ မင်းကတော့ သူတို့ကို သိချင်မှသိမယ် "

နီမောင်တစ်ချက် လှမ်းကြည့်ပြီး တည်ငြိမ်စွာ ခေါင်းခါပြလိုက်သည်။

" အဖြစ်ကဒီလိုကွ ...၊ တလောက သူတို့သုံးယောက် တောင်ပေါ်မှာ အမဲလိုက်ရင်း၊ သူတို့ရဲ့ အမဲလိုက်ခွေးတစ်ကောင် မြှားနဲ့ပစ်ခတ်ခဲ့လိုက်ရတယ် ၊ အဲဒါ တရားခံကိုလိုက်ပြီး စုံစမ်းနေတာတဲ့၊ ဒီမြှားတံကိုပြပြီး တစ်ရွာဝင်၊ တစ်ရွာထွက် လိုက်စုံစမ်းရင်းက တို့ရွာကို ရောက်တာပဲ။ ဒီမြှားကို မင်းသိလား နီမောင် "

ဦးခွန်ဘရင်က မြှားတန်ကို နီမောင်ရှေ့တွင် အများအမြင်သာအောင် ထောင်ပြလိုက်သည်။

နီမောင်အနေနှင့် ယခုလိုအခြေအနေမျိုးတွင် အမှန်ကိုငြင်းမခံလိုသေးပေ၊



www.burmeseclassic.com

www.burmeseclassic.com



မိမိက အမှန်ကိုဝန်ခံလိုက်ပါက ကတိုးနီများရှိသည့် နေရာကို ပြောပြသလို ဖြစ်တော့မည်။

သို့ကြောင့် အခြေအနေအရ ရှောင်လွှဲရန် ဆုံးဖြတ်ရသည်။

" ကျွန်တော် မသိဘူး "

ဦးခွန်ဘရင်မျက်နှာ တင်းသွားသည်။

" ယောကျာ်းဆိုတာ လုပ်ရဲရင် အပြစ်ကို ဝန်ခံရဲတဲ့ သတ္တိရှိရတယ်ကွ၊ ထမင်းရေမှု လျှာလွှဲလုပ်တာဟာ သူရဲဘော ကြောင်တဲ့သူတွေသာ လုပ်ကြတာပဲ ...

မင်း ဒီမြှားတံကို သိတယ်မဟုတ်လား "

" တယ်ခတ်ပါလား "

ဒီ ရွာထဲမှာရှိတဲ့ တောင်ပေါ်တက်တဲ့ လူတွေအားလုံး ရဲ့ သူတို့ သုံးတဲ့မြှားတံတွေကို စစ်ကြည့်ပြီးပြီ ... ဇာမုန်းထန် ယူလာတဲ့ မင်းမြှားဘူးထဲက မြှားတံတွေ တသွေမတိမ်း တူနေတာပဲ ...





ကိုင်း - မင်း ဘာပြောမလဲ ... "

နီမောင် ဇာမုန်းထန်ရှိရာသို့ ဒေါသဖြင့် တစ်ချက် လှမ်းကြည့်လိုက်သည်။ ဇာမုန်းထန်ကတော့ သူနှင့်မဆိုင်သလို ဆေးပတ်လိပ်ဖွာရင်း အဝေးသို့ မျက်နှာလွှဲထားသည်။

နီမောင် ဒေါသစိတ်ကို လျှော့ချလိုက်သည်။

မြှားတံကို ချောမွေ့စွာ သပ်ထားပုံ၊ အလုံး အရွယ် ပမာဏနှင့် အကြီးအသေး ဖြတ်ထားပုံ၊ ငှက်မွေးအမြီး တပ်ထားပုံမှာ သူကိုင်ဆောင်နေကျ မြှားတန်မှန်း ဘယ်လိုမှ မငြင်းသာပေ။

ရွာသူရွာသားများနှင့် ဆန်ဂေါင်ရွာမှ လာကြသော မုဆိုး များက နီမောင်ကို ဝိုင်းကြည့်နေကြသည်။

နီမောင် ရဲရဲတင်းတင်း ငြင်းဆန်လိုက်သည်။

" ဒါကျွန်တော့်မြှားတံ လုံးဝမဟုတ်ပါဘူးဦးလေး၊ မြှားတံဆိုတာ ဘယ်သူမဆို အတုအလုပ်လို့ ရနိုင်တာပဲ ... ဒါမှမဟုတ် အိမ်က ကျွန်တော့်မြှားတံကိုယူပြီး တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ကလဲ ပစ်နိုင်တာပဲ . . .

ဒီအချိန်မှာ ကျွန်တော့်မြားတံဟုတ်မဟုတ် ဆိုတာထက် ဒီမြားတံနဲ့ ဘယ်သူပစ်သလဲဆိုတာ အရေးကြီးတယ် မဟုတ်လား"

မောင့်ထံမှ ထိုစကားကို ကြားသောအခါ အားလုံး လှုပ်လှုပ်ရွရွ ဖြစ်သွားကြသည်။

စောစောက တိုယ်နှင့်မဆိုင်သလို အေးအေးဆေးဆေး လုပ်နေသော ဇာမုန်းထန်မင် ရှုးရှူးရှားရှား ဖြစ်လာပြီး၊ နီမောင် အား မျက်ထောင်နီကြီးဖြင့် လှမ်းကြည့်လာသည်။

နီမောင်ရဲ့ စကားလုံးပစ်မှတ်က အတော်ကို ထိရောက်လှသည်။

စောစောက နီမောင့်အပေါ် စုပြုံကျရောက်နေသော သံသယများက ဇဝေဇဝါ ဖြစ်ကုန်တော့သည်။ အချို့ကလဲ ဇာမုန်းထန်အား မသင်္ကာသလို လှမ်းကြည့်ကြသည်။

နီမောင့်အတွက် ထွက်ပေါက်တစ်ခု ရသွားသည်။

မြိတ်စာပေ



"ဦးလေးအနေနဲ့ ရှာလူကြီးတစ်ယောက်ပီပီ ကျွန်တော် ... တခြားရွာသားတွေ ထင်ရောင်ထင်မှားဖြစ်စေမယ့် အလုပ်တွေ ခဏထားပြီး၊ ဒီမြားတံကို အသုံးပြုပြီး ဘယ်သူ ပစ်သလဲဆိုတာကို အရင်စုံစမ်းကြည့်စေချင်ပါတယ်၊ ကဲ ကျွန်တော်သွားတော့မယ် "

နီမောင်နေရာမှထ၍ ပြန်လာတော့သည်။

အားလုံးကတော့ ဇဝေဇဝါဖြစ်ရင်း ကျန်ရစ်ခဲ့ကြသည်။ အခန်းတွင်းတစ်နေရာမှ အခြေအနေကို စိုးရိမ်စွာ စောင့်ကြည့် နေရှာသော နန်းကေဇာခမျာ ယခုမှပင် သက်ပြင်းကလေးချတာ ... နိုင်ရှာတော့သည်။

မြိတ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃)

နှင်းကေဇာရဲ့ အိပ်ခန်းအနီး တံစက်မြိတ်တွင် ချိတ်ဆွဲထားသော သစ်ခွပန်းခိုင်များက သင်းပျံ့သောရနံ့များဖြင့် လှပတင့်တယ်လျှက်ရှိသည်။

၎င်း သစ်ခွပန်းခိုင်များမှာ နီမောင် အမြတ်တနိုးရှာဖွေလာပြီး လက်ဆောင်ပေးထားသဖြင့် ယခုကဲ့သို့ တယုတယ ချိတ်ဆွဲထားခြင်းဖြစ်သည်။

ဝမ်ရှိန်တို့ကတော့ ၎င်းသစ်ခွပန်းခိုင်ကို မျက်စိကျနေကြပြီ ... ရောင်းဖို့ရန် မကြာခဏ စကားမရှိစကားရှာကာ ပြောနေကြသည်။

အဖေကတော့ ငွေများများရလျှင် ရောင်းလိုက်ချင်မှန်း နှင်းကေဇာက သိသည်။





ဇွတ်မလုပ်ချင်၍သာ ကြည့်နေခဲ့ခြင်းဖြစ်၏။

နှင်းကေဇာအနေနှင့် အဘယ်မျှ ပင်ပန်းနွမ်းနယ်နေပါစေ၊ သစ်ခွပန်းခိုင်အလှလေးကို ကြည့်ပြီး၊ သင်းပျံ့သောရနံ့လေးကို ရှူလိုက်ရရင် ရင်ထဲမှာ လန်းဆန်းကြည်လင်မှု ဖြစ်ရစမြဲပင် ...။

နှင်းကေဇာသည် ပန်းခိုင်ပေါ်မှာ နှင်းခဲများကို အသာအယာ ဖယ်ရှားနေစဉ် အခန်းအပြင်ဘက်မှ ဖခင်ကြီးခေါ်သံကို ကြားလိုက်ရသည်။

" သမီးရေ ... ခဏလောက်ကွယ် "

နှင်းကေဇာထွက်သွားတော့ ဦးခွန်ဘရင်က မီးဖိုအနီးတွင် အကျအနထိုင်ကာ ဖခါးသောက်နေရင်း သူ့အနီးသို့ လာရန် လှမ်းခေါ်လိုက်သည်။

" လာသမီး အဖေ့နားမှာထိုင် "

" ကိစ္စရှိလို့လားအဖေ .... "

" အဖေကလဲ အိမ်မှာ ညည့်သည်တွေ ရှုပ်နေတာနဲ့



www.burmeseclassic.com

www.burmeseclassic.com



သမီးနဲ့ အေးအေးဆေးဆေးကို မတွေ့ရဘူး "

ငယ်စဉ်ကကတည်းမှ မိခင်ဆုံးသွားပြီးနောက် အရွယ်ကောင်း၊ အခြေအနေကောင်းကျန်သော အခြေအနေမှာပင် သမီးအတွက် အနှောက်အယှက် ဖြစ်မည်စိုး၍ နောက်ထပ် အိမ်ထောင်မပြုတော့ပဲ အဖေလိုတစ်မျိုး၊ အမေလိုတစ်သွယ် ပြုစုဆောင် ပြုစုစောင့်ရှောက်ခဲ့သည်။

" ဒီကိစ္စကတော့ အထွေအထူးမရှိပါဘူးကွယ် ... သမီးအမေတဲ့နောက်ပိုင်း၊ အဖေဆိုလဲ အဖေ၊ အမေဆိုလဲ အဖေဆိုတော့ ပြောစရာရှိ အဖေကပဲ ပြောရတာပဲ .. "

နန်းကေဇာက ခေါင်းငုံ့နားထောင်ရင်း ရင်ခုန်သံ မြန်နေတော့သည်။ မိမိ၏ မျှော်လင့်ထားသော မပြောလိုသော အကြောင်းအရာတွေ မကြားရပါစေနဲ့ဟု ဆုတောင်းနေသော်လည်း ဆုတောင်းမပြည့်ခဲ့ပေ ...။

" ငါ့သမီးကိုတော့ ပွင့်ပွင့်လင်းလင်းပဲ မေးရမှာပဲ ... သမီးနဲ့နီမောင်တို့ လူငယ်ချင်း မေတ္တာမျှနေကြတယ်ဆိုတာ





ဟုတ်လားသမီး "

အခန်းထဲတွင် တိတ်ဆိတ်သွားသည်။

နန်းကေဇာထံမှ သက်ပြင်းချသံတစ်ချက် ထွက်ပေါ်လာသည်။ အခြေအနေသည် သူမမျှော်လင့်ထားသလို တည့်တည့် တိုးဝင်လာပြီ ဖြစ်သောကြောင့် မငြင်းသာတော့ပဲ ...

မငြင်းချင်တော့ပဲ အသာအယာ ခေါင်းညိတ်ပြလိုက်သည်။

" ဟုတ်ပါတယ် အဖေ ... "

ယခု သက်ပြင်းချရသူက ဦးခွန်ဘရင်ဖြစ်သည်။

" အင်း အခြေအနေက ၊ အဖေအစကတည်းက ထင်ထားသလိုပါပဲ ... ၊ သမီးတို့နှစ်ယောက်ရဲ့အခြေအနေကို အဖေအစောကြီးကတည်းက ရိပ်မိပါတယ် ၊

ဒါပေမယ့် ငါ့သမီးလေး စိတ်ဆင်းရဲမှာကို စိုးတာက တစ်ကြောင်း၊ နောက်ပြီး အဖေလူငယ်တွေရဲ့အကြောင်းကို နားလည်ပါတယ်၊ ဒါကြောင့် သမီးကို လွတ်လွတ်လပ်လပ်



www.burmeseclassic.com

www.burmeseclassic.com



ဆုံးဖြတ်ခွင့် ပေးထားတာပဲ ...။

ထိုစကားကြောင့် နန်းကေဇာရင်ထဲမှာ ကျေနပ်သွားသည်။ ယခုအချိန်မှာ နီမောင်ပါ အတူရှိနေရင် ပိုကောင်းမှာပဲဟု ပီတိစိတ်နှင့် တွေးနေမိသည်။

" ဒါပေမယ့် သမီးရယ် "

စကားမစပ်သေးပဲ နန်းကေဇာက မျက်နှာကို အကဲခပ်သလို တစ်ချက်ကြည့်ပြီး မျှော်လင့်မှုပါသော အပြုံးတစ်ချက်ပြုံးလိုက်သည်။

" ဘဝတစ်ခုထူထောင်တယ်ဆိုတာ မလွယ်ဘူးကွယ့် အနည်းဆုံး - ခိုင်လုံတဲ့ ဘဝအာမခံချက်မျိုးရှိချင်ရင် ဒါမှမဟုတ် အားထားလောက်တဲ့ မျှော်လင့်ချက်ကောင်းကောင်းတော့ ရှိမှဖြစ်မှာ ...။ "

ယခုအချိန်အထိ ဖခင်ဖြစ်သူ၏ စကားရည်ရွယ်ချက်များကို နားမလည်သေး၊ မရိပ်မိသေးပေ ၊

" အဖေနဲ့သမီး ပွင့်ပွင့်လင်းလင်း ပြောကြရအောင်





ကွယ် "

" ဟုတ်ကဲ့ ပြောပါအဖေ ... "

" ခုတလော တို့နယ်တဝိုက်မှာ လူကိုင်းစိတ်ဝင်စားတဲ့ သတင်းတစ်ခုကို သမီးလဲ ကြားတယ်မဟုတ်လား "

" ဘာများပါလိမ့်အဖေ "

" တခြားတော့မဟုတ်ဘူး ခါကာဘိုရာဇီတောင်ပေါ်မှာ ကတိုးနီတွေ ရှိတယ်ဆိုတဲ့သတင်းပဲ ... "

နန်းကေဇာ မျက်လုံးလေးအဝိုင်းသားနှင့် ရင်ခုန်သံမြန်လာသည်။ ကတိုးနီ၊ ကတိုးနီဆိုသော စကားများက ပဲ့တင်ထပ်နေသည်။

မျက်စိထဲတွင် လှပသော ကတိုးနီများအား ပြန်လည်သတိရနေမိတော့သည်။

" ကတိုးနီဆိုတာ အလွန်ရှားပြီး၊ သိပ်ကန့်ဖိုးကြီးတဲ့ သတ္တဝါပဲ - ဒါကြောင့် ပတ္တမြားနီ လို့တောင် တင်စားခေါ်ကြတယ်၊ ဘယ်လောက်တန်သလဲဆိုတာကတော့ မမှန်းနိုင်ကြဘူး



www.burmeseclassic.com

www.burmeseclassic.com



ကတိုးနီရဲ့ ကတိုးမွှေးရရင် သမီးတသက် စားမကုန်အောင်ရမှာ ။ ဒါကြောင့် လူတိုင်း မက်မောပြီး လိုချင်ကြတာပေါ့ . . . "

နန်းကေဇာမျက်စိထဲတွင် ဂူထဲတွင် လွပ်လပ်စွာနေကြသော သနားစဖွယ် ကတိုးနီလေးနှစ်ကောင်ကို ပြန်လည်မြင်ယောင်နေ၏။

" အခုနေ ကတိုးနီကို ရှာတွေ့တဲ့လူကတော့ ချက်ခြင်းချမ်းသာပြီပေါ့သမီးရယ် "

နန်းကေဇာကတော့ သူမအံ့နေနှင့် ဘာမှမသိသယောင်ဖြင့် မျက်လုံးကလေးအဝိုင်းသားနှင့် ဦးခွန်ဘရင်ပြောသမျှ နားထောင်နေရှာ၏။

" ကတိုးနီဆိုတာ ရှားပါးလွန်းတော့ တွေ့ဖူးမြင်ဖူးဘို့မပြောနဲ့ ကြားဖူးသူတောင် အတော်နည်းတယ်။ အဖေဆိုရင် အခုအသက်ငါးဆယ်ကျော်နေပြီ၊ ကတိုးနီရှိတယ်ဆိုတာ အခုမှကြားဖူးတော့တယ်၊





အခုတော့ ကတိုးနီတစ်ကယ်ရှိတယ်ဆိုတာ လက်တွေ့မြင်ဖူးသူတွေ ရှိလာပြီ၊ အဲဒါကတော့ ဆန်ဂေါင်ရွာက မုဆိုးတွေပဲ ၊

သူတို့ဟာ ခါကာဘိုရာဇီတောင်ပေါ်မှာ ကတိုးနီနှစ်ကောင်ကိုတွေ့လို့ ခွေးနဲ့လွှတ်ပြီး အလိုက်မှာ သူတို့ခွေးများပစ်ခံလိုက်ရတယ်၊ ဒီမြားပစ်တဲ့သူဟာ ကတိုးနီတွေရှိတဲ့နေရာကို သိထားတဲ့သူဆိုတာ သေချာသွားပြီ၊

အဲဒီလူကတော့ . . . . . . ၊ "

ဦးခွန်ဘရင်က စကားကိုရပ်ပြီး နန်းကေဇာကို အကဲခပ်သလို တစ်ချက်ကြည့်သည်။

" ဘယ်သူလဲ အဖေ . . . . . "

" ဘခြားလူတော့မဟုတ်ဖူး၊ သမီးရဲ့ချစ်သူ နီမောင်ပဲသမီး "

" ရှင် "

နန်းကေဇာ အံ့သြစွာဖြင့် မျက်လုံးကလေး အဝိုင်းသား



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားသည်။ စိတ်လှုပ်ရှားမှုဖြင့် တဖျစ်ဖျစ်တောက်လောင်နေသော မီးဖိုဆီသို့ အကြည့်လွှဲထားသည်။

နန်းကေဇာ အမူအယာကိုကြည့်ပြီး ဦးခွန်ဘရင် တစ်ချက်ပြုံးလိုက်သည်။

ထို့နောက် ဖန်ခါးရည်တစ်ခွက်ကို မော့သောက်ပြီးမှ စကားပြန်ဆက်သည်။

" ယောက်ျားပျိုလေးတွေဟာ သူတို့ရဲ့အောင်မြင်မှုတွေ ထူးခြားချက်တွေ တွေ့တဲ့အခါ သူတို့ရဲ့မိခင်တွေကိုသာ ပြန်မပြောချင်နေမယ်၊ သူတို့ရဲ့ချစ်သူကိုတော့ တစ်လုံးမကျန် ပြန်ပြောလေ့ရှိကြတယ်၊ သမီးချစ်သူနီမောင်နဲ့ပတ်သက်ပြီး သမီးသိသမျှ အဖေ့ကိုပြောပြပေးပါ "

နန်းကေဇာအတွက် မလှုံသာမလွန်သာ အခြေအနေမျိုးသို့ ရောက်လာသည်။

ငြင်းရခက်၊ မငြင်းရခက် ဖြစ်နေသည်၊

နီမောင့်ကိုလည်း ' မည်သူကိုမှ ပြန်မပြောပါဘူး' ဟု





ကတိပေးထားသောကြောင့် ဖွင့်မပြောရန် ဆုံးဖြတ်လိုက်သည်။

" သမီးကို ဘာမှမပြောသေးဘူးအဖေ "

ဦးခွန်ဘရင်က လက်မခံလိုဟန်ဖြင့် ခေါင်းယမ်းလိုက်သည်။

" သမီးက အဖေ့စေတနာကို နားမလည်သေးဘူးနဲ့ တူတယ်၊ အခုပြောနေတာတွေလဲ အဖေ့အတွက် မဟုတ်ပါဘူး၊ တကယ်လို့ အဖေ့အကျိုးအမြတ်အတွက် ပြောနေတယ် ဆိုရင်လဲ အဲဒီအကျိုးအမြတ်တွေဟာ တစ်နေ့ကြရင် သမီးတို့ နှစ်ယောက်အတွက်ပဲ ဖြစ်မှာပါပဲ . . . ၊

သမီးစဉ်းစားကြည့်လေ ။

ဤစကားကြောင့် နန်းကေဇာစိတ်ထဲမှာ တွေဝေသွားသည်။ အဖေတစ်ခု သမီးတစ်ခုဘဝတွင် အဖေပြောတာ ဟုတ်တာပဲလေဟု ထင်မိသည်။

ဦးခွန်ဘရင်က အမူအယာပြောင်းလဲသွားသော ...ဇာကိုကြည့်ပြီး တစ်ချက်ပြုံးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



" မိဘဆိုတာ သားသမီးတွေအတွက်ပဲ အမြဲလုပ်နေကြတာပါ။ မိဘတိုင်းဟာ သားသမီးတွေအတွက်ဆိုရင် ဘာမဆိုလုပ်ဝံ့ကြတယ်၊ အဖေလုပ်နေသမျှ ကြိုးစားရှာနေသမျှတွေဟာ သမီးအတွက်ချည်းပဲ၊ အဖေ့စေတနာကို သမီး သဘောပေါက်တယ် မဟုတ်လား"

" ဟုတ်ကဲ့ သဘောပေါက်ပါတယ်အဖေ "

" သမီးတို့နှစ်ယောက်ရဲ့ အခြေအနေကို အဖေရိပ်မိတာ ကြာပါပြီ၊ ဘယ်ကိုသွားတယ်၊ ဘယ်လာတယ်ကအစ အဖေ အကုန်သိပါတယ်၊ ဒါပေမယ့် သမီးရဲ့ဆန္ဒကို မကန့်ကွက်၊ မဖျက်ဆီးခဲ့ပါဘူး၊

နီမောင်ဟာ သမီးအတွက် အားကိုးထိုက်တဲ့သူ၊ သမီးကို ကြင်ကြင်နာနာနဲ့ လက်တွဲသွားမယ့်သူလို့ အဖေယုံကြည့်ပါတယ်၊ ဒါပေမယ့် သူ့မှာအားနည်းချက်တစ်ခုတော့ရှိတယ်။ အဲဒါ ဘာလဲဆိုတော့ လူငယ်ပီပီ တဇွတ်ထိုးလုပ်ချင်တဲ့ဥာဉ် ရှိတာပဲ ပြောစရာရှိတယ် "

မြိုတ်စာပေ



နန်းကေဇာ ခေါင်းငုံ့ပြီး ပြုံးနေလေသည်။

သူမရင်ထဲမှာ ကျေနပ်မှုဖြင့် ပီတိတွေဝေနေသည်။ ယခုကဲ့သို့ ဖခင်ကြီးထံမှစကားများ ကြားရသောအခါ မိမိတို့ ရှေ့ခရီးလမ်းအတွက် ပန်းခင်းလမ်းမဟုတ်စေကာမူ အနှောက်အယှက် အဖျက်အဆီးတော့ ကင်းတန်ကောင်းပြီဟုတွေးရင်း ပျော်နေရှာသည်။

" သမီး ကတိုးနီဆိုတာ ကြားဖူးတယ်မဟုတ်လား "

" ကြားဖူးပါတယ်အဖေ "

" မြင်ရောမြင်ဖူးသလား"

" ဟို - အင်း - မြင် မြင်ဖူးပါတယ်အဖေ"

" သမီးကတိုးနီကိုမြင်ဖူးတယ် ဟုတ်လား၊ ဘယ်လိုမြင်ဖူးတယ်ဆိုတာ အဖေ့ကိုပြောပြစမ်းပါ "

မီးဖိုမှထွက်လာသော မီးခိုးငွေ့များသည် အိမ်တွင်းမှနေ၍ အပြင်ဘက်ဆီသို့ တလူလူနှင့် ပျံ့လွင့်ထွက်သွားတော့သည်။

မြိုတ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၄)

နီမောင် ကတိုးနီကိုတွေ့ထားသည်ဟူသော သတင်းသည် မန်စေခွန်ရွာတစ်ရွာလုံးမှာသာမက အခြားရွာများသို့တိုင် တောမီးပမာ ပျံ့နှံ့သွားလေတော့သည်။

အထက်ဆန်ဂေါင်မှလာသော မုဆိုးများကလည်း ၄င်းတို့မျက်စိဖြင့် တပ်အပ်မြင်လိုက်ရသော ကတိုးနီနှစ်ကောင်မှာ ဖမ်းမိကာနီးမှ နီမောင်နောက်ယှက်သောကြောင့် လွတ်သွားခဲ့ရသည်ဟု အနိုင်အမာပြောသွားကြသည်။

အချို့ကတော့ မုဆိုးများယူလာသော မြွေတံကို ကြည့်ပြီး မုဆိုးများပြောသွားသောစကားကို ယုံကြည်ကြ

မြိတ်စာပေ



ပြီးနောက် စိတ်ဝင်စားမှုတစ်ခု ပိုလာသည်။

ယခင်က ကတိုးနီကိုတွေ့သူတိုင်း အသေဆိုးနဲ့သေကြပြီး နီမောင်ကြမှ ကတိုးနီများကိုတွေ့ပြီး ဘယ်လိုအန္တရာယ်မျိုးမှ မကြုံသောအချက်ပင် ဖြစ်တော့သည်။ ကတိုးနီများနောက်မှ အရိပ်လိုလိုက်နေသော အန္တရာယ်ဆိုးကြီးသည် နီမောင်အား အဘယ်ကြောင့် ဒုက္ခမပေးသလဲ . . . ၊

အားလုံးအတွက် စိတ်ဝင်စားဘို့ အကောင်းဆုံးဖြစ်နေတော့သည်။

မည်သို့ပင်ဖြစ်စေ . . . ။

ထိုအခြေအနေကြောင့် နီမောင်အတွက် အကျဉ်းအကျပ် ဖြစ်တော့သည်။ တွေ့သမျှလူက သူ့အားစိတ်ဝင်စားဖွယ် ကြည့်ကြသည်။ သွားလာလှုပ်ရှားသမျှတိုင်း မျက်ခြည်မပြတ်အောင် စောင့်ကြည့်မှုများ ပြုလုပ်လာကြသည်။ မုဆိုးအတော်များများက နီမောင်နှင့်အတူ တောင်ပေါ်တက်ရန် စိတ်ဝင်စားကြသည်။

မြိတ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ထိုအခြေအနေမျိုးကြောင့် နီမောင် သတိထားနေ
သည်။ အသွားအလာ အနေအထိုင် ဆင်ခြင်ရသည်။

တောင်ပေါ်ရောက်တိုင်း ကတိုးနီများ ခိုအောင်းရ
ဂူရှိရာဘက်သို့ ခြေဦးမလှည့်မိအောင် အထူးသတိထား နေ
တော့သည်။

ထိုအကြောင်းနှင့်ပတ်သက်၍ တစ်နေ့ အမေ
မေးလာသည်။

" သားရယ် - အမေ့ကို အမှန်အတိုင်း ပြောပြပါလား

" အမေကိုဘယ်သူကပြောလို့လဲဗျာ . . . "

" သားရယ် မင်းရဲ့သတင်းက တစ်ရွာလုံးပျံ့နှံ့နေပြီ
ဇာမုန်းထန်ကလဲပြောတယ်၊ မင်း ကတိုးနီတွေကို တွေ့ခဲ့တ
ဆိုတာ အမှန်ပဲလားကွယ် . . . "

" မဟုတ်ပါဘူးအမေရယ်၊ လူတွေက အထင်နဲ့ ပြော
ကြတာပါ။ ကတိုးနီဆိုတာ မြူသလားမည်းသလားဆိုတာတော
မမြင်ဖူးသေးပါဘူး၊ တစ်ကယ်တွေ့ရင် အမေ့ကိုပြောပြမှာ





တကယ်တော့ နီမောင်အမေ့ကို မလိမ်ချင်ပါ၊ ရင်ထဲမှာ
ရှိသမျှအကြောင်းတွေကို တစ်လုံးမကျန် ပြောပြချင်ပါသည်။

သို့သော် အမေ့နားမှာ ဇာမုန်းထန်ရှိနေပြီဆိုတော့
နီမောင် မလိမ်ချင်ပဲ လိမ်လိုက်ရတော့သည်။ ရင်ထဲမှာတော့
အမေ့ကို လိမ့်ပြောရမိသည့်အတွက် စိတ်မကောင်းဖြစ်မိသည်။

အမေ့ကို ယုံသော်လည်း၊ ဇာမုန်းထန်ကိုတော့ လုံးဝ
မယုံကြည်ပေ . . .

နီမောင်မယုံချင်လည်း မယုံချင်စရာဖြစ်နေသည်။
ခုရက်ပိုင်းရောက်ကာမှ ဇာမုန်းထန်ဆက်ဆံရေးတွေ ပြောင်း
လာသည်၊ အမူအယာတွေပြောင်းလာသည်။ သူ့အပေါ်ဆက်ဆံ
ပုံ ပျော့ပြောင်းလာသည်။

စကားပြောတိုင်း " မိသားစု" ဟူသောစကားကို
မကြာခဏ ထည့်ပြောလာတတ်သည်။ ကြားရဖန်များတော့
နားကြားပြင်းကပ်လာသည်အထိပင်။

" လူမျိုးကွဲတယ်ဆိုပေမယ့် တို့တတွေက တိုင်းရင်းသား



www.burmeseclassic.com

www.burmeseclassic.com



အချင်းချင်းတွေပဲကွာ၊ ပိုပြီးစည်းလုံးကြရမှာပေါ့၊ နောက်ပြီ
မိသားစုတွေဖြစ်လာပြီဆိုတော့ တစ်ယောက်နဲ့တစ်ယောက်
ယုံကြည်စိတ်ချဖို့ လိုတာပေါ့၊ တို့က အသက်ကြီးပါပြီကွာ၊ င
ကြိုးစားရှာနေတာတွေဟာ တစ်ချိန်မှာ မင်းအပေါ်ချည်းပါ
မဟုတ်ဖူးလားမနန်းမေ . . . ဟဲ ဟဲ ဟဲ။

ဆိုစကားများမှာ ဖာမုန်းထန်ရင်သဲမှလာသော
စကားများမဟုတ်မှန်း နီမောင်အလိုလိုသိနေမိသည်။

မိမိအနေနှင့် အစစအရာရာ သတိဖြင့်နေရန်သာ
ဆုံးဖြတ်ထားမိတော့သည်။

သို့သော်လည်း ယခုတလောမှာတော့ တွေ့ကြုံရသ
အခြေအနေသည် နီမောင်အတွက် စိတ်ညစ်ညူးဖွယ်
ကောင်းလှတော့သသည်။

ယခင်ကလို တောင်ပေါ်သွားရင်လဲ လွတ်လပ်မှု
တော့ပေ၊ နောင်ယောင်ခံလိုက်ခြင်းများ၊

တစ်ဦးမဟုတ်တစ်ဦးနှင့် အမြဲဆုံနေခြင်းများ မှ





တတ်သည်။

ထိုသို့ဆုံတွေ့ခြင်းမှာ အဆန်းဟုတော့ မဆိုသာပေ။ ယခုလို ခြေခင်းလက်ခင်းသာသောရာသီတွင် တောင်ပေါ်အနှံ့ များပန်းခက်မှု သွားလာလှုပ်ရှားနေကြရာ တစ်နေရာရာတွင် တစ်ဦးမဟုတ်တစ်ဦးနှင့်တော့ ဆုံကြမှာက အမှန်ပင်၊ ယခု ကတိုးနီသတင်းကြောင့် တောင်ပေါ်တက်သူ ပိုများလာသည် ကလည်း တစ်ကြောင်းပင်။

ဆေးမြစ်ဆေးဥ ရှာသူများအပြင်၊ ကျောက်စိမ်းရှာသူ ရွှေရှာသူများလည်း ရှိကြသည်။

ကချင်ပြည်နယ်ဘက်တွင် ရွှေရှာသူများအဖို့က တစ်ခါ တစ်ရံ တစ်ကျပ်သား တစ်ဆယ်သားအထိ အတုံးလိုက် ရှာဖွေ တွေ့ရှိကြသည်။ ထို့ကြောင့် ရွှေကို ပိဿာနှင့်ချိန်၍ စုမိသူများပင် ရှိ၏။ လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုကြောင့် ရွှေတုံးများကို လွယ်အိတ်ထဲထည့်ဆောင်လာပြီး လေယာဉ်ပျံ ဆင်းဝယ်သူများပင် ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



မြန်မာနိုင်ငံမြောက်ဖျားဒေသများတွင် မလိခကမ်းခြေ တလျှောက်မှာ ရွှေထွက်အများဆုံးဖြစ်သည်။

ခါကာဘိုရာဇီလို နှင်းတောင်တန်းများမှာ ဆောင်းဦး ပေါက် ရာသီတွင် အလှဆုံးဖြစ်သည်။

ခါကာဘိုရာဇီလို နှင်းတောင်တန်းများမှာ ဆောင်းဦး ပေါက် ရာသီတွင် အလှဆုံးဖြစ်သည်။ ရောင်စုံပန်းပွင့်များက ရာသီအလိုက် ဖူးပွင့်ကြသောကြောင့် အဝေးမှကြည့်လျှင် ပန်း ရောင်စုံပြင်ကျယ်ကြီးလို လှပ၏။

ထိုအလှသစ်အချိန်မှာပင် တောင်ပေါ်တွင် စီးပွားရေး သမားများ ခြေရှုပ်ကြသည်။ ပစ္စည်းရှာသူ၊ ပစ္စည်းရောင်းသူ၊ ပစ္စည်းဝယ်သူများ ခြေချင်းလိမ်နေတက်သည်။

ဆေးလိပ်၊ အရက်၊ ဆေးဝါးပစ္စည်းနှင့် စားသောက် ဖွယ်ရာများကို အဆမတန် ဈေးမြှင့်ရောင်းကြသည်။ ဝယ်တဲ့သူ များကလည်း တောင်ပေါ်ကပစ္စည်းများ အလကားရှာဖွေရသော ကြောင့် လိုသမျှပစ္စည်းကို ဈေးမရှောင် ပေးဝယ်ကြသည်။

မြိုတ်စာပေ



ငွေလိုလျှင် ပစ္စည်းထပ်ရှာ၍ရသဖြင့် တွေ့မရှောင် ဝယ်သုံးကြသည်။ အချို့ဆိုလျှင် ရွှေတုံး၊ ကျောက်စိမ်းတုံးများ အား ခန့်မှန်းရောင်းချကြသည်။

ထိုအခြေအနေများကြောင့် တောင်ပေါ်တွင် လူများ သဖြင့် ယခင်ကလောက် လွတ်လွတ်လပ်လပ်မရှိတာ မှန်သော် လည်း နီမောင်အတွက်တော့ ထိုသို့မဟုတ်ပေ။

မိမိနောက်သို့ တမင်လိုက်နေမှန်း သိသာလှသည်။ သည်ပုံအတိုင်းဆိုရင်တော့ ကတိုးနီများမှာ ခါတိုင်းလို အန္တရာယ် မကင်းနိုင်တော့ပေ။

တစ်နေ့နေ့ တစ်ချိန်ချိန် တစ်နေရာရာတွင် မုဆိုး တစ်ဦးမဟုတ်တစ်ဦးနှင့်တိုးမိမှာ သေချာတော့သည်။

သို့ကြောင့် အခွင့်သာရင် ၎င်းကတိုးနီများအား အဝေး သို့ မောင်းထုတ်ပစ်ရန် ဆုံးဖြတ်မိသည်။

ယခင်က မိမိတို့နယ်ဘက်တွင် ကတိုးနီရှိသည်ဟု တစ်ခါမှမကြားခဲ့ဖူးပေ . . .။

မြိုတ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



၎င်းကတိုးနီများမှာ ဟိမဝန္တာဘက်မှ ဖြစ်ဟန်ရှိပြီး နှင်းမုန်တိုင်းများကြောင့် မျက်စိလည်ပြီး ခါကာဘိုရာဇီဘက် ရောက်လာခဲ့ခြင်းဖြစ်ဟန်ရှိသည်။

တစ်နေ့နေ့ အခွင့်သာပါက ဟိမဝန္တာဘက် ရောက်အောင် ပြန်မောင်းထုတ်ရန် ဆုံးဖြတ်မိတော့သည်။

ထိုသို့ဆုံးဖြတ်ပြီးနောက် နီမောင်အကြိမ်ကြိမ် ကြိုးစားကြည့်ရာ တစ်ကြိမ်မှ အောင်မြင်သည်မရှိပေ၊ တစ်ကြိမ်မဟုတ် တစ်ကြိမ် အနှောက်အယှက် အဖျက်အဆီးများနှင့်တိုးတာများသည်။

ထိုမျှလောက် အန္တရာယ်ဝိုင်းနေသောနေရာတွင် ကတိုးနီများ အန္တရာယ်ကင်းအောင် ဘယ်လိုနေကြသလဲဆိုတာကို နီမောင်သိချင်နေသည်။

မရောက်တာကြာပြီဖြစ်သောကြောင့် စိတ်ထဲမှာ ကတိုးနီများအား တွေ့ချင်နေ၏။

ယခုနီမောင် တော်ပေါ်ရောက်နေသည်။





သည်တစ်ကြိမ် ပတ်ဝန်းကျင်အနှောက်အယှက် အတော်ကင်းလှသည်။

သို့ပေမယ့် စိတ်မချရပေ ...။

တောင်ထိပ်မှ အမြင့်ဆုံးသစ်ပင်ပေါ်တက်ပြီး ပတ်ဝန်းကျင်ကို အကဲခပ်ကြည့်သည်။

အနှောက်အယှက် တစ်စုံတစ်ရာ မတွေ့ရပေ။ အချိန်မှာ ညနေပိုင်း နှင်းသည်းချိန်ဖြစ်သည်။ ရာသီဥတုကြမ်းသောကြောင့် တော်ရုံခိုင်ရည်ရှိရုံနဲ့တော့ တောင်ပေါ်မလာကြတော့ပေ။

နေရောင်ဟူ၍ လုံးဝမရှိတော့ဘဲ ကြည့်လေရာမြင်လေရာ နှင်းထုကြောင့် မသဲမကွဲဖြစ်နေတော့သည်။

သစ်ရွက်များပေါ်သို့ နှင်းစက်များက တဖြောက်ဖြောက် ကျသံကိုသာ ကြားနေရသည်။

သည်လိုရာသီမျိုး။

သည်လိုအခြေအနေမျိုးကို နီမောင်သဘောကျသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ဒူးလေးနှင့်မြားဘူးကိုလွယ်ပြီး ကတိုးနီများ ခိုအောင်းရာ ဂူရှိရာသို့ တက်ခဲ့လေသည်။

နှင်းဖုံးသော မျက်နှာပြင်ပေါ်သို့ နင်းလျှောက်လိုက်တိုင်း စွိကနဲ စွိကနဲမြည်၍ ကျွံဝင်သွားသည်။

ကြိုးစား၍ လျှောက်လေရာ မကြာမီ ဂူပေါက်ဝသို့ ရောက်လာသည်။ ပတ်ဝန်းကျင်အနေအထားကို မှတ်မိနေသောကြောင့်သာ ဤနေရာ ဂူပေါက်ရှိနိုင်သည်ဟု ခန့်မှန်းရသော်လည်း တစ်ကယ်တမ်း ဂူပေါက်ဝကို ရှာတွေ့နိုင်ရန်မှာ မလွယ်ကူပေ။

ကြည့်လေရာ နှင်းမျက်နှာပြင်ကြီး ဖြစ်နေ၏။

တောင်ပို့သင်္ကာန်များစွာလည်း မတိမ်းမယိမ်း ရှိနေကြသည်။ နီမောင် ဂူပေါက်ဝကို ကြိုးစားရှာဖွေပြီး ပိတ်နေသော နှင်းခဲများကို ခက်ခက်ခဲခဲ ဖယ်ရှားပြီးမှ အတွင်းသို့ ဝင်သည်။

အခြားတစ်ဖက်တွင် လေပေါက်ရှိသဖြင့် အသက်ရှူချောင်ပြီး အတွင်း၌ အအေးဒဏ်သက်သာသည်။





ခဏချင်းပင် သူဝင်ခဲ့သောနေရာမှာ နှင်းများဖြင့် ပြန်ပိတ်သွားတော့သည်။

ဂူအတွင်းပိုင်းတွင် မှောင်နေသည်။

သို့သော် မှတ်မိနေသော ဆတ်သွားဖူးပန်းကဲ့သို့ ရနံ့သင်းသင်းကလေးကို ရှူမိသည်။

နီမောင် မီးခြစ်ကိုထုတ်ခြစ်ပြီး၊ ကျောပလိုင်းထဲမှ ထင်းရှူးသားပိုင်းကို မီးကူးလိုက်သည်၊ မီးစွဲတော့မှ ဂူနံရံတွင် ထောင်ထားလိုက်ကာ အတွင်းပိုင်းသို့ လှမ်းကြည့်လိုက်သည်။

" ဟင် "

နီမောင် အံ့သြသွားသည်။

ကတိုးနီအထီးတစ်ကောင်၊ အမတစ်ကောင်အပြင် သားပေါက်ကလေးတစ်ကောင်ပါ တွေ့လိုက်ရသောကြောင့် ဖြစ်သည်။

" သြော် - သားပေါက်ချိန်နီးလို့ ဒီဂူထဲလာအောင်းနေကြတာဖြစ်မယ် "



www.burmeseclassic.com

www.burmeseclassic.com



ကကိုးနီပေါက်ကလေးမှာ သေးငယ်လှပြီး ကတိုးနီနှစ်ကောင်အနီးတွင် ယိုင်ထိုးယိုင်ထိုးနှင့် လျှောက်သွားနေသည်။ နီမောင်ဝင်လာသောအခါ ကတိုးနီနှစ်ကောင်က အထိတ်တလန့် ထကြည့်ကြသည်။

နီမောင်မှာ သူတို့အား ရန်မူမည့်သူမဟုတ်မှန်း သိသွားသောအခါ နေရာတွင် ပြန်လှဲပြီး ကတိုးပေါက်ကလေးအား လျှာဖြင့် ယက်ပေးနေ၏။

ကတိုးပေါက်ကလေးမှာ အတန်ငယ် လျှောက်သွားနိုင်ပေသည်။

နီမောင်က အနားကပ်သွားပြီး ကတိုးနီပေါက်ကလေးကို ကြင်နာစွာ ပွတ်သပ်ပေးသည်။

" အင်း - ဒီကောင်တွေကို အန္တရာယ်တွေဝိုင်းနေပြီဆိုတာ သူတို့မသိရှာကြသေးဘူး။ သူတို့လေးတွေနဲ့ ပတ်သက်ပြီး ငါတောင် အန္တရာယ်တွေ များနေပြီ။ ဒီမှာဆက်နေရင်တော့ တစ်နေ့မဟုတ် တစ်နေ့ မုဆိုးတွေနဲ့ တွေ့မှာပဲ . .

မြိုတ်စာပေ



အခွင့်အရေးသာရင် သူတို့ကို ဟိမဝန္တာဘက် ပြန်ရောက်အောင် မောင်းထုတ်ပစ်ရမယ်။ ဒါမှ သူတို့ရဲ့မူလနေရာဖြစ်တဲ့ ဟိမဝန္တာဘက်ကို ပြန်ချစ်ပြန်သွားကြမယ် . . .၊

အို သူတို့လေးတွေ ပြန်သွားပြန်ရင်လဲ ငါသိပ်ပြီး သတိရနေတော့မှာပဲ . . .

သံယောဇဉ်ဆိုတာ ငြီးငွေ့မိပြီဆိုရင် လူပဲဖြစ်ဖြစ်၊ တိရိစ္ဆာန်ပဲဖြစ်ဖြစ် ဖြတ်နိုင်ဖို့ အခက်သားပဲလေ၊ သူတို့ကို ငါခေါ်သွားပြန်ရင်လဲ အန္တရာယ်တွင်းကို တွန်းပို့သလို ဖြစ်မနေတော့မှာပဲ . . .၊

အို - သူတို့ရဲ့ဘဝလေးတွေ အေးချမ်းစွာ နေနိုင်ဖို့ ငါ သူတို့ကို မူလနေရာဘက်ရောက်အောင် ပြန်ပို့ပေးလိုက်တာ ကောင်းပါတယ် . ."

ကတိုးနီနှစ်ကောင်က နီမောင်ကို လှမ်းကြည့်နေသည်။

" အင်း - အခုတလော တောင်ပေါ်မှာ မုဆိုးတွေကလဲ ပျံ့နေတယ်၊ နောက်ပြီး ဒီကောင်တွေ သားကလေးပေါက်

မြိုတ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



နေတော့ အစာရှာထွက်နိုင်မှာ မဟုတ်ဖူး၊ ငါမပြန်ခင် သူတို့အတွက် အစာလေးဘာလေး ရှာထည့်ပေးခဲ့ရင် ကောင်းမယ်"

ထိုသို့စဉ်းစားပြီး ဂူအပြင်သို့ တစ်ကျော့ပြန်ထွက်ရန် လာစဉ် အဝသို့ ရောက်သောအခါ ဂူပေါက်ဝ ပွင့်လျှက်သား ဖြစ်နေသည်ကို တွေ့ရသည်။

" ဟင် ..... "

" ငါဝင်သွားတုန်းက ဂူပေါက် ပိတ်ရက်သားပါ၊ ဘယ် တစ်ယောက်ယောက်များ လာဖွင့်တာများလား "

အံ့ဩစွာဖြင့် အသေအချာ ငုံ့ကြည့်လိုက်တော့ လတ် လတ်ဆက်ဆက်နှင့် ယက်ဖယ်ထားရာများကို မြင်ရသည်။ နီမောင် ဒူးလေးနှင့်မြားကိုထုတ်ပြီး ပတ်ဝန်းကျင်ကို ဝေ့ကြည့် လိုက်တော့ ဝေဝါးနေသော နှင်းစက်များကြောင့် ဘာမှမမြင် ရပေ ...။

" ဒါ တစ်ယောက်ယောက် ဖွင့်တာတော့ သေချာတယ်





ဒါပေမယ့် ဒီနေရာကို တော်ရုံမသိနိုင်ပါဘူး၊ သိနိုင်ဦးတော့ ဒီဂူ ပေါက်ကို ဒီလိုလွယ်လွယ်ဖွင့်နိုင်ဖို့ မလွယ်နိုင်ဘူး၊ အတော်သန် တဲ့ လူမှ မြန်မြန်ဖွင့်နိုင်မှာ ၊

နောက်ပြီး ဂူပေါက်ဖွင့်တဲ့သူဟာ ငါ့ရန်သူ မဟုတ်သလို ကတိုးနီတွေရဲ့ ရန်သူလဲ မဖြစ်နိုင်ဘူး၊ ဘာကြောင့်လဲဆိုတော့ ရန်သူဆိုရင် ဂူပေါက်ပွင့်ကတည်းက အထဲကို ရောက်လာတာ ကြာပြီ ...၊ တော်တော်ထူးဆန်းတယ်၊ ဘာပဲဖြစ်ဖြစ် သတိ တော့ ထားရမယ်။

နီမောင် အပြင်ဘက်ရောက်တော့ အံ့အေးဒဏ်ကို အတော်ခံရသည်။

ယခုလို ရာသီဥတုကြမ်းသောအခါ တောင်ပေါ်တွင် အန္တရာယ်များနှင့် အချိန်မရွေး တိုးနိုင်သဖြင့် သတိကြီးစွာ ထားနေရသည်။

" ဒီကောင်တွေ မျှစ်နုပေါက်တွေရရင် သိပ်ကြိုက်ကြမှာ" စိတ်ကူးဖြင့် ဝါးတောများရှိရာဖက်သို့ မှန်းဆလျှောက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒူးလေးကို အသင့်မောင်းတင်ထားပြီး လက်ထဲမှာ အဆိပ်လူး မြားတံတစ်ချောင်း အဆင်သင့်ကိုင်ထားသည်။

ရှေ့သို့လျှောက်နေရင်း မိမိနောက်မှ လိုက်လာသော ခြေသံတစ်သံကို နီမောင်သတိပြုမိလိုက်သည်။

သတိဖြင့်ရပ်ပြီး နားစွင့်လိုက်လျှင် အသံကတိတ်နေ ပြန်၏။ ဆက်လျှောက်လျှင် နောက်မှခြေသံက ပေါ်လာသည်။

ပတ်ဝန်းကျင်မှာ တစ်စတစ်စ မှောင်စပြုလာပြီ။ မကြာမီ ဝါးရုံတောတစ်တောကို တွေ့ရသဖြင့် ခါးမှဓါးကို ထုတ်ကာ မျှစ်နုပေါက်များကို ခုတ်ချိုးပြီး ပလိုင်းထဲထည့်ယူကာ ခတ်သုတ်သုတ်ပြန်ခဲ့သည်။

နီမောင် လမ်းတစ်နေရာအရောက်တွင် စောစောက ဖြတ်သွားသော မိမိ၏ခြေရာနှင့်ယှဉ်ပြီး ပေါ်နေသော ခြေရာကြီး တစ်ခုကို မြင်လိုက်ရသည်။

တောင်ပေါ်တွင် ဂေါ်ရီလာကဲ့သို့ မျောက်ဝံများရှိသလို နှင်းလူများလည်း ရှိတတ်သည်။

မြိတ်စာပေ



တို့ကို အန္တရာယ်အလွန်ပေးသော သတ္တဝါကြီးများ ဖြစ်ကြသည်။

နီမောင် ခြေရာကို အသေအချာ ကြည့်သည်။ ဂေါ်ရီလာမျောက်ဝံမျိုးတော့ မဖြစ်နိုင်၊ ၎င်း သတ္တဝါမျိုးက လေးဘက်ထောက်သွားတတ်သဖြင့် ခြေရာရောလက်ရာပါ ပေါ်တတ်သည်။

ယခုတွေ့နေရတာက ခြေရာတစ်ခုထဲဆိုတော့ ကျွန်တော် မိမိနောက်ဖက်မှ ခြေရာခံလိုက်လာသော ရန်သူမှာ နှင်းလူ ဖြစ်ဖို့များနေပြီ၊ သို့သော် နီမောင် မကြောက်ပါ။

မောင်းတင်ထားသော ဒူးလေးတွင် စောစောက 'တစ်ဆေ့ခုံအဆိပ်' လူးထားသော မြားတံတပ်ထားတာကို ဖြုတ်ပြီး 'ထိသေအဆိပ်' လူးထားသော မြားတံကို ပြောင်းတင် လိုက်သည်။

"လေးနက်ကွင်း" ဟုခေါ်သော ထိသေအဆိပ်မှာ မုဆိုး များ၏ သက်စောင့်လက်နက်ပစ္စည်းတစ်မျိုးဖြစ်၏၊

မြိတ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက် အကောင်းကြီးသော သတ္တဝါဖြစ်စေ၊ သွေးစို့ရုံ ထိလိုက်ရုံနှင့် နေရာတွင်လဲကျသေဆုံးနိုင်သောကြောင့် တော်ရုံတန်ရုံ ထုတ်မသုံးဘဲ ယခုလို သေရေးရှင်ရေးများနှင့် ကြုံမှ ထုတ်သုံးလေ့ရှိကြသည်။

နီမောင် သတိကြီးစွာထားပြီး လက်တစ်ဖက်က မြားတက်ထားသော ဒူးလေး၊ လက်တစ်ဖက်က ဓါးကိုကိုင်ပြီး လာလမ်းအတိုင်း ပြန်တက်လာသည်။

မိမိနောက်မှလိုက်လာသောခြေသံကို ကြားရပြန်ပြီ။ ဒါပေမယ့် နီမောင် ဆက်လျှောက်လာသည်။

တောင်စောင်းတစ်နေရာရောက်သောအခါ တောင်အောက်ဖက်မှ စကားသံများ ကြားလိုက်ရသည်။

" တို့ ပြန်ကြရင် ကောင်းမယ် "

" ပြန်တာတော့ဟုတ်ပါပြီ ၊ ဒီလောက်နှင်းတွေကျနေတာ။ ဘယ်လိုလုပ် လမ်းမှတ်မိမလဲကွ။

" ဒီအတိုင်း တောင်ပေါ်မှာဆက်နေပြန်ရင်လဲ မနက်က

မြိုက်စာပေ



အေးလို့သွေးခဲပြီး သေကုန်မှာပဲ "

" ပြန်လို့မရရင်တော့ ဒီအတိုင်းဆက်နေလို့တော့ ဘယ်ဖြစ်မလဲ၊ နေရာတစ်ခုရှာပြီး မီးဖိုနေမှဖြစ်မယ်၊ ဒါထက် ဒီနေ့ နီမောင်တောင်ပေါ်ဘက်သွားတယ်ဆိုတာရော သေချာရဲ့လား"

" သေချာပါတယ်ကွ၊ သူ့ပထွေး ဇာမုန်းထန်ကိုယ်တိုင် ပြောလိုက်တာပဲ၊ ဒါပေမယ့် ဒီလောက်ရာသီဥတုဆိုးနေတာ သူ့တို ဘယ်လိုတွေ့အောင်ရှာနိုင်မလဲ "

" သူ့ကိုရှာဖို့နေနေသာသာ ကိုယ်တောင် ပြန်လမ်းပျောက်နေကြပြီ "

စကားသံများကြားရသဖြင့် နီမောင် တောင်စောင်းကို ကွယ်ပြီး လှမ်းကြည့်လိုက်တော့ လူသုံးဦးသဏ္ဌာန်များကို မသဲမကွဲ လှမ်းမြင်ရသည်။

သူတို့ပြောစကားများအရ ထိုသူများမှာ မိမိနှင့် မစိမ်လှပေ၊ မိမိရွာမှ ဖြစ်လိမ့်မည်ဟု နီမောင်စဉ်းစားမိနည်

မြိုက်စာပေ

www.burmeseclassic.com

www.burmeseclassic.com



နောက်ဖက်မှ မည်းမည်းသတ္တဝါကြီးတစ်ကောင်ပေါ်လာပြီး နီမောင်ကိုကျော်ကာ လူသုံးဦးရှိရာသို့ ပြေးဆင်းသွားလေတော့သည်။

နီမောင် အံ့သြသွားသည်။

မိမိအား အလျင်တွေ့နေပါရက်နဲ့ အဘယ်ကြောင့် ဝင်ရောက်တိုက်ခိုက်မသွားသလဲဟု စဉ်းစား နေဆဲမှာပင် တောင်အောက်ဖက်မှ လူသုံးယောက်တို့မှာ မည်းမည်းသတ္တဝါကြီး၏ တရကြမ်းဝင်ရောက်တိုက်ခိုက်ခြင်းကို ခံနေကြရတော့သည်။ မိမိနောက်သို့ နောက်ယောင်ခံလိုက်လာဟန်ရှိသော လူသုံးဦးတို့မှာ အန္တရာယ်ဆိုးနှင့် ကြုံနေရပြီ၊

မည်သို့ပင်ရှိစေ ...။

လူသားတစ်ဦးအနေနှင့် ဒုက္ခရောက်နေသူများအား မိမိရှေ့တွင် တွေ့နေပါရက်နဲ့ လစ်လျူရှုထားခဲ့လျှင် လူသားမဆန်ရာ ရောက်နေမည်စိုး၍ ဒူးလေးကို မောင်းတင်ပြီး အသင့်ပြင်လိုက်သည်။

မြတ်စာပေ



ထိုသေမြားကို ဒူးလေးကွင်း တပ်လိုက်သည်။

နှင်းတောထဲတွင် လူသုံးဦးအား တရကြမ်းတိုက်ခိုက်နေသော သတ္တဝါကြီးရှိရာသို့ ချိန်လိုက်စဉ် ...၊

" မလုပ်နဲ့လူလေး၊ အဲဒါ မင်းရန်သူမဟုတ်ဖူး"

" ဟင် "

နီမောင်အံ့ဩစွာဖြင့် လှည့်ကြည့်လိုက်တော့ နှင်းတောထဲတွင် ရပ်နေသော ဝတ်ဖြူစင်ကြယ်နှင့်အဖိုးအိုအား မမျှော်လင့်ပဲ တွေ့လိုက်ရသည်။

" အကုသိုလ်ဆိုတာ ကိုယ်ကရှာမှ ကိုယ့်ဆီကိုလာတာ၊ အခြားသူရဲ့အကုသိုလ်မှုကို ကိုယ့်စီကိုပြောင်းမယူနဲ့ "

အဘိုးအိုသည် ထိုသို့ပြောပြီး နှင်းတောထဲသို့ ပြန်လည်ပျောက်ကွယ်သွားတော့သည်။

နီမောင် နောက်ဖက်လှည့်ကြည့်လိုက်တော့ အသံများငြိမ်ကျသွားကာ မည်းမည်းသတ္တဝါကြီးကိုလည်း မတွေ့ရတော့ပေ။

မြတ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ထိုသတ္တဝါကြီးသည် ကတိုးနီတွေနှင့် ပတ်သက်နေသော အန္တရာယ်ဆိုးကြီးဆိုတာများလား . . .၊

နီမောင် ဒူးလေးကို ပြန်သိမ်းပြီး မျှစ်တွဲကိုဆွဲကာ ဂူရှိရာသို့ ပြန်တက်ခဲ့တော့သည်။





အခန်း (၁၅)

နန်းကေဇာ နီမောင်ကို တွေ့ချင်နေ၏။ ယခုရက်ပိုင်းအတွင်း နီမောင်တောင်ပေါ်သွားနေတာများနေ၍ သူမနှင့်မတွေ့ဖြစ်ပေ . . .၊

ယခုရက်တော့ တောင်ပေါ်မှာ အအေးမိလာ၍ ဖျားနေသည်ဟု မနန်းမေထံမှ သတင်းကြားရသည်။

သူမအနေနှင့် နီမောင်နှင့် ပတ်သက်ပြီး တွေ့လည်းတွေ့ချင်၊ တွေ့လည်းမတွေ့ဝံ့အောင် အပြစ်တစ်ခုကို ကျူးလွန်ထားမိသည်။

" ငါ နီမောင်အတန်တန် မှာထားတဲ့ကြားက နီမောင်ကိုပေးထားတဲ့ ကတိကို ဖျက်မိတယ် "



www.burmeseclassic.com

www.burmeseclassic.com



ကတိုးနီတွေရဲ့သတင်းကို အမေ့ကိုပြောပြလိုက်မိကယ်၊ သူသာဒီအကြောင်းကိုသိရင် ငါ့ကိုဒိဒိပြီးများ ဒေါသဖြစ်နေမလား၊ မုန်းချင်တောင် မုန်းသွားမလားပဲ။

ဒီအကြောင်းတွေကို သူ့ကို ဖွင့်ပြောလိုက်ရင်ကောင်းမယ်၊ မဟုတ်ရင် ဒီအတွက်နဲ့ သူ ဒုက္ခတွေ ပိများနေမှာ

အို - သူနဲ့တွေ့ပြီး အကြောင်းစုံ ဖွင့်ပြောလိုက်တာ သူ့အတွက် အကောင်းဆုံးပဲ . . .၊

သူပေးချင်တဲ့အပြစ် ပေးလဲ ငါ ခံမယ်၊

ထိုစိတ်ကူးဖြင့် နန်းကေဇာ နီမောင့်အိမ်ဘက် ထွက်ခဲ့သည်၊ အိမ်အောက်ရောက်၍ အသံပြုလိုက်သောအခါမှ မနန်းမေထွက်လာပြီး လှေခါးချပေးသည်။

" လာ သမီး "

ပြုံး၍နှုတ်ဆက်ရင်း လှေခါးမှအပေါ် တက်ခဲ့သည်။

အပေါ် ရောက်တော့ လှေခါးပြန်တပ်ရင်း -

" ကိစ္စရှိလို့ လားသမီး၊ ဘယ်ကလှည့်လာတာလဲ"





"ဒီကိုပဲလာတာပါအကြီး၊ နီမောင်မှားနေသည် သတင်းကြားတာနဲ့ သတင်းမေးရင်းလာတာပါ"

" အဖျားတော့ ကျသွားပါပြီ၊ ဒါပေမယ့် ကိုယ်အပူတော့ကျန်နေသေးတယ်၊ တစ်နေ့က တောင်ပေါ် တက်တာ အပေါ်မိုးချုပ်မှ ပြန်ရောက်တယ်၊ သမီးလာတာနဲ့ အဒေါ်တို့ကိုဖော်မှိုင်းဆီမှာ နွားနို့သွားယူမလို့၊ အိမ်စောင့်မရှိတာနဲ့ သမီးခဏလေးစောင့်ပေးနိုင်မလား"

" ရပါတယ်အကြီး၊ ကျမစောင့်ပေးထားပါ့မယ်"

" အေးကွယ် ကျေးဇူးပါပဲ၊ အိမ်မှာ လူခွဲမရှိတာ သိပ်အခက်တွေ့တာပဲ "

လှေခါးကို ပြန်ချပြီး မနန်းမေအောက်ဆင်းသွားသည်။

နန်းကေဇာ အိမ်ထဲဝင်လာတော့ အိပ်ခန်းကွင်းက ကုတင်ပေါ်မှာ နီမောင်အိပ်နေသည်။

အရဲစွန့်ပြီး အခန်းထဲဝင်သွားသည်။

ကုတင်ပေါ်တွင် တစ်ဖက်သို့ စောင်းအိပ်နေသော



www.burmeseclassic.com

www.burmeseclassic.com



နီမောင် ကိုယ်ပေါ်တွင် စောင်များအထပ်ထပ်ခြုံထားသည်။ သူအိပ်ပျော်နေသလား။

အနားကပ်ငုံ့ကြည့်လိုက်တော့ မျက်စိမှိတ်ထားလျှက် ငြီးသံသဲ့သဲ့ကို ကြားနေရသည်။ နန်းကေဇာ နီမောင့်နဖူးကို အသားစမ်းကြည့်လိုက်သည်။ နှင်းတောထဲမှ လာခဲ့ရသဖြင့် အေးစက်နေသော လက်အတွေ့အထိကြောင့် နီမောင်တွန့်ကနဲဖြစ်သွားပြီး မျက်လုံးဖွင့်ကြည့်လိုက်သည်။

နန်းကေဇာမျက်နှာလေး မြင်လိုက်ရသောအခါ အံ့ဩသွားသည်။

" ကေဇာ ဘယ်တုန်းကရောက်နေတာလဲ၊ အမေရော ဘယ်သွားလဲ "

" အကြီး ဦးဇော်မှိုင်းခြံမှာ နင့်အတွက် ဆွာနို့သွားယူတယ်၊ နင် အတော်ဖျားနေလားဟင်၊ ကိုယ်တွေပူနေတာလည်း အရမ်းပဲ "

ကြင်နာစွာမေးသည်။





" ဒါတောင် မနက်က ကိုယ်ပူကျသွားတာ၊ တောင်ပေါ်သွားရင်း အအေးမိလာတာပါ၊ အမေဆေးတိုက်ထားတယ်၊ တစ်ရက်နှစ်ရက်ဆိုရင်တော့ ကောင်းသွားမှာပါ၊ ကိုယ်လက်တွေကတော့ အရမ်းနာနေတာပဲ . . . "

" ငါ နှိပ်ပေးမယ်လေ "

နီမောင်က ခေါင်းခါပြသော်လည်း နန်းကေဇာက အနားတွင် ဝင်ထိုင်ပြီး နှိပ်နယ်ပေးသည်။

ချစ်သူအဆင့်သာရှိသေးသော်လည်း အကြင်နာစိတ်များက ရင်ထဲမှာပြည့်နေသည်။

" မနှိပ်ပေးပါနဲ့ဟာ၊ နင်ပင်ပန်းနေပါ့မယ် "

နီမောင်က နန်းကေဇာကို ဘယ်လိုမှ တား[illegible] သိသဖြင့် လှဲနေရာမှ ကြိုးစားထသည်။ နန်းကေဇာက [illegible] ဖေးမထူပေးပြီး နီမောင့်အတွက် ဖခါးရည်ခါးခါး ပူပူ[illegible] ယူလာပေးသည်။ ထိုဖခါးပူပူကို သောက်လိုက်မှ ရင်ထဲမှာ နွေးလာပြီး ချွေးများစို့ထွက်ကာ သက်သာလာသည်။



www.burmeseclassic.com

www.burmeseclassic.com



" နင်တောင်ပေါ်မှာ ကတိုးနီလေးတွေဆီ သွားနေတာ မဟုတ်လားဟင် "

နန်းကေဇာက လေသံတိုးတိုးဖြင့်မေးသည်။

" ဟုတ်တယ် ၊ အခု ကတိုးနီလေး ကစ်ကောင် ထပ်ပေါက်တော့ သူတို့သုံးကောင်ဖြစ်သွားပြီ၊ ကတိုးနီပေါက်လေးက သိပ်လှတာပဲ ကေဇာရယ် ၊ သူ့အမွေးနုနုလေးတွေက ကတ္တီပါစလို နီရဲပြီး အိနေတာပဲ "

" ဟင် - ဟုတ်လား ၊ ငါ ကြည့်ချင်လိုက်တာ နီမောင်ရယ် "

" မဖြစ်သေးဘူး၊ ငါတောင် အခြေအနေကြည့်ပြီး သွားနေရတာ၊ ခုတလော တောင်ပေါ်သွားရတာ အရင်ကလို လွတ်လွတ်လပ်လပ် မဟုတ်တော့ဘူး၊ တောင်ပေါ်သွားရင် ငါ့နောက်ကို ခြေရာခံလိုက်တဲ့သူတွေများလာတယ်၊ ငါတို့ ကတိုးနီတွေ့ထားတယ်ဆိုတဲ့ သတင်းက ပတ်ဝန်းကျင်ကို အတော် ပြန့်ထွက်သွားပြီထက်တယ် "





ထိုစကားကြောင့် နန်းကေဇာ မလုံမလဲဖြစ်သွားရှာသည်။

" နီမောင် "

" ဟင် "

" ငါဖွင့်ပြောရင် နင်ငါ့ကို စိတ်ဆိုးသွားမှာလားဟင် "

" မဆိုးပါဘူး၊ နင်ဘာပြောမှာလဲ ပြောလေ . . . "

" ငါတို့နှစ်ယောက်အကြောင်းကို အမေ့ကို ဖွင့်ပြောလိုက်ပြီးပြီ . . . နောက်ပြီး ကတိုးနီလေးတွေအကြောင်းပါ ဖွင့်ပြောလိုက်မိတယ် ၊ အဲဒါ နင်ကြိုက်သလို အပြစ်ပေးလေ ငါ ခံပါ့မယ် "

နီမောင်က သက်ပြင်းတစ်ချက်ချလိုက်သည်။

ညှိုးငယ်နေရှာသော ချစ်သူမျက်နှာလေးကို တစ်ချက်ကြည့်ကာ လက်ကလေးကို ဆွဲကိုင်ထားလိုက်သည်။

" ငါ နင့်ကို အပြစ်မတင်ရက်ပါဘူး ကေဇာရယ်၊ ဒါပေမယ့် ကတိုးနီတွေတွေ့ပြီးတဲ့နောက်ပိုင်းမှာ ငါ့အတွက်



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေတွေ အတော်ပြောင်းလဲလာတယ်၊ ကောင်းချင်တာ လား၊ ဆိုးချင်လို့လားတော့ မသိဘူး၊

ပင်လယ်တွေမှာတော့ ပင်လယ်ဖျံနီကို တွေ့ရင် ကံကြမ္မာဆိုးနဲ့ တိုးတက်တယ်လို့ ယူဆကြတယ်၊ ဒီအယူအဆ တွေ တကယ်မှန်ရင်တော့ ငါ့ဘဝအတွက် အကောင်းဖြစ်မလား အဆိုးဖြစ်မှာလား မသိတော့ပါဘူး ကေဇာရယ် "

" အဲဒါတွေကို စိတ်ထဲမှာသိပ်မထားပါနဲ့ဟယ်၊ ဥပါဒ် ဒဏ်ကြောင့် ဥပဒ်ရောက်နိုင်ပါတယ်၊ တကယ်တော့ အပြစ်မဲ့ တဲ့ သတ္တဝါလေးတွေဆီမှာ ဘယ်လိုအန္တရာယ်မျိုးတွေမှ မရှိနိုင် ပါဘူး"

ကြင်နာတက်သော နန်းကေဇာစကားကြောင့် စောစော က မတင်မကျဖြစ်နေသော စိတ်အစဉ်မှာ ပြန်လည်အေးချမ်း သွားသည်။

" တို့နှစ်ယောက်ရဲ့ အကြောင်းတွေကို ဦးလေးကို ဖွင့်ပြောလိုက်ပြီလား ကေဇာ "





နန်းကေဇာကပြုံး၍ ခေါင်းညိတ်ပြရင်း . . .၊

" ဟုတ်တယ် အဖေကမေးလာတာနဲ့ မထူးတော့ဘူး ဆိုပြီး ဖွင့်ပြောလိုက်တယ်၊ ဘာဖြစ်လို့လဲဟင် "

" ဘာမှမဖြစ်ပါဘူး - ဒီတော့ ဦးလေးက ဘာပြောသလဲ"

" အဖေကတော့ အကန့်အကွက်ပါဘူး၊ ငါ့သဘော အတိုင်း ဆုံးဖြတ်ခွင့် ပေးထားပါတယ် "

" အခုနေ တခြားအလုပ်တွေရှုပ်နေလို့ ဘာမှ မပြော သေးတာလဲ ဖြစ်ချင်ဖြစ်မယ်၊ တကယ်လို့ ဦးလေးက ဖျက်ရင် နင် ဘယ်လိုလုပ်မလဲဟင် "

နန်းကေဇာက နှစ်နှစ်ခြိုက်ခြိုက်ပြုံးရင်း

" အဲဒီလိုဖျက်ရင် နင့်ဆီပြေးလာမှာပေါ့ - အဲဒီ ကျတော့မှ မလာနဲ့လို့ နှင်မလွှတ်ရဘူးနော် "

မှိုင်းမောင်အနေနှင့် မခို့ဘရိုဖြင့် မျက်စောင်းချီကာ ကန့်ကလျပြောနေသော ချစ်သူ၏ ချစ်စဖွယ်အမူအယာကို ကြည့်ပြီး ခံစားနေရသော ရောဂါတစ်ဝက် ရုတ်ခြည်းသက်သာသွားသလို



www.burmeseclassic.com

www.burmeseclassic.com



ခံစားရသည်။

အချစ်မှဖြစ်ပေါ်လာသော ပီတိစိတ်သည် အစွမ်းထက်သော ဆေးဝါးများထက်ပင် အစွမ်းထက်ကြောင်း လက်တွေ့ပင်ဖြစ်သည်။

နီမောင်က ချစ်သူပခုန်းလေးကို ဖက်ထားလိုက်ရာ နန်းကေဇာက ချစ်သူ့ရင်ခွင်ဝယ် ကန္ဒဲ့ကလျ တိုးဝင်လိုက်သည်။ နှစ်ယောက်ဘဝအတွက် အကန်အသင့် အမိပ္ပာယ်ရှိလာပြီဖြစ်သောကြောင့် ဆိုးတူကောင်းဖက် တိုင်ပင်ရန်အတွက် အကောင်းဆုံး အခြေအနေပင် ဖြစ်သည်။

" ငါ တစ်ခုစဉ်းစားမိတယ်ကေဇာ "

" ဘာလဲဟင် "

" ကတိုးနီလေးတွေကို ဒီမှာဆက်ထားရင် စိတ်မချရတော့ဘူး၊ သူတို့ဒီကောင်ပေါ်မှာ ကျိန်းသေရှိနေပြီဆိုတော့ အန္တရာယ်တွေက ပိုင်းနေပြီ

ဒီကောင်တွေကို မုဆိုးတွေက ရွာတွေ့သွားရင် ဖမ်းမိ





တဲ့သူ ကိုယ်ကျိုးအတွက် အသုံးချမှာပဲ၊

လှပတဲ့ ရှားပါးတဲ့သတ္တဝါလေးတွေက ရွာတွေ့သွားရင် ဖမ်းမိတဲ့သူက ကိုယ်ကျိုးအတွက် အသုံးချမှာပဲ၊

ဒီတော့ ငါနေကောင်းသွားရင် သူတို့ကို ဟိမဝန္တာတောင်တန်းဘက် ပြန်ပို့လိုက်ရင် ကောင်းမယ်၊

နင်သဘောကရော ဘယ်လိုလဲဟင် ... "

နန်းကေဇာက သက်ပြင်းတစ်ချက်ရှိုက်လိုက်သည်။ ကတိုးနီလေးများ၏ ချစ်စဖွယ်ပုံရိပ်များကို ပြန်လည်မြင်ယောင်ရင်း စွန့်လွှတ်ရမည်ဆိုပြန်တော့လည်း စိတ်တွင် နှမြောတသဖြစ်နေမိပြန်သည်။

" နှမြောစရာကောင်းလိုက်တာနီမောင်ရယ် ...၊ အိမ်မှာခေါ် မွေးသားလို့ရရင် သိပ်ကောင်းမှာပဲနော်"

နီမောင်က နန်းကေဇာပခုန်းလေးကို ညှစ်လိုက်သည်။

" သူတို့က ရွာကိုခေါ် လာဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ဘူး၊ လူတွေကို စိတ်ချရတယ်ဆိုပေမယ့် လောဘတွေကတော့



www.burmeseclassic.com

www.burmeseclassic.com



စိတ်ချလို့မရဘူး၊

မုဆိုးတော်တော်များများတွေဟာ စည်းကမ်းမရှိကြဘူး
သတ်မှတ်ထားတဲ့ ရာသီ၊ ပိတ်ပင်ထားတဲ့ သားကောင်တွေကို
တွေ့မရှောင်ပစ်ခတ်ဖမ်းဆီးနေလို့ တိရိစ္ဆာန်မျိုးတွေ တဖြည်း
ဖြည်း ပြုန်းတီးလာတာ အခုဆိုရင် မျိုးတုံးပျောက်ကွယ်တဲ့
တိရိစ္ဆာန်တွေ ပျောက်ကွယ်ကုန်ကြပြီ၊

ဆင်ကြီးတွေကိုသတ်ပြီး အစွယ်ဖြုတ်ယူတယ်၊ ကြံ့ကြီး
တွေကိုသတ်ပြီး ဦးချိုဖြတ်ယူတယ်၊ ကျားကိုသတ်ပြီး အရေခွ
ယူတယ်၊ လိုချင်တာယူပြီး ကျန်တာတွေ ဒီအတိုင်းပစ်ထား
လိုက်ကြတယ်၊ ရှားပါးတဲ့ သတ္တဝါကြီးတွေ ဘယ်လောက် နှမြေ
ဖို့ ကောင်းသလဲကေဇာ . . . . . ”

နန်းမေဇာက ခေါင်းညိတ်ပြသည်။

“ အရင်တုန်းကဆိုရင် “ လငဘွန်” တောင်တန်းတွေ
ဘက်မှာ ကြံ့ကြီးတွေသိပ်ပေါတာပဲလို့ အဖေတို့ပြောဖူးတယ်
အခုဆိုရင် လုံးဝမတွေ့ရသလောက်ကို ရှားပါးသွားပြီ အဲ





ဘာကြောင့်လဲဆိုတော့ လူတွေမဆင်မခြင် ဖမ်းဆီးသတ်ဖြတ်
ကြလို့ပေါ့၊

တို့မြန်မာနိုင်ငံမှာ သယံဇာတပစ္စည်းတွေနဲ့ လှပရှားပါး
တဲ့ သတ္တဝါတွေ အများကြီး ရှိပါတယ်၊

အခု တို့တွေ့ထားတဲ့ ကတိုးနီလေးတွေဆိုရင် မြန်မာ
နိုင်ငံအတွင်းမှာ မရှိသလောက်ရှားပါးနေပြီလေ . . . ၊

တချို့ဆိုရင် ရှိတယ်လို့တောင် ကြားဖူးကြမှာ
မဟုတ်ဘူး၊ ဒီကောင်လေးတွေကိုဖမ်းလိုက်ရင် မျိုးတုံးပစ်လိုက်
သလို ဖြစ်သွားမှာပေါ့၊

သူတို့သဘာဝအတိုင်း တောင်တန်းတွေပေါ်မှာ
ဆက်ရှိနေရင် တဖြည်းဖြည်းနဲ့ မျိုးပွားလာကြမှာ၊ ဒါမှ မြန်မာ
နိုင်ငံမှာ ဒီလိုလှပပြီး အဖိုးတန်တဲ့ သတ္တဝါမျိုးတွေ ရှိပါလား
ဆိုတာ နောက်လူတွေ တွေ့ဖူးမြင်ဖူးနိုင်မှာပေါ့ ကေဇာ ”

“ ဟုတ်ပါတယ်၊ နင့်ရဲ့ အမျှော်အမြင်ရှိမှုတွေ လောက
သပ်နိုင်မှုတွေ၊ အကြင်နာတရား ရှိမှုတွေကို ငါလေးစားမိ



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်၊

ငါ လောဘစိတ်နဲ့ ပြောမိခဲ့တာတွေရှိရင် ခွင့်လွှတ်နော် နီမောင် "

" အိုး . . . တောင်းပန်ရမယ့်လူမှာ ကျုပ်ပါ ... ချစ်သူဆိုတာ ငါစိတ်နဲ့ အတူတူရှိတဲ့ ငါ့ရဲ့ ... လေးပဲ ခွင့်လွှတ်စရာမလိုပါဘူး "

နှစ်ယောက်သား ကြည်နူးစွာဖြင့် ရယ်လိုက်ကြသည်။ ယခုလို ချစ်သူနှင့် ကြည်နူးနေရပြန်တော့ ရောဂါဝေဒနာများ သက်သာသွားသည်ဟု ခံစားရသည်။

" သူတို့လေးတွေကို ငါဟစ်ကယ် စိတ်မချဘူး၊ ဘေးကင်းတဲ့ နေရာရောက်အောင် ပြန်ပို့ပေးလိုက်ပြီးမှ စိတ်ချလက်ချ နေလို့ရမယ် "

" ကောင်းပါတယ်နီမောင် - ငါ ဘာအကူအညီ ပေးရမလဲဟင် ပြောလေ "

" သူတို့လေးတွေ ဘေးရန်ကင်းဘို့ နှင် ဆုတောင်း





ပေးပေါ့ "

" စိတ်ချ - အသက်တစ်ကြိမ်ရှူတိုင်း တစ်ခုဆုတောင်းပေးပါ့မယ် "

" တကယ်ပိုတာပဲ "

ရယ်ရယ်မောမောဖြင့် နန်းကေဇာနဖူးပြင်ကို ငုံ့နမ်းလိုက်သည်။

နှစ်ယောက်သား ကြည်နူးနေကြစဉ် အိမ်အောက်ဖက်မှ လှုပ်ရှားသွားသော အရိပ်သဏ္ဌာန်တစ်ခုကို နန်းကေဇာ သတိပြုမိလိုက်သည်။

" ဟင် - အိမ်အောက်ဖက်က ဘယ်သူလဲနီမောင် "

" ဘယ်သူမှ မရှိပါဘူး "

" မဟုတ်ဘူး - ခုနက ရိပ်ကနဲ ဖြတ်သွားတာ ငါတွေ့လိုက်မိတယ် "

" အမေပြန်လာတာများလား "

" အကြီးပြန်လာရင် လှေခါးချခိုင်းမှာပေါ့ ၊ ခဏ



www.burmeseclassic.com

www.burmeseclassic.com



နေလိုက်အုံး၊ ငါသွားကြည့်လိုက်အုံးမယ် ”

နန်းကေဇာ နေရာမှ ထသွားပြီး ပြကင်းပေါက်မှ အောက်သို့ ငုံ့ကြည့်လိုက်သည်။ အိမ်အောက်အတွင်းအပြင်၌ ဘယ်သူ့ကိုမှ မတွေ့ရပေ။

နန်းကေဇာစိတ်ထဲမှာ မကျေမနပ်ဖြစ်သွားသည်။

“ စောစောကလူရိပ်ကို ငါ အသေအချာ မြင်လိုက်ရက်သားနဲ့ အခုဘယ်သူမှမရှိဘူး၊ အတော်ထူးဆန်းတယ် ”

မကျေမနပ်ဖြင့် အခန်းထဲ ပြန်ဝင်လာခိုက်မှာ အောက်တစ်နေရာမှ အပြင်သို့ထွက်သွားသော အရိပ်သဏ္ဍာန်တစ်ခုကို နန်းကေဇာ မမြင်မိလိုက်တော့ပေ . . .။





အခန်း(၁၆)

ဇာမုန်းထန်၏ လက်ကြမ်းကြီးသည် မနန်းမေ၏ ပါးပြင်ပေါ်သို့ “ ဖြောင်း ” ကနဲ ကျသွားသဖြင့် ကြမ်းပြင်ပေါ်သို့ လဲကျသွားသည်။

“ နင် ငါ့ကို မတရားမနိုင့်ပိုင်စက်နဲ့ ဇာမုန်းထန်၊ နင်နဲ့ လက်ထပ်ပြီးကတည်းက မယားတစ်ယောက်အနေနဲ့ ငါ ချို့ယွင်းချက်တွေ ဘာများရှိခဲ့လို့လဲပြောစမ်း ”

မနန်းမေက ပါးစပ်မှ စီးကျလာသော သွေးစက်ကို လက်ဖြင့်သုပ်ရင်း ဒေါသသံဖြင့် မေးသည်။

“ သိပ်ရှိတာပေါ့နန်းမေ . . ၊ နင်ရဲ့ချို့ယွင်းချက်တွေ အပစ်တွေအများကြီးရှိတာပေါ့၊ နင်သာ ငါ့အပေါ် အိမ်ထောင်



www.burmeseclassic.com

www.burmeseclassic.com



ဦးစီးတစ်ယောက်အနေနဲ့ လင်သားတစ်ယောက်အနေနဲ့ သတ်မှတ်တယ်ဆိုရင် နှင်သိထားတာတွေ ငါ့ကို ပြောပြသင့်တာပေါ့ ”

ဇာမုန်းထန်က လူကြမ်းတစ်ယောက်လေသံဖြင့် ပြောသည်။

“ ငါက ဘာပြောရမှာလဲ ... ”

“ နှင့်အရင်ယောက်ျား မသေခင်က တွေ့ထားခဲ့တဲ့ ခန်းတောက်မြစ်သိုက်ကြီး ဘယ်ဘက်မှာ ရှိတယ်ဆိုတာ ငါ့ကို ပြောပြသင့်တာပေါ့ ”

“ ငါ ဘာမှမသိဘူး ”

“ နှင် လိမ်နေတာနန်းမေ ... ”

“ ဒီမှာ ဇာမုန်းထန် နှင် ငါ့ကိုယူတာ ချစ်လို့ခင်လို့ မဟုတ်ဖူးဆိုတာ ငါသိတယ်၊ နှင်ဟာ ဒို့သားမိအတွက်တော့ မိစ္ဆာကောင်ပဲ ... ”

“ အေး ဟုတ်တယ်... ငါ နှင့်ကိုယူခဲ့တာ မေတ္တာရှိလို့





မဟုတ်ဖူး၊ ချစ်လို့မဟုတ်ဖူး၊ ငါလိုချင်တာ ရမလားလို့ ယူခဲ့တာ ဒါပေမယ့် နှင်က ငါထင်တာထက်ပိုပြီး ခေါင်းမာတယ် ”

“ အဟင်းယင်း ..... နှင့်မှာ အဲဒီသိုက်ဓါတ်မြေ ရှိတယ်ဆိုတာ သိရတော့ ပိုကောင်းတာပေါ့ .... ဒီမှာ ဇာမုန်းယန် တကယ်လို့ ငါ့ဆီမှာ နှင်သိချင်တဲ့ အကြောင်းအရာမျိုး ရှိတယ်ဆိုရင်တောင် ဘယ်တော့မှမပြောဘူး မှတ်ထား”

“ တော်တော်လူပါးဝတဲ့မိန်းမ ”

ဇာမုန်းထန်က နောက်တစ်ချက်ရိုက်ရန် ရှေ့သို့ တိုးသွားစဉ် နောက်မှအသံတစ်သံ ပေါ်လာသည်။

“ ခင်ဗျား ကျုပ်အမေကို လုံးဝမထိပါနဲ့ [illegible] ”

နောက်မှ နီမောင့်အသံကြောင့် ဇာမုန်းထန်[illegible] တုန့်သွားပြီး နောက်လှည့်ကြည့်သည်။

အိမ်ပေါက်ဝတွင် ခါးသောက်ချပ်နေသော [illegible] တွေ့ရသည်။

“ ငါပိုင်တဲ့ မိန်းမကို ငါကြိုက်သလို [illegible]



www.burmeseclassic.com

www.burmeseclassic.com



" ခင်ဗျားက မယားပဲတော်ထား၊ ကျုပ်ကအမေပျ အမေ၊ အမေတစ်ယောက်ကို နှိပ်စက်နေတာကို လက်ပိုက်ကြည့်နေမယ့်သား လောကမှာမရှိဘူး "

" မင်းတို့သားအမိ သိပ်လူပါးဝတယ် "

" ဒီမှာဇာမုန်းထန် ခင်ဗျား သိပ်သိချင်နေတဲ့ ခန်းတောက်မြစ်သိုက်ရှိတဲ့နေရာကို သိချင်ရင် နောက်နှစ်ရက်ကြာရင် ခါကာဘိုရာဇီတောင်ပေါ်ကို တက်လာခဲ့၊ ဟိမဝန္တာ တောင်တန်းတွေရဲ့အစပ်မှာ ကျုပ်ရှိနေမယ် "

ဒါပဲပြောပြီး နီမောင်အိမ်အောက်သို့ ပြန်ခုန်ဆင်းသွားရာ ဇာမုန်းထန်မှာ ဘာမှမပြောနိုင်ဘဲ အံကြိတ်ရင်း ကျန်ရစ်ခဲ့လေသည်။





## အခန်း (၁၇)

ရာသီဥတုအခြေအနေက သိပ်မကောင်းလှပေ၊ နှင်းမုန်တိုင်း ကျတော့မည့် အရိပ်နိမိတ်များ ယှက်သန်းနေသောကြောင့် ပတ်ဝန်းကျင်တစိုက် အုံ့အုံ့ [illegible] ှံ့ညှို့ မှိုင်းမှိုင်း ရှိနေတော့သည်။

တောင်ပေါ်တွင် နှင်းမုန်တိုင်းသည် အချိန်အခါမရွေး နေရာမရွေး ကျလာနိုင်သောကြောင့် မုဆိုးများ၊ တောင်ပေါ်တက်သူများ ရှာပြန်နားနေကြသည်။

ထိုအခြေအနေကပင် နီမောင်စောင့်ဆိုင်းနေသော အခွင့်အရေးဖြစ်တော့သည်။

ထို့ထက်ကျေနပ်စရာကောင်းသော အခြေအနေကတော့ မိမိအား အမြဲတစေ စောင့်ကြည့်နေကြသော ဝမ်ရှိန်တို့ အုပ်စုမှာ ရသမျှ ပစ္စည်းများကို စုဆောင်းပြီး နယ်စပ်သို့ တစ်ကျော့ပြန်ပို့နေကြသည်။

ဇာမုန်းထန်ကလည်း အမေနှင့် ရန်ဖြစ်ပြီး ငွေပစ္စည်း

www.burmeseclassic.com



အချို့ကိုယူကာ ဝန်ဆန်ရွာသို့ ပြန်သွားသဖြင့် မိမိအတွက် လွတ်လွတ်လပ်လပ် ရစေတော့သည်။

ယို့အခွင့်အရေးမှာ မိမိဆန္ဒကို အကောင်အထည်ဖော်ရန် အကောင်းဆုံးမို့ လက်နက်ပစ္စည်းများ ယူဆောင်ကာ ရွာမှ တိတ်တဆိတ် ထွက်လာခဲ့သည်။

ရွာမှလူများ အပြင်မထွက်ကြကြောင်း အလုံပိတ်ထားသော ရွာတံခါးကို ကြည့်ရုံဖြင့် သိနိုင်ပေသည်။ နီမောင် မိမိ ထွက်တာကို မသိစေလိုသောကြောင့် ရွာတံခါးကို မဖွင့်တော့ပဲ ခြံစည်းရိုးကို ကျော်ပြီး အပြင်သို့ ထွက်ခဲ့သည်။

ရွာအပြင်သို့ ရောက်သည်နှင့် စိတ်လက်ပေါ့ပါးစွာဖြင့် ခတ်သုတ်သုတ် လျှောက်ခဲ့သည်။

သူ့အနေနှင့် တစ်နေ့က ဇာမုန်းထန်နှင့် ပြသနာ ပေါ်ခဲ့ပြီးကတည်းက သွားသတိ၊ လာသတိဖြင့် လက်နက်များကို ကိုယ်နှင့်မကွာ ယူဆောင်လေ့ရှိသောကြောင့် ဓါး၊ လှံတို့နှင့် ဒူးလေး၊ မြားဘူး စသည်တို့ ပါလာသည်။

မြိုက်စာပေ



ရာသီဥတုက အုံ့မှိုင်းနေဆဲ ...။

မုန်တိုင်းမကျမီ ငြိမ်သက်ခြင်းမျိုး ဖြစ်တန်ကောင်းသည်။ အေးရမည့်အချိန်တွင် မအေးပဲ ပူအိုက်အိုက်ကြီး ဖြစ်နေခြင်းကပင် မုန်တိုင်း၏ အရိပ်အငွေ့ကို အယောက်အကူ ဖြစ်နေစေ၏။

ဘယ်လိုပင်မုန်တိုင်းပင်ဖြစ်စေ နီမောင် မမှုပါ။ ကကြီးနီ များကို လွတ်လပ်၍ အန္တရာယ်ကင်းသော နေရာသို့ ပို့နိုင်ရန်သာ စိတ်စောနေမိတော့သည်။

တောင်ပေါ်ရောက်သောအခါ တောင်စောင်းတစ်နေရာရှိ သစ်ပင်ကြီးတစ်ပင်အောက်တွင် တစ်ကြိမ်ဆုံဖူးသော ဝက်မြူးစင်ကြယ်နှင့် အဖိုးအိုကို တွေ့ရသဖြင့် နီမောင် အံ့ဩသွားသည်။

သူ့ကြောင့် အနားသွားပြီး လက်အုပ်ချီကာ ကန်တော့လိုက်သည်။

" အဘနေကောင်းရဲ့လား "

မြိုက်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"အေး ကောင်းပါတယ်ကွယ် - ငါ့သားရော ဘယ်သွားမလို့လဲ"

"တောင်ပေါ် သွားမလို့ပါ အဘ"

"တောင်ပေါ်မှာ မကြာခင် မုန်တိုင်းကျတော့မယ်၊ အန္တရာယ် သိပ်များမယ်"

"ဟုတ်ကဲ့ အဘ - ကျွန်တော်ကိစ္စလေး သိပ်အရေးကြီးနေလို့ မသွားရင် မဖြစ်လို့ပါ"

အဘိုးအိုက ငြင်သာစွာ ပြုံးလိုက်ပြီး ၊

"မင်း ကတိုးနီလေးတွေဆီ သွားမလို့မဟုတ်လား"

"ဗျာ . . . ."

နီမောင် အံ့သြသွားသည်။

သူက ကတိုးနီတွေဆီကို သွားမှာကို အဖိုးက ကြိုသိနေပါလား။ အံ့သြစရာပါပဲ . . . ၊

"အဘက ကတိုးနီတွေအကြောင်းကို သိနေတယ် ဟုတ်လား"





"သိတာပေါ့ကွယ် - အဘက တောင်ပေါ်မှာ အမြဲနေ
တာ တောင်ပေါ်က အကြောင်းတွေကို သိနေတယ် ဟုတ်လား"

"သိတာပေါ့ကွယ် - အဘက တောင်ပေါ်မှာ အမြဲနေ
တာ တောင်ပေါ်က အကြောင်းတွေကို သိတာပေါ့ . . . "

နီမောင်က အဖိုးအို အမူအယာကို အကဲခပ်ကြည့်လိုက်
တော့ လောဘ, ဒေါသ, မောဟ, များ ကင်းစင်လျှက် ပကတိ
အေးချမ်းမှု အသွင်ကို မြင်ရသဖြင့် စိတ်ချလက်ချ ဖြစ်သွားသည်။

"ဟုတ်ပါတယ် အဘ - ကျွန်တော် တောင်ပေါ်မှာ
ကတိုးနီလေးတွေကို တွေ့ထားတာ ကြာပါပြီ ၊ အခု သူတို့လေး
တွေမှာ အန္တရာယ်တွေ ဝိုင်းလာပြီမို့ သူတို့ကို အိမ်လွှာဘက်
ပြန်ပို့ပေးမလို့ စိတ်ကူးပြီး ထွက်လာခဲ့တာပါ အဘ"

အဖိုးအိုက ခေါင်းညိတ်ပြသည်။

"ငါ့သားရဲ့ ကြင်နာတက်တဲ့ စိတ်သ . . . တို့တော့
အဘ သာဓုခေါ်ပါတယ် . . . ၊ လောကမှာ . . . ရှင်ရင်
ကောင်းတာပဲရတယ်၊ မကောင်းတာမရဘူး . . . ကောင်းတာ



www.burmeseclassic.com

www.burmeseclassic.com



လှုပ်ရှင်လဲ ကောင်းတာကို ဘယ်တော့မှမရနိုင်ဘူး၊ မကောင်းတာကိုပဲ ရတယ် "

ဒီအချိန်မှာ တောင်ပေါ်မှာ မင်းအတွက် အန္တရာယ်တွေရှိနေတယ်၊ သွားသတိ၊ လာသတိ ရှိပါစေ၊

ကောင်းကျိုးဆောင်ရွက်သူအတွက် ကောင်းတာတွေပဲ ဖြစ်ပါစေကွယ် "

နီမောင် **အဖိုးအိုကို** နှုတ်ဆက်ကန်တော့ပြီး တောင်ပေါ်ခရီး **ဆက်ခဲ့သည်။**

မကြာမီ ကတိုးနီမျှားခိုအောင်းနေသော ဂူအနီးသို့ ရောက်လာသည်။

ဂူပေါက်ဝမှာ ခြေရာလက်ရာမပျက် ပိတ်နေဆဲပင်။ နီမောင် ဂူပေါက်ဝကို ဖွင့်ပြီး အတွင်းသို့ဝင်လိုက်သည်။ ဂူအဝပိုင်းတွင် ယခင်လာက သူဖိုထားခဲ့သော မီးဖိုမှ တင်းရှူးအားအမြစ်ဆုံကြီးများပင် မီးမငြိမ်းသေး၊ သို့ကြောင့် ဂူထဲမှာ အနွေးဓာတ်ရနေသည်။

မြိုတ်စာပေ

**ကြဲစဏ္ဍ**

သူဝင်သွားတော့ မီးပုံနားတွင် ကတိုးနီသုံးကောင် အိပ်နေကြသည်။ သူ့ခြေသံကြားတော့ အလန့်တကြား ခေါင်းထောင်ကြည့်ပြီး အေးအေးဆေးဆေး ပြန်အိပ်သွားသည်။ ကတိုးနီများကို ကြည့်ကာ သူစိတ်မကောင်းဖြစ်သွားမိသည်။

သူတို့အတွက် ဒီနေရာသည် အလုံခြုံဆုံး အအေးချမ်းဆုံးဟု ထင်ကာ ထိုမျှအေးအေးဆေးဆေး နေကြခြင်းဖြစ်သည်။

" အရင်တစ်ခါ မုန့်တိုင်းကြီးကျစဉ်က မင်းတို့ ဒီနေရာကို ရောက်ခဲ့ကြတယ် "

ဒီတစ်ခါ မုန်တိုင်းကြီး ကျခါနီးကျမှ မင်းတို့ ဒီနေရာက သွားကြရတော့မယ် ၊ မင်းတို့မှာ အန္တရာယ်တွေ ဝိုင်းနေပြီ၊ ဒီနေရာဟာ မင်းတို့အတွက် လုံခြုံမှု မပေးနိုင်တော့ဘူး၊ တစ်နေ့မဟုတ် တစ်နေ့ အန္တရာယ်တွေနဲ့ တွေ့မှာပဲ၊

ဒါကြောင့် အခုလို ရာသီဥတုက မင်းကို့အတွက် အကာအကွယ်ပေးတုန်း ၊ မင်းတို့ ဒီကသွားကြရတော့မယ်၊ ငါ မင်းတို့

မြိုတ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



**လေးတွေကို ချစ်ပါတယ်၊ သံယောဇဉ်ရှိပါတယ်၊**

ဒါပေမယ့် မင်းတို့အသက်အန္တရာယ်နဲ့ ငါ့ရင်ထဲက အတ္တသံယောဇဉ်နဲ့ မလဲရက်ပါဘူး။

မင်းတို့ကို ငါနှင်ထုတ်ပါရစေ ကတိုးနီလေးတွေရယ်"

နီမောင် ရင်ထဲမှာ စကားသံများက ပဲ့တင်ရိုက်ခတ်လျှက်ရှိသည်။ ခွဲခွာခြင်းသည် နှောင်တင်းထားပြီး ဖြစ်သော သံယောဇဉ်ကြိုးအား ထိခိုက်လာသောအခါ နှလုံးသားမှတစ်ဆင့် ဝမ်းနည်းခြင်း၊ လွမ်းဆွတ်ခြင်း၊ နာကျင်ခြင်း၊ နှမြောတသခြင်း စသည်တို့ကို ဖြစ်ပေါ်လာတော့သည်။

အချိန်သပ်မရှိတော့သဖြင့် အိပ်နေသော ကတိုးနီများကို လှန့်နှိုးလိုက်ရာ အိပ်နေရာမှ အလန့်တကြား ထလာကြသည်။ နီမောင် ကတိုးနီသုံးကောင်ကို ဂူအပြင်သို့ မောင်းထုတ်လိုက်သည်။

ကတိုးသုံးကောင်က ဂူအပြင်သို့ မထွက်ချင်ဟန်ဖြင့် ပေကပ်ကပ်လုပ်နေသဖြင့် ခတ်ကြမ်းကြမ်း မောင်းထုတ်လိုက်





သောအခါမှ အပြင်သို့ ထွက်ကြသည်။ ဂူအပြင်သို့ ရောက်လျှင် မုန်တိုင်းကျတော့မည့်လက္ခဏာ တွေ့ကြသဖြင့် ဂူထဲပြန်ဝင်ရန် အတင်းကြိုးစားပြန်သဖြင့် နီမောင်က ကျောက်တုံးတစ်တုံးဖြင့် ဂူပေါက်ဝအား ပိတ်ပစ်လိုက်သည်။ ထို့နောက် ကတိုးသုံးကောင်အား ခါကာဘိုရာဇီနောက်ဘက်သို့ ဦးတည် မောင်းထုတ်လေသည်။

ကတိုးသုံးကောင်က မုန်တိုင်းအရှိန်ကိုကြောက်ပြီး ထိုနေရာမှ မခွာလိုသောကြောင့် တုတ်တစ်ချောင်းဖြင့် ခက်ကြမ်းကြမ်း မောင်းထုတ်ရာမှ မြောက်ဖက်တောင်ကျောဘက်သို့ ခတ်သုတ်သုတ် ဆင်းသွားကြသည်။

ထိုအချိန်တွင် တောင်ပေါ်တွင် လေပြင်းများကျစပြုလာပြီဖြစ်ရာ ကတိုးသုံးကောင်မှာ ကြောက်လန့်တကြားဖြင့် ဟိုပြေးသည်ပြေး လုပ်ကြသဖြင့် နီမောင်မှာ မနည်း ထိန်းကျောင်းမောင်းနှင်ရင်းကြားမှ ကတိုးပေါက်ကလေးမှာ မခိုင်သောကြောင့် တောင်အောက်သို့ပြုကျသွားလေတော့သည်။



www.burmeseclassic.com

" ဟာ "

နီမောင် အလန့်တကြားပြေးသွားပြီး အောက်သို့ ငုံ့ကြည့်လိုက်တော့ ကတိုးနီကလေးမှာ ချောက်ကမ်းပါးစွန်းတွင် တင်နေသည်။

အောက်ဖက်မှာတော့ နက်ရှိုင်းလှသော ချောက်ကြီး၊

ကတိုးနီနှစ်ကောင်ကတော့ ကမ်းပါးစွန်းမှာ ဟိုပြေး သည်လွှားနှင့် ပြာဝေသောင်ခတ်နေကြသည်။

နီမောင်အောက်သို့ ငုံ့ကြည့်လိုက်တော့ လေတိုက်နှုန်းက မြန်နေသဖြင့် အသည်းအေးဖွယ်ရာပင် . . .။

" ငါ ဘယ်လိုဆင်းယူရပါမလဲ "

မဖြစ်ဘူး၊ ဒီကောင်လေးကို ရအောင်ဆင်းကယ်မှ ဖြစ်မယ်၊ မဟုတ်ရင် ဟိုနှစ်ကောင်ကို ဒီနားက ဘယ်နည်းနဲ့မှ မောင်းထုတ်လို့ရမှာမဟုတ်ဘူး "

နီမောင်ဆုံးဖြတ်ချက်ချပြီး ခါးကြားမှကြိုးခွေကိုဖြုတ်ပြီး တောင်ဇောင်းမှ သစ်ပင်တစ်ပင်၌ ခိုင်အောင်ချည်သည်။ ကျွန်





တစ်စကို ခါးတွင်ပတ်ချည်ကာ ကြိုးစကိုကိုင်ပြီး တောင်ဇောင်းမှ အောက်သို့ လျှောဆင်းသည်။

လေတိုက်နှုန်းများသောကြောင့် နားထဲတွင် တဝိုးဝိုး အသံများ ကြားနေရပြီး ဟန်ချက်ငြိမ်အောင် မနည်းကြိုးစား ထိန်းဆင်းရသည်။

မကြာမီ ကတိုးနီပေါက်ကလေးရှိရာ ကမ်းပါးစွန်းသို့ ရောက်သွားသည်။

အပေါ်မှ ကတိုးနီနှစ်ကောင်က သနားစဖွယ် ငုံ့ကြည့် နေကြသည်။

နီမောင် ကတိုးနီကလေးကို လက်တစ်ဖက်နှင့်ထိန်းကိုင် ပြီး ကျန်လက်တစ်ဖက်ဖြင့် အားယူကာ တောင်ပေါ်ပြန်တက် သည်။ တစ်ကြိမ်တွင် ခြေကန်တက်နေသော ချောက်နံရံ ကျောက်တုံးပဲ့ထွက်သွားပြီး လေထဲမှာ ဘန်းလန်း [illegible] တော့သည်။

သူ့ရင်ခွင်ထဲမှ ကတိုးနီကလေးမှာ ကြောက်[illegible]

www.burmeseclassic.com



တဆက်ဆက် တုန်နေရှာသည်။

ထိုအချိန်တွင် သူကိုင်ထားသောကြိုးကို တစ်စုံတစ်ယောက်က ဆွဲတင်သလို သိလိုက်ပြီး မကြာမီ နီမောင်တောင်ပေါ်ပြန်ရောက်သွားသည်။ တောင်စောင်းပေါ်ရောက်တော့ မိမိကြိုးကို ဆွဲတင်ပေးသူကို ရှာကြည့်လိုက်တော့ မည်သူ့ကိုမှ မတွေ့ရတော့ပဲ ဝေ့ဝဲနေသော နှင်းမှုန်များသာ တွေ့ရသည်။

အံ့ဩစရာပဲ ၊

" ငါ့ကိုကယ်လိုက်တာ ဘယ်သူပါလိမ့် "

အပေါ်ရောက်တော့ ကတိုးပေါက်ကလေးနားသို့ ကတိုးနီနှစ်ကောင် ပြေးလာပြီး လျှာဖြင့်ဝိုင်းလျှက်ပေးကြသည်။ ထိုမြင်ကွင်းကိုကြည့်ပြီး နီမောင်အမောပြေသွားသည်။

" မင်းတို့ကို ဒီအတိုင်းမောင်းနေလို့ကတော့ ခရီးတွင်မှာ မဟုတ်ဘူး၊ ဒီတော့ . . . "

နီမောင် ကတိုးနီလေးကို လည်ပင်းကြိုးဖြင့်ချည်ကာ





ရှေ့မှဆွဲခေါ်ပြီး လျှောက်တော့မှ နောက်မှကတိုးနီနှစ်ကောင် ဖြောင့်ဖြောင့်တန်းတန်း လိုက်ကြတော့သည်။

ယခုမှ နီမောင့်အတွက် အဆင်ပြေသွားတော့သည်။ ကတိုးနီနှစ်ကောင် တစ်ခါတစ်ရံ ရှေ့မှသွား၍ တစ်ခါတစ်ရံ နောက်မှလိုက်သည်။

နောက်မှလိုက်သော အခါများတွင် နီမောင် ရှေ့မှသွားရာလမ်းအတိုင်းလိုက်ပြီး ၎င်းတို့ရှေ့မှသွားလျှင် နီမောင်က သူတို့သွားရာနောက်သို့ လိုက်ရသည်။

ဤသို့ဖြင့် အချိန်အတော်ကြာသောအခါ ခါကာဘိုရာဇီ နယ်နိမိတ်ဘက်အထိ ခရီးရောက်လာလေတော့သည်။ ထိုနေရာများမှာ သာမန်မုဆိုးတို့ မရောက်နိုင်သော နယ်မြေစိမ်းများ ဖြစ်တော့သည်။

တစ်နေရာရောက်သောအခါ ရှေ့မှကတိုးနှစ်ကောင်မှာ တောင်စောင်းတစ်နေရာသို့ ဖြောင့်ဖြောင့်ကြီး လျှောက်သွားရာ နီမောင်ကလဲ နောက်မှလိုက်သွားရင်း



www.burmeseclassic.com

www.burmeseclassic.com



" ဒါသူတို့နေရာရောက်အောင် ကိုပြန်လာတဲ့လမ်းများလားမသိဘူး၊ ဒါကြောင့် ဖြောင့်ဖြောင့်တန်းတန်း ရှေ့က သွားနေကြတာဖြစ်မယ် . . . ၊

ခါကာဘိုရာဇီ နယ်နိမိတ်ကျော်ရင်တော့ သူတို့အတွက် စိတ်ချရလောက်ပြီ ၊

ဒီနေရာထက်ကျော်ပြီးလိုက်လို့လဲ မကောင်းတော့ဘူး၊ တော်ကြာ - ငါ့အပြန်ခက်နေလိမ့်မယ် . . . "

ထိုသို့တွေးမိသည်။

ကတိုးနီနှစ်ကောင်မှာ နီမောင်အား ရှေ့မှ လမ်းပြခေါ်နေမှန်း သိသာလှသည်။

သူက တစ်ဖက်လမ်းမှသွားရန် ယာန်ပြသော်လည်း မလိုက်တော့ပဲ သူတို့သွားရာလမ်းအတိုင်း ဖြောင့်ဖြောင့်မတ်မတ် သွားကြလေသည်။

တောင်ပတ်လည် ဝန်းရံထားသော အလယ်တွင် လွင်ပြင်သဏ္ဌာန်ဖြစ်နေသော ချောက်ကမ်းပါးစွန်းနေရာသို့





ရောက်သောအခါ နှစ်ကောင်စလုံး ရပ်သွားသည်။

" ဘာဖြစ်လို့ပါလိမ့် "

နီမောင် ရှေ့သို့အသေအချာကြည့်လိုက်ကော့ ဝေ့ဆိုင်းလျှက်ရှိသော နှင်းမှုန်များကြားမှာ ကိုယ့်မျက်စိကိုပင် ကိုယ်မယုံနိုင်လောက်အောင် အံ့ဩသွားတော့သည်။ အခြားမဟုတ်ပေ၊

တောင်သုံးလုံးဆိုင်နေသော လွင်ပြင်ထဲမှာ တစုတဝေးထဲ မြောက်များစွာ ပေါက်နေသော ခန်းတောက်ပင်တွေကို တွေ့လိုက်ရလေတော့သည်။

ခန်းတောက်မြစ်သိုက်ကြီး၊

ခန်းတောက်မြစ်သိုက်ကြီး၊

ခန်းတောက်မြစ်သိုက်ကြီး၊

ကြည့်နေရင်း ရင်ထဲမှာ ဝမ်းသာစိတ်ကြောင့် ကလှပ်လှပ် အခုန်မြန်လာတော့သည်။

ယခုမြင်နေရသော ခန်းတောက်ပင်များရှိရာ နေရာမှာ ခါကာဘိုရာဇီဘက်မှ အဝေးလှသော နေရာတွင် ရှိမှန်း နီမောင်



www.burmeseclassic.com

www.burmeseclassic.com



ခန့်မှန်းမိသည်။

သူ့တစ်သက်တာ ထိုမျှများပြားစွာ ပေါက်နေသော ခန်းတောက်ပင်များကို မမြင်ဖူးပေ။

တစ်ပင်ချင်း နှစ်ပင်ချင်း တွေ့ရန်ပင် ခဲယဉ်းလှသော ခန်းတောက်မြစ်ပင်များကို အဘိုးတန် ခန်းတောက်မြစ်များအား မျက်စေ့တစ်ဆုံး မြင်နေရသဖြင့် နီမောင်မျက်စိထဲတွင် ရတနာများ ဖြန့်ခင်းထားသလို ပြောင်းလဲမြင်ယောင်နေမိတော့သည်။

" ဒီလောက်များတဲ့ ခန်းတောက်ပင်တွေ ရှိတယ်ဆိုတာ ဒီတစ်ခါပဲ တွေ့ဖူးတော့တယ်၊ အဖေမသေခင်က မျက်စိလည်ပြီး ရောက်ခဲ့တယ်ဆိုတာ ဒီနေရာပဲဖြစ်ရမယ်၊

ငါတော့ ဆင်းရဲတွင်းက လွတ်ပြီ -

နီမောင် ဝမ်းသာအားရဖြစ်နေစဉ် ကတိုးသုံးကောင်က ရှေ့ဆက်မသွားပဲ တောင်စောင်းတစ်နေရာမှ ရပ်ကြည့် နေကြသည်။

" မင်းတို့ ငါ့ကိုကျေးဇူးပြန်ဆပ်တာလား ကတိုးနီလေး





တွေ့ရယ် "

ထိုသို့တွေးနေစဉ် အခြားတောင်စောင်းတစ်နေရာမှ လူရိပ်တစ်ခု ပေါ်လာသည်။

ဇာမုန်းထန် . . .။

" ငါကွာ - မင်းနောက်ကိုခြေရာခံပြီးလိုက်ရတာ မောနေတာပဲ၊ တွေ့မယ့်တွေ့တော့လဲ ငါလိုချင်တဲ့ ကတိုးနီတွေရော ခန်းတောက်မြစ်တွေရောပဲ ၊ ငါ့ရည်ရွယ်ချက်တွေ အခုမှ ပြည့်တော့တယ်, ဟား ဟား ဟား "

ဇာမန်းထန်ရယ်သံမှာ တောင်ကမ်းပါးယံတဝိုက် ပဲ့တင်ထပ်သွားတော့သည်။

ဇာမုန်းထန်က ဒူးလေးဖြင့် ချိန်ထားသည်။

ထိုသေအဆိပ်လူးမြားမှတစ်ပါး အခြားတပ်မည်မဟုတ်မှန်း သိသဖြင့် နီမောင် အခြေအနေကြည့်ရင်း ငြိမ်နေလိုက်သည်။

" မင်း ငြိမ်ငြိမ်နေနီမောင် ၊ ငါ ကတိုးနီကိုးစမယ် "



www.burmeseclassic.com

ဇာမုန်းထန်က ဖျက်ကနဲ ဒူးလေးမြားဦးကို ကတိုးနီများဘက်သို့ လှမ်းလိုက်စဉ် နီမောင်က " ဟေး " ကနဲဟု အသံကုန်အော်ဟစ်လိုက်ရာ ကကိုးနီများ အလန့်တကြား ပြေးသွားကြသည်။

ဇာမုန်းထန်က မြားဖြင့်ပစ်သော်လည်း နောက်ကျသွားသဖြင့် ပစ်မှတ်ကို မထိပေ။

ဇာမုန်းထန် နောက်တစ်ကြိမ် ဒူးလေးမောင်း မတင်နိုင်ခင် နီမောင်က လှံကိုဖြုတ်ပြီး ပြေးဝင်သွားသည်။ အနီးရောက်တော့ ဇာမုန်းထန်က ဒူးလေးနှင့် ဆီးရိုက်သည်၊ ငုံ့ပေးလိုက်၍ ခေါင်းပေါ်မှ ဗျိုးကနဲထွက်သွားသည်။ နီမောင်က လှံနှင့်ဝင်ထိုးသည်။ ဇာမုန်းထန်က လွတ်အောင်ရှောင်ပြီး နောက်သို့ခုန်ဆုတ်သွားသည်။

" ဒီနေ့တော့ မင်းကိုသတ်ရမှာဖြစ်မယ်၊ မင်းလဲ ငါ့လက်ချက်နဲ့ မင်းအဖေလမ်းကို လိုက်ဖို့သာပြင်ပေတော့ပေါ့ "

နီမောင့်ဒေါသစိတ်တွေ အထွဋ်အထိပ် ရောက်သွား

မြိတ်စာပေ



သည်။ ဇာမုန်းထန်က ဒူးလေးကို လွှင့်ပစ်ကာ ဓါးရှည်ကို ဆွဲထုတ်ပြီး နီမောင်ကို တရကြမ်းဝင်တိုက်တော့သည်။ ဇာမုန်းထန်မှာ အသက်ကြီးသော်လည်း ကြံ့ခိုင်သန်စွမ်းမှု ရှိရုံမက ကိုယ်ခံပညာပါ အတန်အသင့်တတ်ကြောင်း ဓါးကိုင်ပုံ၊ ဓါးခုတ်ပုံကို ကြည့်ပြီး နီမောင် သိလိုက်ရသဖြင့် သတိကြီးစွာထားပြီး ရှောင်တိမ်းတိုက်ခိုက်နေရတော့သည်။

တစ်ကြိမ်တွင် ဇာမုန်းထန်ဓါးချက်ကြောင့် နီမောင့်လှံလွင့်ထွက်သွားသဖြင့် နီမောင် လက်နက်မဲ့သွားပြီး နောက်သို့ဆုတ်ပေးလိုက်ရတော့သည်။

တဖြည်းဖြည်းနှင့် ဆုတ်ပေးရာ ချောက်ကမ်းပါးစွန်းသို့ ရောက်သောအခါ မဆုတ်သာတော့ပေ။

ဇာမုန်းထန်က နီမောင်အား အပြီးသတ်ပွဲသိမ်းပစ်ရန် ပြင်ဆင်စဉ် ကျောက်ဆောင်ကြားမှ အနိမ့်မည်းကြီးတစ်ခု ပေါ်လာပြီး ကျယ်လောင်သော အော်ဟစ်သံကြီးနှင့်အတူ ဇာမုန်းထန်ဆီသို့ ပြေးဝင်လာ တော့သည်။

မြိတ်စာပေ

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ဇာမုန်းထန်မှာ နောက်ထပ်ဝင်လာသော အန္တရာယ်ကြောင့် တအံ့တသြဖြစ်နေစဉ် အလွန်ကြီးသော လူဝံနီကြီးက ဇာမုန်းထန်ခါးမှ ကိုင်မြှောက်ကာ တောင်ဇောင်းနှင့် ရိုက်ချလိုက်တော့သည်။

" အား "

ဇာမုန်းထန်၏ ကြောက်မက်ဖွယ်ကောင်းသော အော်သံကြီးမှာ ပတ်ဝန်းကျင်တဝိုက် ပဲ့တင်ထပ်သွားတော့သည်။

ထို့နောက် လူဝံနီကြီးက ဇာမုန်းထန်ကို ချောက်ကမ်းပါးကြီးအတွင်း ပစ်ချလိုက်လေတော့သည်။

သွားပြီ ၊

ဒုစရိုက်သမားတစ်ယောက်တော့ ဇာတ်သိမ်းသွားပြီ။ နီမောင်မှာ မယုံနိုင်လောက်အောင်ရှိသော အခြေအနေကြောင့် ကမ်းပါးစွန်းတွင် မလှုပ်ရှားနိုင်အောင် ရှိနေစဉ် လူဝံကြီးက သူ့အား တစ်ချက်လှမ်းကြည့်ပြီး တောင်ကုန်းထိပ်ဘက်သို့





ထိုသို့ရှေ့ရှုတ်ရင်း နီမောင့်ရင်ထဲမှာ ဝမ်းနည်းကြေကွဲခြင်းကြောင့် ဆို့နင့်နေသည်။

သူ့မျက်ဝန်းထဲတွင် မျက်ရည်စများ ရစ်ဝဲနေလျှက်။



www.burmeseclassic.com

www.burmeseclassic.com



ပြန်တက်သွားတော့သည်။

ထိုအချိန်တွင် စောစောကနေရာတွင် ကတိုးနီ သုံးကောင် ပြန်ရောက်လာရာ လူဝံနီကြီးက ကတိုးနီများရှိရာသို့ လျှောက်သွားလေသည်။

ထို့နောက် ကတိုးနီသုံးကောင်နှင့် လူဝံနီကြီးတို့မှာ နီမောင်ရှိရာသို့ အတန်ကြာအောင်ကြည့်နေကြပြီးမှ ဟိမဝန္တာ တောင်တန်းများဘက်သို့ ထွက်ခွာသွားကြလေတော့သည်။

" ဩော် - ဒီလူဝံနီကြီးက ကတိုးနီလေးတွေကို နောက်ကလိုက်ပြီး စောင့်ရှောက်နေတာကိုး၊ ဒါကြောင့် ကတိုးနီ တွေနောက် လိုက်ကြတဲ့မုဆိုးတွေတိုင်း ဒီလူဝံကြီးနဲ့တွေ့ပြီး အသေဆိုးနဲ့ သေကြရတာဖြစ်မယ် . . .၊

အင်း - ငါချစ်တဲ့ ကတိုးနီကလေးတွေတော့ ဟိမဝန္တာ ဘက် ပြန်သွားကြပြီ၊

သွားကြပေဦးတော့ ကတိုးနီလေးတွေရယ် ၊ ငါမင်းတို့ကို နှုတ်ဆက်လိုက်ပါတယ် "

ခြိက်စာပေ



အခန်း (၁၈)

" မင်းပြောပြတဲ့ အကြောင်းတွေကတော့ စိတ်ကူးယဉ် သဲထိတ်ရင်ဖို ဇာတ်လမ်းတွေထက်တောင် ဆန်းကြယ်နေပါ သေးသလား နီမောင်ရယ် "

ရှည်လျားစွာ ပြောပြနေသော နီမောင့်ထံမှ အကြောင်းအရာ များ အဆုံးဝယ် ဝင်ရောက်မှတ်ချက်ချသူမှာ ကိုသိန်းထွန်း ဖြစ်တော့သည်။

အခြားနားထောင်သူများကလည်း ယခုပင် သက်ပြင်း ချနိုင်ပြီး မှတ်ချက်အမျိုးမျိုး ပေးကြသည်။

" နီမောင်ပြောပြသလိုဆို ဒီကတိုးကောင်တွေဟာ

မြိုင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



တောပိုင်တောင်ပိုင်တွေရဲ့ အကောင်တွေဖြစ်မယ်၊ ဒါကြောင့် လူနဲ့ယဉ်ပါးပြီး အစောင့်အရှောက်နဲ့နေတာ ဖြစ်နိုင်တယ်"

" မဟုတ်ပါဘူးကွာ ၊ လူဖြစ်ဖြစ် ၊ တိရစ္ဆာန်ဖြစ်ဖြစ် တစ်ဦးနဲ့တစ်ဦး မေတ္တာ တုံ့ပြန်လေ့ရှိတယ်၊ လူပ်ကြီး နီမောင့်ကို အန္တရာယ်မပေးတာ သူ့မေတ္တာကြောင့်ဆိုတာ မယုံလို့မရဘူး"

" ဒီလိုအဖြစ်မျိုးကတော့ အတော့်ကို အံ့ဩစရာကောင်းလှတယ်၊ ပင်လယ်မှာ ပင်လယ်ဖျံနီတွေ့ရင် အန္တရာယ်တွေ့တယ်လို့ ယူဆကြတယ် ၊ တောင်ပေါ်မှာ ကတိုးနီတွေ့တဲ့ နီမောင်ကတော့ တစ်ခါတည်း ချမ်းသာတာပဲ ဟေ့ "

" အဲဒါ သူ့စေတနာ သူပြန်အကျိုးပေးတာပေါ့ဗျ"

တစ်ယောက်တစ်မျိုး မှတ်ချက်ပေးနေရာ ဆူညံနေတော့သည်။

" နီမောင် မင်း ခန်းတောက်မြစ်တွေရှိတဲ့ နေရာကို အသေအချာ မှတ်လာခဲ့တယ်မဟုတ်လား "

" ဟုတ်ကဲ့ မှတ်ခဲ့ပါတယ် "

မြိတ်စာပေ



" လောလောဆယ်တော့ မင်းက ခန်းတောက်မြစ်တွေရှိတဲ့ နေရာကို သိတဲ့သူဆိုတော့ မင်းပိုင်တာပေါ့ကွာ၊ ဒါပေမယ့် တကယ်တမ်းကျတော့ ဒါတွေဟာ နိုင်ငံတော်ကပိုင်တဲ့ သယံဇာတပစ္စည်းတွေပေါ့ကွာ

မင်းသဘော ဘယ်လိုရှိသလဲ ၊ ဘာလုပ်မယ်စိတ်ကူးသလဲ"

ကိုသိန်းထွန်းကမေးသည်။

" ကျွန်တော်အနေကတော့ တခြားဘာမှစဉ်းစားတာမရှိသေးပါဘူး၊ ဒါပေမယ့် ကျွန်တော်တစ်ယောက်ထဲအတွက် ကိုယ်ကျိုးတော့ မသုံးပါဘူး "

" ကောင်းတာပေါ့လေ - မင်းအစီအစဉ်ရှိသလို တို့ကို ပြောပြပေါ့ ဟုတ်လား "

ထိုသို့ပြောနေစဉ် ဦးခွန်ဘရင် အလောတကြီး ရောက်လာတော့သည်။

" နီမောင် ၊ နီမောင် "

မြိတ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



" ဘာလဲ ဦးလေး၊ ကျွန်တော်ဒီမှာဗျာ "

နီမောင် နေရာမှ ထရပ်လိုက်သည်။

" ဒီမှာ ဒီမှာ "

ဦးခွန်ဘရင်က လက်ထဲမှ စာရွက်ပုံ နီမောင့်လက်ထဲ လှမ်းပေးလိုက်သည်။

နီမောင်ယူပြီး ဖတ်ကြည့်လိုက်သည်။

" နီမောင် "

မင်းဆီမှာရှိတဲ့ ခန်းတောက်မြစ်သိုက် မြေပုံနဲ့ နန်းကေဇာကို လာလဲပါ၊ မနက်ဖြန်နေ့လည်ဘက် နမ့်ပန်လုံ ချောင်းနံဘေးက ကျောက်စိမ်းကွေ့ကို တစ်ယောက်ထဲ လာခဲ့ပါ။

' နှင်းလူ '

စာကဒါပဲဖြစ်သည်။

" ဒါ ဘယ်သူဖြစ်မလဲဦးလေး "

" ငါတော့ ဝမ်ရှိန်တို့အဖွဲ့လို့ထင်တာပဲ၊ သူတို့လဲ ပြန်သွားရော - သမီးလဲ ပျောက်သွားပြီး၊ ဒီစာရောက်လာ





တော့တာပဲ "

" တောက် . . . လူယုတ်မာတွေ " ကြားရသူအပေါင်း ဒေါသစိတ်ဖြင့် စိတ်မကောင်းဖြစ်ကြရသည်။

" ငါ့သမီးလေးကို ကယ်ပါအုံး နီမောင်ရယ်၊ ကယ်ပါအုံး သူ့ခမျာ လူယုတ်မာတွေ လက်ထဲမှာ ဒုက္ခရောက်နေရှာပြီ ထင်ပါရဲ့ "

" စိတ်မပူပါနဲ့ ဦးလေး၊ သူတို့လိုချင်တာမရမချင်း နန်းကေဇာကို ဘာမှ လုပ်ဝံ့ကြမှာမဟုတ်ပါဘူး၊ ကေဇာကို ကျွန်တော် ရအောင်ကယ်ပေးပါ့မယ် "

" ကျေးဇူးတင်ပါတယ်ကွယ် "

ထို့နောက်အားလုံးကို နှုတ်ဆက်ပြီး နီမောင်ထွက်လာခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၉)

နမ့်ပန်လုံချောင်းတဝိုက် စမ်းရေစီးသံမှလွဲ၍ တိတ်ဆိတ်ခြင်းက မင်းမူနေတော့သည်။ ကျောက်တုံးများပေါ်မှ နင်းလျှောက်လာသော နီမောင်မှာ ခြေသံကို တတ်နိုင်သမျှ လုံအောင်ထားပြီး လျှောက်လာသည်။ သူ့အနေဖြင့် သည်နေရာတဝိုက်တွင် နှစ်ပေါင်းများစွာ ကျင်လည်ခဲ့သူမို့ ဘယ်လမ်းက သွားလျှင် ဘယ်နေရာသို့ ရောက်မည်ကို သိနေသည်။

နီမောင်ကျောက်စိမ်းချောင်းကွေ့သို့ လမ်းရိုးမှမသွားဘဲ လျှို့ဝှက်ဖြတ်လမ်းဘက်မှ လာခဲ့သည်။မလှမ်းမကမ်းသို့ရောက်သောအခါ အမြင့်ဆုံးသစ်ပင်ပေါ်တက်၍အခြေအနေကြည့်သည်။ အပေါ်စီးမှကြည့်ရသဖြင့် ဝမ်ရှိန်ခိုအောင်းနေသော





နေရာကို တွေ့ရသည်။ နီမောင်သဘောကျစွာပြုံး၍ သစ်ပင်ပေါ်မှဆင်းသည်။ ထို့နောက် မြားဘူးမှ မြားတံများကိုထုတ်၍ စစ်ဆေးသည်။ ထိုသေအဆိပ်လူးမြားတံများကို ဖယ်ပြီး တစ်ဆွေ့ခုန်အဆိပ်လူးမြားတံသုံးချောင်းကို ထုတ်ယူသည်။

သည်တစ်ကြိမ်တော့ သူ့မှာ ဒူးလေးယူမလာဘဲ လင်းလေးယူလာသည်။

တောတွင်း လျှို့ဝှက်ပစ်ရသောအခါ ကြိုးခတ်သံမြင်းသောဒူးလေးထက် ကြိုးခတ်သံသာသော လင်းလေးက ပိုကောင်းသည်။ ဒူးလေးက မြားအားပိုမြင်းသော်လည်း တစ်ချက်ချင်းပစ်လို့ရပြီး လင်းလေးက လျှပ်တပြက်ဆက်ကာဆက်ကာ ပစ်၍ ကောင်းသည်။

စောစောက သစ်ပင်ပေါ်မှ နေရာမှတ်ခဲ့သော နီမောင်သည် လေးနှင့်မြားကို အသင့်ကိုင်ကာ ခြေသံလုံလုံဖြင့် ထိုနေရာသို့ နောက်ဖက်မှသွားသည်။ ချောင်းတစ်ဖက်တစ်ချက်တွင် နီမောင်အလာကို ပုန်းကွယ်စောင့်နေသူနှစ်ယောက်ကို မြင်ရ



www.burmeseclassic.com

www.burmeseclassic.com



သည်။

သူတို့က ချောင်းဝဖက်မှ လာလမ်းဆီသို့ ကြည့်နေကြ သည်။ နီမောင် မိမိဖက်ကမ်းမှ လူဆီသို့ မြားတစ်စင်းပစ်လွှတ် လိုက်သည်။

" ရှိ "

" ဒုတ် "

တော့တွင် စိုက်ဝင်သွားသောမြားတံ တုန်ခါမှုမဆုံးခင် ထိုသူ လဲကျသွားသည်။ နီမောင်သစ်ပင်ကွယ်မှ တစ်ဖက်ကမ်းမှ လူဆီသို့ လှမ်းကြည့်လိုက်တော့ မိမိလူတစ်ယောက်လဲကျသွား တာကို မြင်လိုက်ဟန်မတူပဲ ချောင်းဝဘက်ဆီသို့ လှမ်းကြည့် နေသည်။ ထိုအချိန်တွင် ချောင်းဘက်လမ်းအတိုင်း ဦးထုတ်ကို ခတ်စိုက်စိုက်ဆောင်းထားသော လူတစ်ယောက်လျှောက် လာသည်။

မလှမ်းမကမ်းသို့ ရောက်သောအခါ သစ်ပင်ကွယ်မှ လူက သေနတ်ဖြင့် ထွက်ချိန်သည်။





" ဟော့ကောင် အဲဒီနေရာမှာ ရပ်လိုက် "

မြက်ဦးထုပ်ဆောင်းလူက နေရာတွင် ရပ်[illegible]သည်

" မင်းဘယ်သူလဲ နီမောင်လား [illegible]

ထွက်ခဲ့လိုက် "

" ဟာ - မင်း နီမောင်လည်း [illegible] "

ဒါပဲပြောပြီး သေနတ်မောင်းကို [illegible]

နီမောင်ထံမှ မြားတစ်စင်းထွက်သွားပြီး [illegible]

" အိ " ကနဲသာအော်နိုင်ပြီး [illegible]သည်။

ထိုအချိန်တွင် တောစပ်တောင်[illegible]

နှစ်ချက် ထွက်ပေါ်လာသည်နှင့် မြက်ဦး[illegible] ချောင်းထဲ တိုးဆင်းသွားတော့သည်။

" ဟေ့ နီမောင် နန်းလေးလာ [illegible]

မင်းထွက်လာခဲ့စမ်းကွ "

ထိုသို့အော်ပြီး နန်းလေးလာ[illegible]သေနတ် ဖြင့် ချိန်ကာ ဝမ်းရှိန်ထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



" ဟော့ကောင်နီမောင် မင်း ထွက်မလာရင် နန်းကေဇာကို ငါ ပစ်သတ်လိုက်မှာနော် "

နန်းကေဇာခေါင်းကို သေနတ်ဖြင့်ချိန်လိုက်သည်။

" ဟော့ကောင်ဝမ်ရှိန် . . မင်း ကေဇာ့ကို လက်ဖျားနဲ့တောင် မထိနဲ့၊ မင်းလိုချင်တဲ့ပစ္စည်း ငါ့ဆီမှာပါလာတယ် "

နီမောင်က လေးနဲ့မြားကိုအသင့်ချထားခဲ့ပြီး တောစပ်မှ ထွက်လိုက်သည်။

" ဒီလိုမှပေါ့ကွ . . ငါလိုချင်တဲ့ ပစ္စည်းပါလား "

" ပါတယ် . . "

" အေး . . ဒီလိုမှပေါ့ကွ၊ ဉာဏ်မများနဲ့နော် ဉာဏ်များတာနဲ့ ငါ နန်းကေဇာကို ပစ်သတ်လိုက်မှာ . . "

" ဒို့က လူဆင်းရဲပေမယ့် စိတ်ထားမဆင်းရဲဘူးဝမ်ရှိန် မင်း လိုချင်တဲ့ပစ္စည်း ဒီမှာ . . "

နီမောင်က အိတ်ထဲမှမြေပုံစာရွက်ကို ထုတ်ပြသည်။

" ဟုတ်ပြီ အဲဒီစာရွက်ကို အောက်ကိုချ၊ မင်း ဟိုဘက်





လှည့်ပြီး တောစပ်မှာရပ်နေလိုက် "

နီမောင်ကပြောသည့်အတိုင်း စာရွက်ကို အသာချ၍ တစ်ဖက်သို့လှည့်လိုက်စဉ် ဝမ်ရှိန်ကသေနတ်ပြောင်းကို နီမောင့်ဘက်သို့ လှည့်လိုက်သည်။

" နီမောင် . . "

နန်းကေဇာ့အော်၍ သတိပေးလိုက်သည်။

ထိုအချိန်တွင် နမ့်ပန်လုံချောင်းတွင်းမှ " ဝုန်း " ကနဲ မည်းမည်းသဏ္ဌာန်ကြီး ခုန်တက်လာပြီး လက်ထဲမှ " လက် " ကနဲ အရာတစ်ခုထွက်ကာ ဝမ်ရှိန်ကို စိုက်ဝင်သွားတော့သည်။ နီမောင်ကလည်း အခွင့်အရေးကို လက်လွတ်မခံတော့ပဲ စောစောက အသင့်ချထားသော လေးနှင့်မြားကိုကောက်ကာ ဝမ်ရှိန်ကို ပစ်ချလိုက်သည်။

" အား "

နဖူးတည့်တည့်သို့ စိုက်ဝင်လာသော အဆိပ်လူးမြားချက်ကြောင့် ဝမ်ရှိန်နောက်လှန်၍ လဲကျသွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သည့်တော့မှ နီမောင် နန်းကေဇာထံ ပြေးသွားသည်။ အနီးရောက်တော့ နန်းကေဇာ၏ ထိတ်လန့်တုန်လှုပ်စွာဖြင့် သူ့ရင်ခွင်ထဲ ပြေးဝင်လာသည်။

“ စိုးရိမ်လိုက်ရတာကေဇာရယ်၊ ဘာဖြစ်သွားသေးလဲဟင် ”

“ ဟင့်အင်း ငါဘာမှမဖြစ်ဘူး။ ကြောက်တာပဲရှိတယ်၊ သူ - သူက ဘယ်သူလဲဟင် ”

ရေထဲမှ ရုပ်ဖျက်ထားသူက ဦးထုတ်ကို ဆွဲချွတ်လိုက်တော့ ဦးဇော်မိုင်း ၊

“ ခင်ဗျား ခေါင်းချက်ကတော့ ကွက်တိပဲ ဦးဇော်မိုင်း ”

“ မင်း ပြောချက်ကလဲ ကွက်တိပါပဲကွာ၊ ကိုင်း ဒို့ရွာသားတွေ စိတ်ပူနေရော့မယ်၊ ငါရွာကိုသွားပြီး အကျိုးကြောင်း ပြောရှင့်မယ် ...

မင်းတို့နှစ်ယောက်ကသာ ဖြေးဖြေးလိုက်လာခဲ့ကြပေါ့

ကဲ .. သွားကြမယ်ဟေ့ ”





ဦးဇော်မိုင်းက သူတို့ကို နှုတ်ဆက်ပြီး ထွက်သွားတော့သည်။ နီမောင်နှင့် နန်းကေဇာတို့နှစ်ယောက်လည်း နမ့်ဟန်လုံ ချောင်းနံဘေးမှ ထိုင်နေကျနေရာလေးဆီသို့လာကာ ထိုနေရာတွင် အမောဖြေကြသည်။

“ ကေဇာ ... ”

“ ဟင် ... ”

“ တော်တော်ကြောက်သွားလားဟင် ”

“ ငါ သေမှာလောက်တော့ မကြောက်ပါဘူး။ နင်နဲ့ မပေါင်းလိုက်ရမှာကိုအရပဲ ကြောက်တာ ...

ပီတိစိတ်ကြောင့် အမောပြေသွားသည်။

“ ဒို့ဘဝရဲ့ရှေ့မှာ ဘယ်လိုအတားအဆီး အနှောက်အယှက်တွေမှ မရှိတော့ဘူး။ သာယာအေးချမ်းသွားပြီ၊ ရှေ့မှာ [illegible] ပဲ ကျန်တော့တယ် ကေဇာမပျော်ဘူးလားဟင် ”

“ ပျော်တာပေါ့ - လောကမှာ ကိုယ့်ချစ်သူနဲ့ ထာဝရ



www.burmeseclassic.com

www.burmeseclassic.com



လက်တွဲရတဲ့ မိန်းကလေးဘဝလောက် ပျော်စရာကောင်းတာ ဘာမှမရှိဘူး၊

ငါ့ကို တစ်သက်လုံး ခွဲမသွားရဘူးနော် နီမောင် "

နီမောင်က စိုးရိမ်တကြီးသော ချစ်သူကိုယ်လေးကို ကြင်နာစွာ ထွေးပွေ့ရင်း . . . "

" နင့်ကိုငါ ဘယ်တော့မှ ခွဲမသွားပါဘူးကေဇာ၊ ဟိုမှာ လှမ်းကြည့်လိုက်စမ်းကေဇာ "

နီမောင်က သစ်ရိပ်များကို ကျော်ပြီး မြင်နေရသော ခါကာဘိုရာဇီတောင်တန်းကြီးရှိရာသို့ လက်ညှိုးထိုးပြသည်။

" အခုချိန်ဆိုရင် တောင်ပေါ်မှာ နှင်းတွေပျောက်ပြီး ပန်းရောင်စုံတွေ ဖူးပွင့်နေလိုက်ကြတာ ရောင်စုံပန်းတောင်တန်းကြီးတွေလို သိပ်လှတာပဲ သိလား ၊

ခါကာဘိုရာဇီ တောင်တန်းကြီးတွေပေါ်မှာ နှင်းတွေရှိနေသရွေ့၊ ရောင်စုံပန်းတွေ အမြဲတမ်းပွင့်နေသရွေ့ ငါနင့်ကို ဘယ်တော့မှ မမုန်းပါဘူးလို့ ချစ်လွန်းလို့ပဲ ကတိပေးပါတယ် ချစ်သူရယ် . . . "

နီမောင့်စကားကြောင့် နန်းကေဇာက ကျေနပ်စွာ ပြုံးလိုက်ပြီး ချစ်သူရင်ခွင်ထဲသို့ တိုးဝင်လိုက်သည်။

ယခုတော့လည်း နမ့်ပန်လုံချောင်းတစ်ဝိုက်မှာ သစ်ရွက်ကြွေသံ၊ နှင်းစက်ကျသံ၊ စမ်းရေစီးသံ၊ ချစ်သူတို့၏ စကားသံများဖြင့် လှပစွာ ရှိနေတော့ပေသည်။

၄. ၆. ၂၀၀၁







www.burmeseclassic.com